# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း (၄) ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-6-2023)၊ အတွဲ (၃၂)၊ အမှတ် (၀၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများနှင့်ရေလုပ်ငန်းများပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**စစ်တွေ ဇွန် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

### ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၁၆

### ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို အထူးပြပွဲခင်းကျင်းပြသရန်အတွက် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ခေတ္တပိတ်ထားမည်

စာမျက်နှာ - ၁၈

### သဘာဝဓာတ်ငွေ့ထုတ်လုပ်ရာတွင် တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်မှု အလားအလာ

ဆောင်းပါး၊ စာမျက်နှာ - ၁၀



### ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြစ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

စာမျက်နှာ - ၁၈




ရတနာပုံ
၂၀၂၄ ၁၁၈၆ ဇွန် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# မိုးရာသီနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ရာသီသုံးမျိုးရှိသည့်အနက် မိုးရာသီသည် ဇွန်လမှ အောက်တိုဘာလထိဖြစ်သည်။ မိုးရာသီရောက်လျှင် လူတိုင်းသတိထားရမည်မှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် အသက်ဆုံးရှုံးနိုင်သောကြောင့် မဖြစ်ပွားစေရန် ကျန်းမာရေးအသိဖြင့် သတိပြုနေထိုင်ရန်အရေးကြီးသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မိုးရာသီတွင် ကူးစက်ပြန့်ပွားလွယ်သောရောဂါတစ်ခုဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်နှင့် လမ်းများပေါ်ရှိ ရေဆိုးရေညစ်များနှင့်အတူ မိုးရေလျှံတက်လာသည်။ မကြာမီ ရေပြန်ကျသွားသောအခါ အညစ်အကြေးနှင့် အနည်အနှစ်များ တင်ကျန်ရစ်ပြီး ဝမ်းရောဂါဖြစ်စေသော ရောဂါပိုးမွှားများပေါက်ဖွားမှုများပြားလာသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရသည်။ ထို့ပြင် မိုးရွာ၍ ရေကြီးရေလျှံစဉ် ထိုညစ်ညမ်းသောရေထဲ ဖြတ်လျှောက်သွားပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းလျှင်လည်း ရောဂါပိုးကူးစက်ခံရမှုပို၍ဖြစ်ပွားနိုင်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်းမှကာကွယ်ရန် မသန့်ရှင်းသောအစားအစာများ၊ မသန့်ရှင်းသောသောက်သုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များနှင့် သန့်ရှင်းမှုအားနည်းသည့် လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြုရှောင်ရှားရမည်ဖြစ်သည်။ သို့မဟုတ်ပါက နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်းနှင့် အစာအဆိပ်သင့်ခြင်းအတွက်ပါ စိုးရိမ်ရသည်။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးငယ်များ၊ ကျောင်းနေအရွယ်ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ်စိုးရိမ်ရသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် ဝမ်းရောဂါဖြစ်ပွားသူဦးရေ သုံးသန်းမှ ငါးသန်းထိရှိပြီး ၎င်းတို့အနက် ဦးရေတစ်သိန်းသည် ဝမ်းရောဂါကြောင့် သေဆုံးရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ကြေညာခဲ့သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပြီး နာရီပိုင်းအတွင်း ဆန်ဆေးရည်အရောင်ကဲ့သို့ ဖြူကျဲကျဲဝမ်းအရည်များ အဆက်မပြတ်သွားခြင်း သို့မဟုတ် တစ်နေ့လျှင် သုံးကြိမ်နှင့်အထက် ဝမ်းအရည်ဝမ်းသက်ခြင်း၊ ဝမ်းတွင်းသွေးပါခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မှိန်းပျော့ခွေခြင်း၊ အရည်ကောင်းစွာမသောက်နိုင်ခြင်း သို့မဟုတ် ခံတွင်းခြောက်၍ ရေအငမ်းမရသောက်ပြီးနောက် ထိုရေအတိုင်းဝမ်းသွားခြင်း သို့မဟုတ် ပြန်အန်ထွက်ခြင်း စသည့်လက္ခဏာများပြနေပါက ဓာတ်ဆားရည်များများသောက်ပြီး နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ အချိန်မဆိုင်းဘဲ သွားရောက်ပြသသင့်သည်။ အခြားသူများသို့ ဝမ်းရောဂါမကူးစက်စေရန် ဝမ်းသွားပြီးတိုင်း သန့်စင်ခန်းကို ရေများများလောင်းပေးရမည်ဖြစ်သည်။ ဝမ်းပျက်ဝမ်းလျှောခြင်းသည် ထိရောက်စွာကုသမှုမခံယူပါက ခန္ဓာကိုယ်အတွင်း ရေဓာတ်ဆုံးရှုံး၍ သွေးပေါင်ကျကာ သတိလစ်ပြီး နာရီပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်သောကြောင့် လုံးဝမပေါ့ဆသင့်ပေ။

သို့ဖြစ်ရာ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည်ဖြစ်သည်။ ထို့ကြောင့် ယခုလို မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းဖြင့် ကျန်းမာသောလူမှုဘဝများ ပိုင်ဆိုင်နိုင်ပါစေကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးဈေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်များ အရောင်းအဝယ်ကောင်းလာ

မန္တလေး ဇွန် ၂၀

မန္တလေးဈေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်များ အရောင်းအဝယ်ကောင်းလာကြောင်း အဆိုပါဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍သိရသည်။

မန္တလေးမြို့ရှိ ဈေးကြီးများတွင် ဈေးချိုတော်မှာ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ ချွေထည်ပစ္စည်းများအပါအဝင် အခြားပစ္စည်းအမျိုးမျိုးကို လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ ၎င်းဈေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည် စသည့်ကုန်ပစ္စည်းများ ဇွန်လဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။

"အခု ဈေးချိုတော်မှာ စားသောက်ကုန်ပစ္စည်းတွေနဲ့ လူသုံးကုန်ပစ္စည်းတွေ ပြန်ပြီးတော့ အရောင်းအဝယ် ဖြစ်လာတယ်။ လတ်တလောကတော့ အဝတ်အထည်လုပ်ငန်းတွေ အရောင်းအဝယ် အကောင်းဆုံးအနေအထားမှာရှိနေပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

မန္တလေး ဈေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ အထည်အလိပ်နှင့် တိုင်းရင်းဆေးဝါး၊ ရွှေထည်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

"အထက်မြန်မာပြည်တစ်ခုလုံးကို အဝတ်အထည်၊ စားသောက်ကုန်နဲ့ အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးဖြန့်ချိပေးနေတာက ဈေးချိုတော်ပဲ ဖြစ်ပါတယ်။ အခုဈေးချိုတော်မှာ အဝတ်အထည်က ရောင်းအားအကောင်းဆုံးဖြစ်နေပြီး လူသုံးကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံး ကုန်စည်ပဲဖြစ်ပါတယ်"ဟု ဦးအောင်မြင့်သိန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၀၄)

# သရက်သီးကို တန်ဖိုးမြင့်စားသောက်ကုန် တိုးချဲ့ထုတ်လုပ်ရန်စီစဉ်နေ



မန္တလေး ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်ရန် စီစဉ်လျက်ရှိရာ သရက်သီးကို တန်ဖိုးမြင့်စားသောက်ကုန်များ တိုးချဲ့ထုတ်လုပ်ရောင်းချသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

သရက်သီးကို တန်ဖိုးမြင့်စားသောက်ကုန်များ တိုးချဲ့ထုတ်လုပ်ပြီးပါက မန္တလေးမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့မည့်အစီအစဉ်များကိုပါ ထပ်မံလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းမှ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်သူများ၊ နိုင်ငံတကာမှ စားသောက်ကုန်နှင့် နည်းပညာကျွမ်းကျင်သူများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ယခုနှစ် ဩဂုတ်လအတွင်း ထုတ်လုပ်မှုနည်းပညာများကို သင်ကြားပေးပြီး ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"သရက်သီးကို စားသောက်ကုန်အဖြစ် ပုံစံအမျိုးမျိုးထုတ်လုပ်လို့ရပါတယ်။ အခုလက်ရှိမှာတော့ အကြမ်းသီးတွေကို သရက်သီးကုလားတည်၊ သရက်ပြား၊ သရက်ခြောက်၊ သရက်အနှစ်တွေထုတ်လုပ်နေပါတယ်။ ဒါ့ပြင် သရက်အနှစ်ကနေ ရေခဲမုန့်၊ ရေခဲချောင်း၊ ဖျော်ရည်၊ သရက်ယိုတွေလဲ တိုးချဲ့ထုတ်လုပ်ဖို့ စီစဉ်နေပါတယ်။ သရက်သီးကို ပြည်တွင်းကစားသုံးသူတွေကလဲ နှစ်သက်ကြသလို နိုင်ငံတကာက စားသုံးသူတွေကလဲ သဘောကျကြတာကြောင့် သရက်သီးကို တန်ဖိုးမြင့်စားသောက်ကုန်တွေအဖြစ်ထုတ်လုပ်ဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ ဒါကြောင့် သရက်သီးကို တန်ဖိုးမြင့်စားသောက်ကုန်တွေ တိုးချဲ့ထုတ်လုပ်ပြီး ရောင်းချသွားဖို့ရှိပါတယ်"ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

အဆိုပါ တန်ဖိုးမြင့်စားသောက်ကုန်များပြုလုပ်ရာတွင် မန္တလေးတိုင်းဒေသကြီးမှ အဓိကထွက်ရှိသည့် သရက်အပြင် ဆီးသီး၊ သခွား၊ သံပရာ၊ စပျစ် စသည့်သစ်သီးမျိုးစုံကိုလည်း ကဏ္ဍအလိုက် လုပ်ငန်းရှင်များက တန်ဖိုးမြင့်စားသောက်ကုန်အဖြစ် ဆက်လက်လုပ်ဆောင်သွားရန် အစီအစဉ်များရှိကြောင်း သိရသည်။

(၁၀၅)

# ပန်းမော်-မန္တလေး-စဥ့်ကူ-ချောက် ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသားစိုက်ထူပြသခြင်းလုပ်ငန်း ယာယီရပ်နားမည်

မန္တလေး ဇွန် ၂၀

ပန်းမော်-မန္တလေး-စဥ့်ကူ-ချောက် ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသားစိုက်ထူပြသခြင်းလုပ်ငန်းများကို ဇူလိုင်လမှ အောက်တိုဘာလထိ ယာယီရပ်နားထားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ- ၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရေဝတီမြစ်အတွင်း ရေများချိန်ဖြစ်သောကြောင့် ရေယာဉ်များသွားလာရာတွင် လွယ်ကူစေရန် လစဉ်ပုံမှန်ဆောင်ရွက်ပေးနေသည့် ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားနှင့် ကမ်းပေါ်ပြရေလမ်းညွှန် အမှတ်အသားများ စိုက်ထူပြသခြင်း လုပ်ငန်းများကို လာမည့်ဇူလိုင်လမှ အောက်တိုဘာလထိ ယာယီရပ်နားထားမည်ဖြစ်ကြောင်း၊ ပြန်လည်စိုက်ထူပြသခြင်းလုပ်ငန်းများကို ရေဝတီမြစ်ရေနည်းချိန်ကာလဖြစ်သည့် လာမည့်နိုဝင်ဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကာလမှာ ရာသီဥတုပြောင်းလဲမှုကြောင့် လေပြင်းတိုက်ခတ်မှုနဲ့ မိုးမှောင်ကျမှုဖြစ်ပေါ်တဲ့အခါ ရေယာဉ်တွေ အန္တရာယ်မဖြစ်စေဖို့ အထူးသတိပြုခုတ်မောင်းကြဖို့လိုပါတယ်။ အခုက ရေများချိန်ကာလဆိုပေမဲ့ ရေယာဉ်တွေအနေနဲ့ ရေပေါ်ပြ၊ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားတွေကို ဂရုတစိုက်နဲ့ သတိထားသွားလာဖို့လိုပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မေလက ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၀၀ ကိုလည်း စိုက်ထူပြသပေးထားကြောင်း သိရသည်။

"ဒီကာလမှာ မြစ်ကူးတံတားကြီးတွေရဲ့ ရေလယ်တိုင်အုတ်ခုံတွေ ရေမြုပ်နေပါတယ်။ ရေလယ်တိုင်နှစ်ခုကြားမှာ ရေစီးသန်တာကြောင့် ရေယာဉ်တွေအနေနဲ့ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းသွားလာတဲ့အခါ စက်နဲ့တက်မစနစ်တွေကို ကြိုတင်စစ်ဆေးပြီး လုံလောက်တဲ့အကွာအဝေးကနေ ချဉ်းကပ်လမ်းကြောင်းမှန်ရယူပြီး ဖြတ်သန်းခုတ်မောင်းကြဖို့ လိုပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

(၁၀၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့ -၀၃၃-၇၂၇၈၁၀၆-၅၇၈၈၉၁၃၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၆-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## လှိုင်းဘွဲ့မြို့နယ် ကိုညွှဲသည်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇွန် ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုညွှဲသည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကိုညွှဲသည်ကျေးရွာ၌ ကျေးရွာအဝင် ကွန်ကရစ်လမ်းမှာ အရှည်ပေ ၈၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၇ ဒသမ ၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၇၈ သန်း စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၂၈သန်း အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဘိုဘို**

## ချောက်မြို့နယ် ညောင်ဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ညောင်ဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ချောက်မြို့နယ် ညောင်ဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်၍ငွေကျပ်သိန်း ၃၀၀ မတည်ပေးခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**အိမိုးမိုး**

## မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၆၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၆၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၆၃ ဧကကို ယခုနှစ် ဇွန်လ စတုတ္ထပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးစရိတ်၊ လိုအပ်သည့်သွင်းအားစုများကိုလည်း ပံ့ပိုးကူညီပေးနေကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခရိုင်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံ ၄၇၆၃ ဧကလျာထားပြီး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေကို မြောင်းမြမြို့နယ်မှာ အများဆုံးစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မိုးသီးနှံတွေ အားလုံးအခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့အတွက် ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။ စိုက်မဲ့သီးနှံတွေကို လျာထားချက်ပြည့်မီစေဖို့နဲ့ ပျက်စီးထိခိုက်တာမရှိစေဖို့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာပေး၊ အသိပညာပေးလုပ်ငန်းတွေကိုလဲ မိုးသီးနှံမစိုက်မီ မေလနဲ့ မေလကစတင်ပြီး မြေပြင်ထိဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ဆက်လက်ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၆၃ ဧကကို မြောင်းမြမြို့နယ်တွင် ဧက ၂၆၀၀၊ အိမ်မဲမြို့နယ်တွင် ၁၁၀၈ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၁၀၅၅ ဧက စုစုပေါင်း စားဖိုဆောင်သီးနှံ ၄၇၆၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးမည့် စားဖိုဆောင်သီးနှံများတွင် မုန်လာ၊ နံနံပင်၊ ငရုတ်၊ ချဉ်ပေါင်၊ ကြက်ဟင်းခါး၊ တိုင်ထောင်ပဲ၊ သခွား၊ ခရမ်းသီး စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက သိရသည်။

**ကျော်ကျော်လင်း**

## အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေပေါက်ပင်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ် ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များကို ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး စုစုပေါင်း အသင်းသား ၁၂၈ ဦးအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၈၃ သိန်းကို ကျေးရွာမြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## ရမည်းသင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၂၄ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၁၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဝါသီးနှံကို မိုး၊ မိုးကြို၊ မိုးနှောင်းဟူ၍ နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါဧက ၁၀၀၀ ကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ချည်မျှင်ရှည်ဝါက ကိုယ့်ရေမြေဒေသနဲ့ကိုက်ညီတဲ့ သီးနှံလဲဖြစ်တယ်။ တောင်သူတွေလဲ နှစ်စဉ်စိုက်ပျိုးကြတယ်။ ဒီနှစ်မိုးရာသီမှာတော့ ဝါစိုက်ဧက ၁၀၀၀ စိုက်ပျိုးသွားမှာပါ။ လက်ရှိအချိန်ထိ ဝါ ၁၂၄ ဧက စိုက်ပျိုးပြီးပါပြီ။ ဝါက ပြည်တွင်းလိုအပ်ချက်ရှိပြီး ဝယ်ယူအသုံးပြုမှုရှိတဲ့ သီးနှံဖြစ်ပါတယ်။ ဝယ်ယူမှုရှိတာကြောင့် တောင်သူတွေအတွက်လဲ တွက်ခြေကိုက်ပါတယ်။ အဓိကကတော့ တောင်သူတွေ အခြားသီးနှံတွေ ရောင်းဝယ်တဲ့အခါမှာ ဈေးကွက်အခက်အခဲရှိနေပါတယ်။ ဝါသီးနှံက ဈေးကွက်အခက်အခဲမရှိပါဘူး။ ဝါသီးနှံစိုက်ပျိုးကြတာ အဆင်ပြေကြပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် စိုက်ပျိုးကြသည့် ဝါမျိုးများအနေဖြင့် ရွှေတောင် ၁၀ မျိုး၊ ရွှေတောင် ၈ မျိုးနှင့် ငွေချည် ၆ ဝါမျိုးတို့ကို အဓိကစိုက်ပျိုးကြပြီး ပုဂ္ဂလိကကုမ္ပဏီများမှ တင်သွင်းသည့် မှတ်ပုံတင်ထားသော ဝါမျိုးများကိုလည်း စိုက်ပျိုးကြောင်း၊ တောင်သူအများဆုံးစိုက်ပျိုးသည့် မျိုးမှာ ရွှေတောင် ၁၀ မျိုးဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)



# ဆဋ္ဌသင်္ဂါယနာနှင့် မဟာပါသာဏလိုဏ်ဂူတော်

မောင်သာ(ရှေးဟောင်းသုတေသန)

ရန်ကုန်မြို့ရှိ မြို့ပြအမွေအနှစ်များတွင် သက်တမ်းနှစ် ၁၀၀ မကျော်သေးသော်လည်း ၁၉၅၄ ခုနှစ် မေ ၁၂ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် မဟာပါသာဏလိုဏ်ဂူတော်သည် အလွန်ထင်ရှားသည့် သမိုင်းဝင်သာသနိကအဆောက်အအုံတစ်ခုဖြစ်သည်။

မဟာပါသာဏလိုဏ်ဂူသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးလမ်းမပေါ်တွင် ကမ္ဘာအေးစေတီတော်၏ မြောက်ဘက်၌တည်ရှိသည်။ သင်္ဂါယနာတင်ရန် လိုဏ်ဂူတော်ကို တည်ဆောက်ပြီးနောက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကို လိုဏ်ဂူတော်အတွင်း၌ ၁၉၅၄ ခုနှစ် မေ ၁၇ ရက်မှ ၁၉၅၆ ခုနှစ် မေ ၁၉ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည်။

**သင်္ဂါယနာတင်ပွဲများ**

ပါဠိဝေါဟာရတွင် သင်္ဂါယနာသည် စုပေါင်းရွတ်ဆိုခြင်းဟု အဓိပ္ပာယ်ရှိသည်။ သင်္ဂါယနာတင်ခြင်းသည် မြတ်စွာဘုရား၏ တရားဒေသနာများကို သံဃာအများညှိနှိုင်းစိစစ်ပြီး စုပေါင်းရွတ်ဆိုခြင်းဖြစ်သည်။

ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးနောက် ဘုရားရှင်၏ တရားတော်များ မပျက်စီးမပျောက်ပျက်ရန်နှင့် ဗုဒ္ဓတရားတော်များ သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်ရန် ၎င်းတရားဓမ္မများကိုတတ်ကျွမ်းသော သံဃာတော်များက စုပေါင်းရွတ်ဖတ်မှတ်တမ်းတင် အတည်ပြုကြခြင်းသည် သင်္ဂါယနာတင်ခြင်းဖြစ်ပေသည်။

နှစ်ပေါင်း ၂၅၀၀ ကျော်လွန်ခဲ့ပြီဖြစ်သည့် ဂေါတမဘုရားရှင်သာသနာတွင် သင်္ဂါယနာတင်ခြင်းကို ခြောက်ကြိမ်ပြုလုပ်ခဲ့ရာ နောက်ဆုံးနှစ်ကြိမ်ကို မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည်။

ဂေါတမဘုရားရှင်သည် ခရစ်တော်မပေါ်မီ ၅၈၉ ခုနှစ်တွင် သက်တော် ၃၅ နှစ်၌ပွင့်ထွန်းခဲ့ရာ ထိုအချိန်မှစ၍ ပရိနိဗ္ဗာန်ပြုသည့် သက်တော် ၈၀ ထိ ၄၅ ဝါတိုင် တရားဓမ္မများကိုဟောကြားခဲ့သည်။ ဘုရားရှင်သည် ခရစ်တော်မပေါ်မီ ၅၄၄ ခုနှစ်တွင် ပရိနိဗ္ဗာန်စံဝင်ခဲ့ပြီး ထိုအချိန်မှစ၍ သာသနာနှစ်ကို စတင်ရေတွက်ခဲ့သဖြင့် ယခုအချိန်တွင် သာသနာနှစ် ၂၅၆၇ ခုနှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးသုံးလအကြာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်တွင် ရာဇဂြိုဟ်ပြည် ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူ၌ ရှင်မဟာကဿပ၊ ရှင်ဥပါလိနှင့် ရှင်အာနန္ဒာတို့ဦးစီးသည့် ရဟန္တာ ၅၀၀ က ပထမသင်္ဂါယနာကို ခုနစ်လကြာ တင်ခဲ့သည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး နှစ် ၁၀၀ အကြာ ခရစ်တော်မပေါ်မီ ၄၄၄ ခုနှစ်တွင် ဝေသာလီပြည် ဝါဠုကာရာမကျောင်းတိုက်၌ ရှင်ယသမထေရ်၊ ရှင်ရေဝတနှင့် ရှင်သဗ္ဗကာမိတို့ဦးစီးသည့် ရဟန္တာ ၇၀၀ က ဒုတိယသင်္ဂါယနာကို ရှစ်လကြာ တင်ခဲ့သည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး ၂၃၅ နှစ် အကြာ ခရစ်တော်မပေါ်မီ ၃၀၈ ခုနှစ်တွင် ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတိုက်၌ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ဦးစီးသည့် ရဟန္တာ ၁၀၀၀ က တတိယသင်္ဂါယနာကို ကိုးလကြာ တင်ခဲ့သည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး နှစ် ၄၅၀ အကြာ ခရစ်တော်မပေါ်မီ ၉၄ ခုနှစ်တွင် သီဟိုဠ်နိုင်ငံ မလယဇနပုဒ် အလောကလိုဏ်ဂူ၌ ရှင်မဟာဓမ္မရက္ခိတမထေရ်ဦးစီးသည့် ရဟန္တာ ၅၀၀ က စတုတ္ထသင်္ဂါယနာကို တစ်နှစ်ကြာ တင်ခဲ့သည်။

ပဉ္စမသင်္ဂါယနာတင်ပွဲကို ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး ၂၄၁၅ နှစ်အကြာ ခရစ်နှစ် ၁၈၇၁ ခုနှစ်တွင် မန္တလေးမြို့၌ အရှင်ဇာဂရမထေရ်ဦးစီးသည့် ရဟန်းအပါး ၂၄၀၀ က ငါးလနှင့် သုံးရက်ကြာကျင်းပခဲ့သည်။ ပဉ္စမသင်္ဂါယနာတင်ခဲ့သည့် ပိဋကတ်တော်များကို ကျောက်စာ ၇၂၉ ချပ်တွင် ထွင်းထု၍ မန္တလေးမြို့ မဟာလောကမာရဇိန်ဘုရားဝင်းအတွင်း၌ စိုက်ထူခဲ့သည်။ ၎င်းကျောက်စာများကို ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့က ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ် ၂၅၀၀ အကြာ ခရစ်နှစ် ၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတွင် ညောင်ရမ်းဆရာတော် အရှင်ရေဝတ၊ မဟာစည်ဆရာတော် အရှင်သောဘဏနှင့် မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသတို့ဦးစီးသည့် ရဟန်းတော်အပါး ၂၅၀၀ က ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည်။

**ပိဋကသုံးပုံ**

ပါဠိဝေါဟာရ ပိဋကသည် ဗုဒ္ဓ၏အဆုံးအမဒေသနာဖြစ်၍ ပိဋကတ်သည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကသုံးပုံဟု မြန်မာအဘိဓာန်တွင် ဖော်ပြထားသည်။




မဟာပါသာဏလိုဏ်ဂူတော်ကို တွေ့ရစဉ်။

ပထမသင်္ဂါယနာတင်ချိန်တွင် သံဃာ့အစည်းအဝေးသို့ အရှင်ဥပါလိက ဝိနည်းတရားတော်များ၊ အရှင်အာနန္ဒာက သုတ္တန်နှင့် အဘိဓမ္မာတရားတော်များကို တင်သွင်းခဲ့သည်။ ဘုရားရှင်ဟောမြွက်ခဲ့သည့် တရားတော်များသည် အလွန်များပြားသဖြင့် အစုများဖွဲ့ရာ ဓမ္မက္ခန္ဓာ ၈၄၀၀၀ ရရှိခဲ့သည်။ ၎င်းတို့ကို သဘောတူရာအလိုက် အုပ်စုသုံးစုဖွဲ့လျှင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိဋကသုံးပုံဖြစ်လာသည်။

ဝိနည်းပိဋကတ်တွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ သုတ္တန်ပိဋကတ်တွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ အဘိဓမ္မာပိဋကတ်တွင် ဓမ္မက္ခန္ဓာ ၄၂၀၀၀ ပါဝင်ခဲ့ကာ ၎င်းတရားတော်များကို နှုတ်ဖြင့်ရွတ်ဆိုကာ ပထမသင်္ဂါယနာတင်ခဲ့သည်။ ဒုတိယသင်္ဂါယနာနှင့် တတိယ သင်္ဂါယနာတို့ကိုလည်း နှုတ်ဖြင့်ပင်ရွတ်ဆို၍ အတည်ပြုခဲ့ကြသည်။

စတုတ္ထသင်္ဂါယနာတင်ပြီးချိန်တွင် ပိဋကတ်တော်များကို ပေထက်အက္ခရာတင်ခဲ့၍ ပဉ္စမသင်္ဂါယနာတွင် ကျောက်ထက်အက္ခရာတင်ခဲ့သဖြင့် ခိုင်မာသောမှတ်တမ်းများဖြစ်လာခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတွင် ပိဋကတ်တော်များကို ပုံနှိပ်စာအုပ်များအဖြစ် ထုတ်ဝေခဲ့သဖြင့် ပိဋကတ်မူများကို အလွယ်တကူဖတ်ရှုနိုင်ခဲ့ကြပေသည်။

**ဆဋ္ဌသင်္ဂါယနာနှင့် မဟာပါသာဏလိုဏ်ဂူ**

၁၉၅၆ ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကို မဟာပါသာဏလိုဏ်ဂူတွင်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ရဟန်းတော်များအပြင် ထိုင်းသံဃရာဇာ၏ ကိုယ်စားလှယ် ဖရဝိမလဓမ္မ၊ လာအိုသံဃရာဇာ ဖရဗုဒ္ဓဇိနောရသ်၊ ကမ္ဘောဒီးယားသံဃရာဇာ မဟာသုမေဓာဓိပတိဇောတညာဏ၊ သီရိလင်္ကာအမရပူရနိကာယဂိုဏ်း သံဃရာဇာ ဝိမလဇောတိ၊ သျှာမနိကာယဂိုဏ်း သံဃရာဇာ ဝေလိဝိဋ္ဌဓမ္မကိတ္တိစသော ရဟန်းတော်များတက်ရောက်ခဲ့ကြကာ ထေရဝါဒငါးနိုင်ငံဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့်သီရိလင်္ကာနိုင်ငံတို့မှ ရဟန်းသံဃာတော် ၂၅၀၀ တို့က သင်္ဂါယနာတင်ခဲ့ကြသည်။

ထို့အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပီဗူလ်ဆွန်ဂရမ် (Field Marshal P.Pibulsonggram)၊သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် ဆာဂျွန်ကိုတီလာဝါးလား(Sir John Kotelawala)၊ ကမ္ဘောဒီးယားနိုင်ငံဘုရင် သီဟာနု (Norodon Sihanouk) နှင့် ဝန်ကြီးချုပ် လန်ငက်သ် (H.E-Leng Ngeth)၊ လာအိုနိုင်ငံ အိမ်ရှေ့မင်းသား စဝန်ဝတ္တန(H.R.H Prince Savang Vatthana) နှင့် ဝန်ကြီးချုပ် ကောင်အဘေး(H.E Kou Abhay) တို့အပြင် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မွန်ဂိုလီးယား၊ တရုတ်(တိုင်ပေ)၊ ရုရှား စသည့်နိုင်ငံများမှ မဟာယာနဗုဒ္ဓဘာသာခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲမပြုလုပ်မီ သင်္ဂါယနာတင်ပွဲကျင်းပမည့် မဟာပါသာဏလိုဏ်ဂူကို တည်ဆောက်ခဲ့သည်။ လိုဏ်ဂူတည်ဆောက်ရေးအဖွဲ့သို့ ရွှံ့ဖြင့်ပြုလုပ်ထားသော လိုဏ်ဂူတော်ပုံစံတစ်ခုကို တင်ပြခဲ့သည့် မီးသတ်ဌာနညွှန်ကြားရေးဝန် ဦးလှကျော်ကို လိုဏ်ဂူတည်ဆောက်ရန် တာဝန်ပေးအပ်ခဲ့သည်။

လိုဏ်ဂူတည်ဆောက်မည့်နေရာသည် ချော်ဘာခြံဖြစ်နေသဖြင့် ကုန်းမြေကိုဦးစွာရှင်းလင်းခဲ့ပြီး ရန်ကုန်မြို့ ဘုရားကြီးတိုက်ဆရာတော် အရှင်ကောဏ္ဍညအမှူးပြုသည့် သံဃာတော်အပါး ၅၀၀ က ညနေတိုင်း ၅ နာရီမှစ၍ ပရိတ်ရွတ်ဖတ်ခြင်း၊ သိမ်နုတ်ခြင်းစသည့် ကိစ္စများကို သုံးရက်တိုင် ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ၁၉၅၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် မဟာပါသာဏလိုဏ်ဂူတော်ကို အရပ်ရှစ်မျက်နှာ၌ တစ်ပြိုင်တည်း ပန္နက်ရိုက်ခဲ့သည်။

လိုဏ်ဂူတော်ကို ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် စတင်တည်ဆောက်၍ ၁၉၅၄ ခုနှစ် မေ ၁၂ ရက်တွင် ပြီးစီးခဲ့ကာ တည်ဆောက်မှုကုန်ကျငွေသည် ကျပ် ၉၀ သိန်းကျော် ဖြစ်သည်။

မဟာပါသာဏလိုဏ်ဂူကို ပထမသင်္ဂါယနာတင်ခဲ့သည့် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်မှ သတ္တပဏ္ဏိလိုဏ်ဂူပုံစံအတိုင်းတည်ဆောက်ခဲ့သဖြင့် အဝေးမှကြည့်လျှင် ကျောက်တောင်တစ်ခုအသွင်မြင်ကြရသည်။ လိုဏ်ဂူ၏အပြင်ပိုင်းသည် အလျား ၄၅၅ ပေ၊ အနံပေ ၃၇၀ ရှိ၍ အတွင်းပိုင်းအတိုင်းအတာသည် အလျားပေ ၂၂၀၊ အနံပေ ၁၄၀ ဖြစ်သည်။ ခြောက်ကြိမ်မြောက် သင်္ဂါယနာတင်သည့် အထိမ်းအမှတ်အဖြစ် ဝင်ပေါက်ကြီး(တံခါးပေါက်) ခြောက်ပေါက်နှင့် ၅၅ ပေမြင့်သည့် တိုင်ကြီးခြောက်တိုင်ပြုလုပ်ထားသည်။

လိုဏ်ဂူနံရံများတွင် အပေါက်သုံးဆင့်ပါရှိ၍ နံရံတစ်ထပ်တွင် အခန်း ၂၄ ခန်းစီရှိသည့်အပြင် လိုဏ်အတွင်း၌ ကမ္ဗဒ္ဓာန်းဂူ ၂၅ ခန်းကို ထည့်သွင်းတည်ဆောက်ခဲ့သည်။ လိုဏ်ဂူအတွင်း၌ ရှစ်ပေစီကျယ်ဝန်းသည့် လိုဏ်ပတ်လမ်းနှစ်ထပ်ပါရှိသည်။

လိုဏ်ဂူတော်အပြင်ဘက်ပတ်လည်၌ ဗောဓိပင် ၂၈ ပင်နှင့် ထီးစည် ၁၀၈ လုံး၊ အမြင့် ခုနစ်ပေရှိသော ခေါင်းလောင်းခြောက်လုံးတို့ကို မြင်တွေ့ကြရပေသည်။ ၎င်းစည်နှင့်ခေါင်းလောင်းကို သာသနာတော်ဆိုင်ရာ အခမ်းအနားများပြုလုပ်ချိန်တွင် ထိုးနှက်လေ့ရှိသည်။

**မဟာပါသာဏလိုဏ်ဂူနှင့် စွယ်တော်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ကွမ်ကျီးဘုရားကျောင်း၌ ကိန်းဝပ်စံပယ်နေသည့် ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ လေးကြိမ်ပင့်ဆောင်၍ အပူဇော်ခံခဲ့ရာ လေးကြိမ်စလုံး၌ မဟာပါသာဏလိုဏ်ဂူတော်တွင်ယာယီကိန်းဝပ်ခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်ပြည်သူများသည် မဟာပါသာဏလိုဏ်ဂူသို့လာရောက်ကြကာ ဘုရားရှင်၏ စွယ်တော်ကို ကြည်ညိုပူဇော်ခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ်နေသည့် ဗုဒ္ဓစွယ်တော်ကို မြန်မာနိုင်ငံသို့ ၁၉၅၅ ခုနှစ်တွင် ပထမအကြိမ်ပင့်ဆောင်ခဲ့ရာ မဟာပါသာဏလိုဏ်ဂူ၌ ရှစ်လကြာ သီတင်းသုံးခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်ပင့်ဆောင်ခဲ့ရာ မဟာပါသာဏလိုဏ်အပြင် ညောင်လေးပင်မြို့၊ တောင်ငူမြို့၊ ပျဉ်းမနားမြို့၊ မိတ္ထီလာမြို့နှင့် မန္တလေးမြို့တို့တွင် အပူဇော်ခံခဲ့ရာ စုစုပေါင်း ၄၅ ရက် ကြာမြင့်ခဲ့သည်။

၁၉၉၆-၁၉၉၇ ခုနှစ်တွင် စွယ်တော်သည် မြန်မာနိုင်ငံသို့ ရက် ၉၀ ကြာ ကြွခဲ့ရာ မဟာပါသာဏလိုဏ်ဂူတစ်နေရာတည်းမှာပင် ယာယီကိန်းဝပ်ခဲ့သည်။

ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ်တွင် စတုတ္ထအကြိမ် ၄၅ ရက်ကြာ ကြွလာခဲ့စဉ် နေပြည်တော် ဥပ္ပါတသန္တိစေတီလိုဏ်ဂူတွင် ၁၅ ရက်၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတွင် ၁၅ ရက်နှင့် မန္တလေးမြို့ မဟာအတုလဝေယန်ကျောင်းတော်ကြီး(အတုမရှိကျောင်း)တွင် ၁၅ ရက် အပူဇော်ခံခဲ့သည်။

မဟာပါသာဏလိုဏ်ဂူတော်သည် ကမ္ဘာအေးစေတီနှင့် ယှဉ်တွဲတည်ရှိသည်။ ကမ္ဘာအေးစေတီ၏ဘွဲ့အမည်အပြည့်အစုံသည် သီရိမင်္ဂလာကမ္ဘာအေးစေတီဖြစ်သည်။ ကမ္ဘာအေးစေတီကို ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းအဓိဋ္ဌာန်ကာ မြန်မာနိုင်ငံအရပ်ရပ်မှကုသိုလ်ရှင်များ၏အလှူငွေများဖြင့် တည်ခဲ့ပြီး ၁၃၁၃ ခုနှစ် တပေါင်းလပြည့်နေ့ (၁၉၅၂ ခုနှစ် မတ် ၁၀ ရက်) တွင် ထီးတော်တင်ခဲ့သည်။ ကမ္ဘာအေးစေတီကို အောက်ခံခုံလုံးပေါ်၌ လိုဏ်တည်၍ လိုဏ်ပေါ်တွင် စေတီကိုတည်ထားရာ ဉာဏ်တော် ၇၈ တောင် နှစ်မိုက်(၁၄၀၄ ဒသမ ၇၅ ပေ)မြင့်သည်။

စေတီတော်သည် မုခ်ငါးမျက်နှာရှိ၍ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသည့် ဘုရားလေးဆူနှင့်ပွင့်တော်မူမည့် ဘုရားတစ်ဆူကို ပူဇော်သောအားဖြင့် အလယ်ဌာပနာတိုက်ပတ်လည်တွင် မုခ်ပေါက်တစ်ခုစီကို မျက်နှာမူလျက် ဆင်းတုတော်ငါးဆူကို ထားရှိသည်။ ရုပ်ပွားတော်တစ်ဆူစီ၏နောက်တွင် ထိုဘုရားရှင်တို့ ပွင့်ခဲ့သည့် ဗောဓိပင်ပုံများကို ရေးဆွဲထားသည်။

ကမ္ဘာအေးစေတီနှင့် မဟာပါသာဏလိုဏ်တို့သည် ရန်ကုန်မြို့၏ ထင်ရှားသော သာသနိကအဆောက်အအုံများဖြစ်ကြ၍ တည်ဆောက်မှုသက်တမ်း အလွန်မကြာမြင့်သေးသော်လည်း နေ့စဉ်လာရောက်ဖူးမြော်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိနေပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၃)**
- **သင်္ဂါယနာသမိုင်းနှံ(မာဃ)**
- **သင်္ဂီတိ(သင်္ဂါယနာသမိုင်းအကျဉ်း) (သီတဂူဆရာတော်)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မူးယစ်ဟူသမျှ တိုက်ဖျက်ကြ

\- မူးယစ်နွံမနစ်ရေး
ချင့်တွေးကြလူတိုင်းကွယ်၊
မူးယစ်ဆေးဟူသမျှကား
ဖမ်းစားတတ်တယ်၊
အဆိပ်လူးထားသည့်ပန်းပမာနှယ်
ကြောက်ရွံ့ဖွယ်ကောင်းသည်ရှင့်၊
လက်တည့်စမ်းသုံးစွဲမှု
မပြုလုပ်သင့်။

\- မူးယစ်သားကောင်ဘဝ
ရောက်ရှိကြပါလျှင်၊
ဘဝအလှပျက်သုဉ်း၍
အသက်ဆုံးမည်ပင်၊
လူဖြစ်ပြီး လူရာမဝင်
ခင်မင်လိုသူမရှိ၊
အထီးကျန်ဘဝမျိုး
ဆိုးရွားလှ၏။

\- မူးယစ်ဆေးဝါးဟူသမျှ
ထာဝရရှောင်ကြဉ်လေ၊
ကောင်းကျိုးရယ်တစ်စက်မရှိ
တွေးသိနိုင်ပေ၊
လူတိုင်းမသွေ
အပူလှိုင်းမဝေစေရေး၊
ဘုံရန်သူအဖြစ်သတ်မှတ်လျက်
တိုက်ဖျက်ကာပေး။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)က ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးမျိုးကွဲလေးမျိုးကို မျိုးစေ့ထုတ်ဧက ១၂၀ စိုက်ပျိုးသွားမည်



မိုးစပါးမျိုးစေ့ထုတ်ဧကများစိုက်ပျိုးရန် ထယ်ရေးပြင်နေစဉ်။

**ပွင့်ဖြူ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ)က ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူများကို စပါးမျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးနိုင်ရန်အတွက် စပါးမျိုးကွဲလေးမျိုးဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရောမင်း၊ ရတနာတိုးစပါးမျိုးတို့ကို မျိုးစေ့ထုတ်ဧက ၁၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ)တာဝန်ခံ ဦးအောင်ချစ်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူများကို စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့များဖြန့်ဖြူးပေးနိုင်ရန် မျိုးသန့်ခြံရှိ စိုက်ပျိုးလယ်ယာမြေဧက ၁၂၀ တွင် မျိုးစေ့ထုတ် စပါးမျိုးကွဲလေးမျိုး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စပါးမျိုးကွဲလေးမျိုးကို ဆင့်ပွားမျိုးအစီအစဉ်ဖြင့် မနောသုခစပါး တစ်ဧက၊ ဆင်းသုခစပါး ၂ ဒသမ ၅ ဧက၊ ရောမင်းစပါး တစ်ဧက၊ ရတနာတိုးစပါး သုည ဒသမ ၅ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မျိုးသန့်မျိုးပွားအနေဖြင့် မနောသုခစပါးဧက ၂၀၊ ဆင်းသုခစပါး ၇၆ ဧက၊ ရောမင်းစပါး ၁၂ ဧက၊ ရတနာတိုးစပါး ခုနစ်ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါစပါးမျိုးများမျိုးစေ့ထုတ်စိုက်ပျိုးခြင်းကို ဇူလိုင်လ ဒုတိယပတ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"အခု ဆင့်ပွားစပါးမျိုးနဲ့ မျိုးသန့်မျိုးပွားစပါးမျိုး စိုက်ပျိုးနိုင်ဖို့ ပျိုးထောင်တာ၊ လယ်ယာမြေတွေ ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်တာ၊ ပေါင်းမြက်ရှင်းလင်းတာ စတဲ့ ကြိုတင်ပြင်ဆင်ရတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်"ဟု တာဝန်ခံ ဦးအောင်ချစ်က ပြောပြသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံတောင်သူများကို စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သီးနှံစိုက်ပျိုးမှုမှ ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ နှစ်စဉ် မျိုးကောင်းမျိုးသန့်စပါးနှင့် ကုလားပဲမျိုးသန့်မျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ အဆိုပါ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရာတွင် မျိုးသန့်ခြံဝင်းရှိ စိုက်ပျိုးလယ်ယာမြေဧက ၁၂၀ တွင် စနစ်တကျစိုက်ပျိုးပြီး ထွက်ရှိလာသောသီးနှံမျိုးစေ့များကို စနစ်တကျ မျိုးသန့်မျိုးစေ့ထုတ်လုပ်ကာ တိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူများကို ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လက်ပံတန်းမြို့နယ် ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လက်ပံတန်း ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းခြံကျေးရွာအုပ်စု ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အသင်းဝင်များလိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ချောင်းနားကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြေပဲ၊ နှမ်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ၁ ဒသမ ၈၈၇၅ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၉၂ ဦးကို ၈ ဒသမ ၁၁၂၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# မြဝတီမြို့နယ် နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မြဝတီ ဇွန် ၂၀**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူရက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မြဝတီမြို့နယ် နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၄ ဒသမ ၉၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀ ဒသမ ၆၁ သန်း ထုတ်ချေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

## နိုင်ငံတကာ သတင်းများ

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ အမေရိကန်နိုင်ငံခရီးစဉ်စတင်

**ဒေလီ ဇွန် ၂၀**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် တရားဝင်နိုင်ငံတော်အဆင့်ခရီးစဉ်အတွက် ဇွန် ၂၀ ရက်တွင် အမေရိကန်နိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် မိုဒီ၏ အဆိုပါခရီးစဉ်ကို အိန္ဒိယနှင့် အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး အားကောင်းခိုင်မာလာစေရန် အထောက်အကူပြုမည့်ခရီးစဉ်အဖြစ် လေ့လာသူများက သုံးသပ်ထားသည်။

မိုဒီသည် အိန္ဒိယဝန်ကြီးချုပ်ရာထူးကို ရယူခဲ့သည့် ၂၀၁၄ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံသို့ ငါးကြိမ်တိုင်တိုင်ရောက်ခဲ့ဖူးသည်။

သို့သော် ဇွန် ၂၁ ရက်မှ ၂၄ ရက်ထိကြာမြင့်မည့် လက်ရှိခရီးစဉ်မှာမူ ဝန်ကြီးချုပ် မိုဒီအတွက် ပထမဆုံးနိုင်ငံတော်အဆင့် အမေရိကန်ခရီးစဉ်ဖြစ်သည်။

အမေရိကန်နိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံကြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကိုမြှင့်တင်ရေးအတွက် ထိပ်တန်းအမေရိကန်စီးပွားရေးခေါင်းဆောင်များနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားထားသည်။

တရုတ်နိုင်ငံ၏ဩဇာ ကမ္ဘာ့အနှံ့ကျယ်ပြန့်လာမှုကို တုံ့ပြန်ရာတွင် အိန္ဒိယနိုင်ငံကို အရေးကြီးသောမိတ်ဖက်နိုင်ငံအဖြစ် အမေရိကန်အစိုးရက သတ်မှတ်ထားကြောင်း သိရသည်။

KKO



# ၁၅၅မမ ဟောင်ဝစ်ဇာအမြောက်ကျည် ၂၀၀၀၀ခန့်သာ ဂျာမနီစစ်ဘက်လက်ဝယ်တွင် ကျန်ရှိဟုဆို

**ဘာလင် ဇွန် ၂၀**

ဂျာမနီလက်နက်ကိုင်တပ်များ၏လက်ဝယ်တွင် ပေါက်ကွဲအားမြင့်မားသည့် အမြောက်ကျည် ၂၀၀၀၀ခန့်သာကျန်ရှိတော့ကြောင်း ဂျာမနီ ပြည်တွင်းမီဒီယာများ၏ အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ဇွန် ၁၉ ရက်တွင် ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် ဂျာမနီကာကွယ်ရေး ဝန်ကြီးဌာနသည် ပေါက်ကွဲအားမြင့်သည့် အမြောက်ကျည်များကိုဝယ်ယူရန်လိုအပ်မှုနှင့်ပတ်သက်၍ လွှတ်တော်အသုံးစရိတ်ကော်မတီကို အသိပေးရန် အစီရင်ခံစာများ ပြင်ဆင်နေကြောင်း ဂျာမနီ ပြည်တွင်းမီဒီယာများ၏ အဆိုအရ သိရသည်။

ဂျာမနီနိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများသည် ရုရှားနိုင်ငံနှင့် စစ်ရေးပဋိပက္ခ ဖြစ်ပွားနေသော ယူကရိန်းနိုင်ငံသို့ ၎င်းတို့ပိုင် ၁၅၅ မမအမြောက်ကျည်များကို အဆောတလျင်ပေးပို့ခဲ့ကြသည်။

အကျိုးဆက်အားဖြင့် အနောက်အုပ်စုနိုင်ငံများ ပိုင်ဆိုင်ထားသည့် ၁၅၅မမ ဟောင်ဝစ်ဇာအမြောက်ကျည်များအရေအတွက် ကျဆင်းနည်းပါးလာခဲ့ပြီး ဂျာမနီတပ်များလက်ဝယ်တွင် အမြောက်ကျည် ၂၀၀၀၀ခန့်သာ ရှိတော့ကြောင်း ဂျာမနီမီဒီယာများ၏ အဆိုအရ သိရသည်။

မြောက်အတ္တလန်တစ် စာချုပ်အဖွဲ့(နေတိုး)၏စည်းမျဉ်းများအရ ဂျာမနီနိုင်ငံသည် ၂၀၃၁ ခုနှစ်အရောက်တွင် ၁၅၅မမဟောင်ဝစ်ဇာအမြောက်ကျည် ၂၃၀၀၀၀ထိ လက်ဝယ်ထားရှိရန် လိုအပ်မည်ဖြစ်သည်။

အဆိုပါအမြောက်ကျည်ပမာဏသည် ပြင်းထန်သည့်စစ်ပွဲတစ်ပွဲကို ရက် ၃၀ ကြာ တိုက်ခိုက်နိုင်သော အမြောက်ကျည် ပမာဏအဖြစ် နေတိုးအုပ်စုက သတ်မှတ်ထားကြောင်း သိရသည်။ KKO

# ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုအတွက် ကမ္ဘာ့စရိတ်အကြီးဆုံး မြို့တော်အဖြစ် စင်ကာပူပထမဆုံးအကြိမ်ရောက်ရှိ



**ဂျိနီဗာ ဇွန် ၂၀**

စင်ကာပူမြို့သည် လူချမ်းသာများအတွက်ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုပေးရာတွင် ကမ္ဘာ့စရိတ်အကြီးဆုံးမြို့တော်အဖြစ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၁၉ ရက်တွင် ဖော်ပြခဲ့သည်။

စင်ကာပူနိုင်ငံ စင်ကာပူမြို့သည် ဟောင်ကောင်၊ လန်ဒန်နှင့်နယူးယောက်မြို့များကို ကျော်ဖြတ်၍ ကုန်စည်နှင့်ဝန်ဆောင်မှုအတွက် ယခုနှစ်၏ ကမ္ဘာ့စရိတ်အမြင့်ဆုံးမြို့တော်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

စင်ကာပူမြို့၏မော်တော်ယာဉ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်အာမခံကြေးသည် တစ်ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအာမခံကြေးနှုန်းထက် ၁၁၃ ရာခိုင်နှုန်းနှင့်၁၀၉ရာခိုင်နှုန်းအသီးသီး ပိုမြင့်မားကြောင်း ဆွစ်ဇာလန်အခြေစိုက်ဂျူလီးယပ်စ်ဘောင်ဝါဘဏ်လုပ်ငန်း၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံရေးအရလည်းတည်ငြိမ်မှုရှိသည့် စင်ကာပူမြို့သည် ကိုဗစ်-၁၉ ကူးစက်မှု ကပ်ဘေးကာလကန့်သတ်ချက်များကို သိသိသာသာ ဖြေလျှော့ပေးခဲ့သည့် ပထမဆုံး အာရှမြို့များထဲတွင် ပါဝင်ပြီး ကပ်ဘေးအလွန်ကာလ၌ ဓနဥစ္စာတိုးပွားလာမှုကို စတင်ခံစားနေရပြီဖြစ်ကြောင်း ဂျူလီးယပ်စ်ဘောင်ဝါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဂျူလီးယပ်စ်ဘောင်ဝါအစီရင်ခံစာ၏ ကမ္ဘာ့စရိတ်အကြီးမြင့်ဆုံးမြို့များစာရင်း၏ နံပါတ်(၂) နေရာတွင် ရပ်တည်နေသော မြို့မှာ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ဖြစ်သည်။

ရှန်ဟိုင်းမြို့သည် ပြီးခဲ့သည့်နှစ်အတွင်း ကမ္ဘာ့စရိတ်အကြီးဆုံးမြို့အဖြစ် ရပ်တည်ခဲ့သော်လည်း ကိုဗစ်-၁၉ကပ်ဘေးကန့်သတ်ချက်များ ကျင့်သုံးမှုကာလပိုရှည်ခြင်းကြောင့် နံပါတ်-၂နေရာသို့ကျဆင်းခဲ့ရခြင်းဖြစ်နိုင်သည်ဟုဂျူလီးယပ်စ်ဘောင်ဝါအစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။ KKO

# တိုက်တန်းနစ်လေ့လာရေးရေငုပ်ယာဉ် ခရီးသည်လေးဦးနှင့်အတူ ပျောက်ဆုံးနေ

**အော့တဝါ ဇွန် ၂၀**

ကနေဒါကမ်းရိုးတန်းကမ်းလွန်ရေအောက်၌ တိုက်တန်းနစ်သင်္ဘောပျက်ကိုလေ့လာမည့် ခရီးသည်များလိုက်ပါသွားသော ရေငုပ်ယာဉ်တစ်စီး ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်တန်အမည်ရှိ အဆိုပါရေငုပ်ယာဉ်ငယ်သည် တိုက်တန်းနစ်သင်္ဘောပျက်တည်ရှိရာ ရေပြင်နေရာ၌ ဇွန် ၁၈ ရက်တွင် စတင်ငုပ်ဆင်းခဲ့ပြီးနောက် ယနေ့ထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်းအမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရေယာဉ်မှူးတစ်ဦးနှင့် ခရီးသည်လေးဦးလိုက်ပါသွားသော အဆိုပါရေငုပ်ယာဉ်သည် ရေအောက်တွင် ၉၆ နာရီကြာ နေနိုင်သော်လည်း ရေမျက်နှာပြင်ပေါ် ပြန်တက်လာနိုင်မှု ရှိ၊ မရှိ မသိရသေးသလို အဆက်အသွယ်လည်း ပြုလုပ်၍ မရသေးသည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

လူတစ်ဦး လိုက်ပါခအဖြစ် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ထိ ပေးဆောင်ထားရသော အဆိုပါရေငုပ်ယာဉ်ပေါ်တွင် ဗြိတိန်နိုင်ငံသားဘီလျံနာသူကြွယ် ဟာမစ်ရှ်ဟာဒင်းအပါအဝင် လူချမ်းသာခရီးသည်လေးဦး လိုက်ပါသွားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကနေဒါနှင့် အမေရိကန် ကမ်းခြေစောင့်တပ်များမှလေယာဉ်များနှင့် သင်္ဘောများသည် ပျောက်ဆုံးနေသော ရေငုပ်ယာဉ်ကို အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ကိပ်ကော့ဒ်ကျွန်းဆွယ် အရှေ့ဘက်မိုင် ၉၀၀ ခန့်အကွာရေပြင်အတွင်း ရှာဖွေနေကြကြောင်း သိရသည်။

တိုက်တန် ရေငုပ်ယာဉ်သည် တိုက်တန်းနစ် သင်္ဘောပျက်တည်ရှိရာ ရေပြင်အတွင်း ငုပ်ဆင်းခဲ့ပြီး တစ်နာရီနှင့် ၄၅ မိနစ်အကြာတွင် အဆက်အသွယ် စတင်ပြတ်တောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

KKO

# အိန္ဒိယအခြေစိုက် အင်ဒီဂိုလေကြောင်းလိုင်းက အဲဘတ်စ်ကုမ္ပဏီမှ လေယာဉ်အစင်း ၅၀၀ မှာယူ

**ပဲရစ် ဇွန် ၂၀**




အိန္ဒိယအခြေစိုက် အင်ဒီဂိုလေကြောင်းလိုင်းသည် ခရီးသည်တင်ဂျက်လေယာဉ်အစင်း ၅၀၀ ဝယ်ယူရေးအတွက် ဥရောပအခြေစိုက် အဲဘတ်စ်လေယာဉ်ကုမ္ပဏီနှင့် ဇွန် ၁၉ ရက်တွင် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဲဘတ်စ်ကုမ္ပဏီနှင့် အင်ဒီဂိုလေကြောင်းလိုင်းတို့ကြား ရယူခဲ့သည့် အရောင်းအဝယ်သဘောတူညီချက်မှာ လေကြောင်းလိုင်းတစ်ခုတည်းက လေယာဉ်အရေအတွက်အများဆုံးဝယ်ယူမှုအဖြစ် သတ်မှတ်နိုင်သော သမိုင်းဝင်သဘောတူညီချက်ဖြစ်သည်။

အဲဘတ်စ်ကုမ္ပဏီနှင့် အင်ဒီဂိုလေကြောင်းလိုင်းတို့သည် လေယာဉ်အစင်း ၅၀၀ အရောင်းအဝယ်သဘောတူညီချက်ကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပနေသော ပဲရစ်လေကြောင်းပြပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။


အင်ဒီဂို လေကြောင်းလိုင်းက မှာယူထားသောမေ-၃၂၀အဲဘတ်စ် ခရီးသည်တင် လေယာဉ်အစင်း ၅၀၀ ကို အဲဘတ်စ်ကုမ္ပဏီ အနေဖြင့် ၂၀၃၀ ပြည့်နှစ်နှင့် ၂၀၃၅ ခုနှစ်ကြား ကာလများအတွင်း လွှဲပြောင်းပေးအပ်ရမည်ဖြစ်သည်။

အင်ဒီဂိုလေကြောင်းလိုင်းကဲ့သို့ပင် အိန္ဒိယအခြေစိုက် လေကြောင်းလိုင်းတစ်ခုဖြစ်သော အဲအင်ဒီးယားလေကြောင်းလိုင်းကလည်းအဲဘတ်စ်ကုမ္ပဏီနှင့် အမေရိကန်အခြေစိုက် ဘိုးအင်းကုမ္ပဏီတို့ထံမှ ခရီးသည်တင်လေယာဉ်အစင်း ၄၇၀ ထိ မှာယူထားသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးမှု အမြန်ဆုံးလေကြောင်းဈေးကွက်ဖြစ်ရာ အိန္ဒိယလေကြောင်းလိုင်းများအနေဖြင့်လည်း ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန် ကြိုးစားနေရကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## အကျုံ့အဆန့်ပြုလုပ်နိုင်သော ရေဒီယိုတယ်လီစကုပ်စနစ် လကမ္ဘာပေါ်တွင်တည်ဆောက်ရေး ဥရောပသိပ္ပံပညာရှင်များ အဆိုပြုထား




ပဲရစ် ဇွန် ၂၀

လကမ္ဘာပေါ်၌ အခြေခံအကျဆုံး သိပ္ပံပညာဆိုင်ရာစူးစမ်းလေ့လာမှုများ ပြုလုပ်နိုင်ရေးအတွက် အကျုံ့အဆန့် ပြုလုပ်နိုင်သော ရေဒီယိုတယ်လီစကုပ်စနစ် တည်ဆောက်ရေး သဘောတရားကို ဥရောပသိပ္ပံပညာရှင်များက အဆိုပြုထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များ၏ အဆိုအရ အကျုံ့အဆန့်ပြုလုပ်နိုင်သည့် အဆိုပါရေဒီယိုတယ်လီစကုပ်စနစ်ကို အာဂိုနော့အမည်ရှိ လဆင်းယာဉ်ဖြင့် လကမ္ဘာပေါ်သို့ စေလွှတ်ရမည်ဖြစ်သည်။

အဆိုပါရေဒီယိုတယ်လီစကုပ်စနစ်ကို လွှတ်တင်ချိန်တွင် အရွယ်အစားချုံ့၍ လွှတ်တင်မည်ဖြစ်ပြီး လပေါ်သို့ရောက်ရှိချိန်တွင် ဓာတ်ငွေ့ဖြည့်သွင်းခြင်းဖြင့် တယ်လီစကုပ်ကို ဖြန့်ထုတ်နိုင်မည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ သုတေသန ပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ကမ္ဘာပေါ်ရှိနည်းပညာများမှ ထွက်ပေါ်လာသော ရေဒီယိုလှိုင်းများနှင့်လွတ်ကင်းသည့် လကမ္ဘာ အခြားဘက်ခြမ်း၌ ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခု ထားရှိရန် စိတ်ဝင်စားလျက်ရှိသည်။

လကမ္ဘာပေါ်တွင် ရေဒီယိုလှိုင်းများကို စုပ်ယူထားသည့် လေထုလွှာ မရှိမှုကြောင့် လပေါ်မှတစ်ဆင့် အာကာသဟင်းလင်းပြင် စူးစမ်းလေ့လာရေးလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

ဥရောပအာကာသအေဂျင်စီသည် ၎င်း၏ပထမဆုံး လဆင်းယာဉ်ဖြစ်သည့် အာဂိုနော့ကို ၂၀၃၀ ပြည့်နှစ်အတွင်းလွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

## နာဆာ၏ ဂျူနိုအာကာသယာဉ်က ကြာသပတေးဂြိုဟ် မြောက်ဝင်ရိုးစွန်းမုန်တိုင်းနယ်မြေအတွင်း လျှပ်ပြက်မှုကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

ဝါရှင်တန် ဇွန် ၂၀

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ် မြောက်ဝင်ရိုးစွန်း မုန်တိုင်းနယ်မြေအတွင်း လျှပ်ပြက်မှုကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဓာတ်ပုံကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်က ကြာသပတေးဂြိုဟ်ကို ၃၁ ကြိမ်မြောက်အဖြစ် အနီးကပ်ဖြတ်ပျံစဉ် ဂျူနိုအာကာသယာဉ်က ရရှိခဲ့သော အချက်အလက်များအတွင်း တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ကြာသပတေးဂြိုဟ် မြောက်ဝင်ရိုးစွန်း မုန်တိုင်းနယ်မြေလျှပ်ပြက်မှုကို ဂျူနိုအာကာသယာဉ်အနေဖြင့် မိုင်ပေါင်း ၁၉၉၀၀ အကွာမှ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



ဂျူနိုအာကာသယာဉ် ရိုက်ကူးခဲ့သည့် ဓာတ်ပုံထဲတွင် ကြာသပတေးဂြိုဟ် လျှပ်ပြက်မှုမှပေါ်ထွက်လာသည့် စိမ်းဖန့်ဖန့်အလင်းရောင်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုအာကာသယာဉ်သည် ယခင်ကလည်း ကြာသပတေးဂြိုဟ် လေထုလွှာအတွင်း လျှပ်ပြက်မှုများကို ထောက်လှမ်းတွေ့ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဂျူနိုအာကာသယာဉ်သည် လက်ရှိအချိန်ထိ ကြာသပတေးဂြိုဟ်ကို ၅၁ ကြိမ်ထိ အနီးကပ်ဖြတ်သန်းခဲ့ပြီး ၅၂ ကြိမ်မြောက် အနီးကပ်ဖြတ်ပျံမှုကို ဇွန် ၂၃ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံက တီယန်ကောင်းအာကာသစခန်းပြင်ပ၌ ဓာတ်ရောင်ခြည်ဇီဝဗေဒစမ်းသပ်မှုတစ်ရပ် ပထမဆုံးအကြိမ်ပြုလုပ်

ပေကျင်း ဇွန် ၂၀

တရုတ်နိုင်ငံသည် တီယန်ကောင်းအာကာသစခန်းရှိ မင်တီယန် ပင်မကိုယ်ထည်ပြင်ပ၌ ဓာတ်ရောင်ခြည် ဇီဝဗေဒစမ်းသပ်မှုတစ်ရပ်ကို ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဇွန် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါစမ်းသပ်မှုကို တရုတ်သိပ္ပံအကယ်ဒမီ အမျိုးသားအာကာသသိပ္ပံဗဟိုဌာနနှင့်တာ့လျံရေကြောင်းသိပ္ပံတက္ကသိုလ်တို့ ပူးပေါင်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သက်ရှိများအပေါ် အာကာသဖြာထွက်ရောင်ခြည်များနှင့် ဒြပ်ဆွဲအား သုညအခြေအနေတို့၏အကျိုးသက်ရောက်မှုကို လေ့လာရာတွင် ဓာတ်ရောင်ခြည် ဇီဝဗေဒစမ်းသပ်မှုများကို အသုံးပြုလေ့ရှိကြောင်း သိရသည်။

အာကာသဟင်းလင်းပြင်အတွင်း ဓာတ်ရောင်ခြည် ဇီဝဗေဒစမ်းသပ်မှုပြုလုပ်ရာတွင် ကမ္ဘာမြေပြင်ပေါ်ရှိ ဇီဝပစ္စည်းများကို တရုတ်သိပ္ပံပညာရှင်များက အသုံးပြုခဲ့သည်။

တီယန်ကောင်းအာကာသစခန်း ဓာတ်ရောင်ခြည် ဇီဝဗေဒစမ်းသပ်မှုသည် တရုတ်နိုင်ငံအနေဖြင့် ပထမဆုံး လုပ်ဆောင်နိုင်ခဲ့သော အာကာသတွင်း ဓာတ်ရောင်ခြည် ဇီဝဗေဒစမ်းသပ်မှုဖြစ်သည်။

တရုတ်နိုင်ငံသည် တီယန်ကောင်းအာကာသစခန်းကို ပြီးခဲ့သည့်နှစ်အတွင်း အပြီးသတ်တည်ဆောက်နိုင်ခဲ့ပြီးနောက် အာကာသဟင်းလင်းပြင်အတွင်း သိပ္ပံပညာစမ်းသပ်မှုများ အရှိန်မြှင့်တင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

KKO

# HEALTH

## အမျိုးသားများ၏ အရိုးကျန်းမာရေးအပေါ်တွင် အထီးကျန်မှုပြဿနာက ဆိုးကျိုးသက်ရောက်ဖွယ်ရှိ

နယူးယောက် ဇွန် ၂၀

အထီးကျန်မှုပြဿနာသည် အမျိုးသားများ၏ စိတ်ကျန်းမာရေးအပေါ်တွင်သာမက အရိုးကျန်းမာရေးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

လူမှုရေးအရ အထီးကျန်မှုသည် အမျိုးသမီးများ၏ အရိုးကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုမရှိသော်လည်း အမျိုးသားများ၏အရိုးကျန်းမာရေးအပေါ်တွင်မူ ဆိုးကျိုးသက်ရောက်နိုင်ခြေ ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လူမှုရေးအရ အထီးကျန်မှုပြဿနာသည် စိတ်ပိုင်းဆိုင်ရာဖိအားဝင်မှု ပုံစံတစ်မျိုးဖြစ်ပြီး အများပြည်သူများ အထူးသဖြင့် သက်ကြီးပိုင်းများအတွက် ကျန်းမာရေးပြဿနာကြီးတစ်ရပ် ဖြစ်လာကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များက ကြွက်များဖြင့်ပြုလုပ်ခဲ့သည့် စမ်းသပ်မှုမှထွက်ပေါ်လာသောရလဒ်များအရ အထီးကျန်မှုအဖြစ်နှင့်ကြုံရသည့် ကြွက်ထီးများ၏ အရိုးကျန်းမာရေးမှာ ကျဆင်းလာတတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ အထက်ပါတွေ့ရှိချက်အရ လူမှုရေးအရ အထီးကျန်မှုပြဿနာသည် အမျိုးသားများ၏ အရိုးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

လူမှုရေးအရ အထီးကျန်မှုပြဿနာသည် စိတ်ကျန်းမာရေးပြဿနာများအပါအဝင် ကျန်းမာရေးပြဿနာအမျိုးမျိုး ပေါ်ထွက်လာနိုင်ခြေ မြင့်မားမှုနှင့်ဆက်စပ်နေကြောင်း သိရသည်။

KKO

## ဦးနှောက်ကင်ဆာရောဂါတစ်မျိုး ကာကွယ်ရေးအတွက် စမ်းသပ်နေသောဆေးတစ်မျိုး အလားအလာကောင်း

နယူးယောက် ဇွန် ၂၀

ကြောက်မက်ဖွယ်အကောင်းဆုံး ဦးနှောက်ကင်ဆာရောဂါတစ်မျိုး တိုးလာမှုကိုကာကွယ်ရေးအတွက် စမ်းသပ်နေသော ဆေးတစ်မျိုးသည် စမ်းသပ်မှုရလဒ်များအရ အလားအလာကောင်းကြောင်း The Daily Mail သတင်းစာက ဇွန် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။


Sur Vax M အမည်ရှိအဆိုပါထိုးဆေးသည် ဂလီယိုဘလပ်စတိုးမား(Gliablastoma) ခေါ် ဦးနှောက်ကင်ဆာ လူနာများ၏ အသက်ရှင်ခွင့်နှုန်းကို ၁၅ လမှ ၂၆ လထိ မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Sur Vax M ထိုးဆေးသည် ဂလီယိုဘလပ်စတိုးမား ဦးနှောက်ကင်ဆာဆဲလ်များပေါ်ရှိ Survivin အမည်ရှိ ပရိုတင်းတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် ရောဂါတိုးလာမှုကို တားဆီးပေးမည့်ဆေးဖြစ်သည်။

အဆိုပါ ထိုးဆေးကို နယူးယောက်မြို့အခြေစိုက် Mimi Vax ဇီဝနည်းပညာကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။

လက်တွေ့ စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ပဏာမ ရလဒ်များအရ Sur Vax M ထိုးဆေးသည် ဂလီယိုဘလပ်စတိုးမား ကင်ဆာလူနာများကို ကုသရာတွင် အထောက်အကူပေးနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဆော်ဒီကလပ် အယ်အီတီဟတ်အသင်းက ဆွန်ဟောင်မင်ကို ယူရို သန်း ၆၀ ဖြင့်ခေါ်ယူရန်ကမ်းလှမ်း

**ရီယာ့ဒ် ဇွန် ၂၀**

ဆော်ဒီအာရေဗျကလပ် အယ်အီတီဟက်အသင်းသည် စပါးအသင်း တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဆွန်ဟောင်မင်ကို ပြောင်းရွှေ့ကြေးယူရို သန်း ၆၀အပြင် အပိုဆုကြေးများပေး၍ ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

ဆော်ဒီကလပ်အသင်းများသည် ယခုနှစ်နွေရာသီတွင် ပရီးမီးယားလိဂ်မှ ခြေစွမ်းပြကစားသမားများကို ငွေကြေးအမြောက်အမြားသုံးစွဲ၍ ခေါ်ယူလျက်ရှိပြီး လက်ရှိတွင် အယ်အီတီဟတ်အသင်းက စပါးအသင်း တိုက်စစ်ကစားသမား ဆွန်ဟောင်မင်ကို တစ်နှစ်လုပ်ခ ယူရို သန်း ၆၀ ဖြင့် လေးနှစ်သဘောတူစာချုပ် ချုပ်ဆိုရန် တရားဝင် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အသက် ၃၀ ရှိ ဆွန်ဟောင်မင်သည် စပါးအသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ကစားသမားအနေဖြင့် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၇၁ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၁၄၅ ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် အသင်း၏အဓိကကစားသမားတစ်ဦး ဖြစ်နေ၍ စပါးအသင်း တာဝန်ရှိသူများက အဆိုပါကမ်းလှမ်းမှုကို စိတ်ဝင်စားမှုမရှိသော်လည်း ဆွန်ဟောင်မင်၏ အေးဂျင့်ဖြစ်သူက အယ်အီတီဟက်အသင်း၏ ကမ်းလှမ်းမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှတ်ချက်မပေးခဲ့ကြောင်း သိရသည်။

ဆော်ဒီကလပ် အယ်အီတီဟတ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလမတိုင်မီ ရီးရဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဘင်ဇီးမားကို ခေါ်ယူနိုင်ခဲ့သည့်အပြင် ချဲလ်ဆီးအသင်းကွင်းလယ်ကစားသမား ကန်တီကိုလည်း ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီး လက်ရှိတွင် တိုက်စစ်ပိုင်းထပ်မံဖြည့်တင်းရန်အတွက် စပါးအသင်းကစားသမား ဆွန်ဟောင်မင်ကို ငွေကြေးအမြောက်အမြားသုံးစွဲ၍ခေါ်ယူရန် ထပ်မံကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- ယူရို ၂၀၂၄ ခြေစစ်ပွဲကစားနေသည့် ဘယ်လ်ဂျီယံအသင်းလေ့ကျင့်ရေးအစီအစဉ်မှ ဂိုးသမားကော့တွိုက် ရုတ်တရက်နုတ်ထွက်ခဲ့ကြောင်း အသင်းနည်းပြ တီဒက်စ်ကိုက အတည်ပြုပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းက အေဂျက်အသင်းခံစစ်ကစားသမား တင်ဘာကို ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်ကမ်းလှမ်းခဲ့ရာ အေဂျက်အသင်းကပယ်ချခဲ့ပြီး ယူရို သန်း ၆၀ အလိုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘာစီလိုနာအသင်းသည် မှတ်ပုံတင်ရန် ကြန့်ကြာနေသည့် ကွင်းလယ်ကစားသမားဂါဗီကို ယနေ့တွင် တရားဝင်မှတ်ပုံတင်နိုင်ခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။
- မန်ယူအသင်းက ရောင်းချရန်ပြင်ဆင်နေသည့် ကွင်းလယ်ကစားသမားဖရက်ဒ်ကို ဖူလ်ဟမ်အသင်းက စတာလင်ပေါင် သန်း ၂၀ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ML

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့



**ရန်ကုန် ဇွန် ၂၀**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို ယနေ့ ညနေပိုင်းကကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၃ နာရီ မိနစ် ၃၀ က ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ကစားခဲ့သည့် သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် သစ္စာအားမာန်အသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၄ မိနစ်တွင် ခင်စန်းလွင်ကလည်းကောင်း၊ ပွဲချိန် ၁၈ မိနစ်တွင် ဂျူလိုင်ကျော်က လည်းကောင်း သစ္စာအားမာန် အသင်းအတွက် သွင်းဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန်ပထမပိုင်းအပြီးတွင် သစ္စာအားမာန်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရန်ကုန်ယူနိုက်တက်အသင်း၏ ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး နှစ်သင်းစလုံးဂိုးသွင်းခွင့်အချို့ရရှိခဲ့ကြသော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပွဲပြီးဆုံးချိန်တွင်ပထမပိုင်း သွင်းဂိုးများဖြင့် သစ္စာအားမာန်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၃ နာရီ မိနစ် ၃၀ က ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင်ကစားခဲ့သည့် ISPE အသင်းနှင့် Sports & Education အသင်းတို့ပွဲစဉ်တွင် ISPE အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ပွဲချိန်တစ်လျှောက်လုံး ဖိအားပေးကစားနိုင်ခဲ့ကာ ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်၊ ၁၄ မိနစ်နှင့် ၂၉ မိနစ်တွင် ရွှေရည်ထွန်းကလည်းကောင်း၊ ပွဲချိန် ၁၇ မိနစ်တွင် လင်းမြင့်မိုရ်ကလည်းကောင်း၊ ပွဲချိန် ၃၈ မိနစ်တွင် သန်းသန်းဝေက လည်းကောင်း၊ ပွဲချိန် ၇၉ မိနစ်နှင့် ၉၂ မိနစ်တွင် မေထက်လုက လည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ STA

## လူမျိုးရေးခွဲခြားခံရမှုကြောင့် နယူးဇီလန်နှင့်ကာတာအသင်းတို့၏ ခြေစမ်းပွဲစဉ်ဖျက်သိမ်းခဲ့ရ

**ဗီယင်နာ ဇွန် ၂၀**

သြစတြီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် နယူးဇီလန်အသင်းနှင့် ကာတာ အသင်းတို့၏ နိုင်ငံတကာ ခြေစမ်းပွဲစဉ်တွင်နယူးဇီလန်အသင်း ကစားသမားဘောက်ဇယ်လူမျိုးရေးခွဲခြားခံရမှုကြောင့် ပထမပိုင်းအပြီးတွင် ပြိုင်ပွဲကိုဖျက်သိမ်းခဲ့ရကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် နယူးဇီလန်အသင်းက ပွဲချိန် ၁၆ မိနစ်တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ကာတာအသင်းကစားသမားတစ်ဦးအနေဖြင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည့် ဘောက်ဇယ်ကို လူမျိုးရေးခွဲခြားသည့် ကစားလုံးများ ပြောဆိုခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် နယူးဇီလန်အသင်းက အဝတ်လဲခန်းအတွင်းမှပြန်ထွက်မလာဘဲ ပြိုင်ပွဲကိုဆက်လက်ကစားရန်ငြင်းဆိုခဲ့မှုကြောင့် ကွင်းလယ်ဒိုင်က ပြိုင်ပွဲကိုဖျက်သိမ်းခဲ့သည်။

နယူးဇီလန်ဘောလုံးအဖွဲ့ချုပ်က "ကာတာကစားသမားတစ်ဦးက ဘောက်ဇယ်ကို လူမျိုးရေးခွဲခြားတဲ့ အသုံးအနှုန်းတွေနဲ့ တိုက်ခိုက်နေတာကို အသင်းဖော်တွေကလဲ ကြားခဲ့ရတယ်လို့ဆိုပါတယ်။ အသင်းအနေနဲ့ လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်တာကြောင့် ဒုတိယပိုင်းကို ဆက်မကစားဖို့ သဘောတူခဲ့တာပါ။ အဖွဲ့ချုပ်အနေနဲ့လဲ အခုဖြစ်စဉ်ကို အပြည့်အဝထောက်ခံပါတယ်။ အားကစားမှာ လူမျိုးရေးခွဲခြားမှုအတွက် နေရာမရှိပါဘူး"ဟု ပြောကြားခဲ့သည်။

ထို့ပြင် အိုင်ယာလန် ယူ-၂၁ အသင်းနှင့် ကူဝိတ် ယူ-၂၁ အသင်းတို့ပွဲစဉ်တွင်လည်း အိုင်ယာလန်အသင်းက သုံးဂိုးဂိုးမရှိဖြင့်ဦးဆောင်နိုင်ခဲ့ပြီး ပြိုင်ပွဲအတွင်းကူဝိတ်ကစားသမားတစ်ဦးက လူမျိုးရေးခွဲခြား၍ ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် တစ်ဖက်နှင့် တစ်ဖက်တင်းမာမှုများ ဖြစ်လာခဲ့ကာ နှစ်ဖက်အသင်းကစားသမားများ ဒဏ်ရာရရှိမည်ကိုစိုးရိမ်သောကြောင့် ကွင်းလယ်ဒိုင်က ပွဲကစားချိန် မိနစ် ၇၀ အရောက်တွင် ပြိုင်ပွဲကိုဆက်လက်ကစားခွင့်မပြုဘဲရပ်နားခဲ့ကြောင်း သိရသည်။

ML

## ပြင်သစ်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး အမ်ဘာပီ စံချိန်ကောင်းတစ်ရပ်ထပ်မံရရှိ

**ပဲရစ် ဇွန် ၂၀**

ယူရို ၂၀၂၄ ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် ဂရိအသင်းတို့ ကစားခဲ့ရာတွင် ပြင်သစ်အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အနိုင်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး အမ်ဘာပီအနေဖြင့် ဘောလုံးရာသီတစ်ခုအတွင်း ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် သွင်းဂိုး ၅၄ ဂိုးထိသွင်းယူနိုင်ခဲ့သည့် စံချိန်သစ် ထပ်မံရရှိခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ် ဘောလုံးသမိုင်းတွင် ဘောလုံးရာသီတစ်ခုအတွင်း ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် သွင်းဂိုးအများဆုံး သွင်းယူခဲ့သည့် ကစားသမားမှာ တိုက်စစ်မှူး ဂျက်ဖောင်တိန်ဖြစ်ပြီး ၁၉၅၇-၁၉၅၈ ခုနှစ်က စုစုပေါင်း သွင်းဂိုး ၅၃ ဂိုးထိသွင်းယူ၍ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေသော်လည်း ယခုအခါ တိုက်စစ်မှူး အမ်ဘာပီက ဂရိအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် သွင်းဂိုး ၅၄ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး စံချိန်ကောင်းတစ်ရပ်ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

ဂရိအသင်းနှင့် ပွဲစဉ်သည် ပြင်သစ်အသင်းအနေဖြင့် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဂရိအသင်း၏ ခံစစ်ကစားပုံကောင်းမွန်မှုကြောင့် ဦးဆောင်ဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်း ပွဲကစားချိန် ၅၅ မိနစ်အရောက်တွင် တိုက်စစ်မှူး အမ်ဘာပီက ပင်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပွဲချိန် ၆၉ မိနစ်



တွင် ဂရိကစားသမားကွန်စတန်တီနို့စ် အနီကတ်ဖြင့် ထွက်ခွာခဲ့ရသောကြောင့် ချေပဂိုးရရှိရန်မဖြစ်နိုင်တော့ဘဲ ကစားအားကျဆင်းသွားသောကြောင့် ပြင်သစ်အသင်းကသာ တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပြင်သစ်အသင်းသည် ယူရို ခြေစစ်ပွဲ အုပ်စုပွဲစဉ်လေးပွဲကစားအပြီးတွင် လေးပွဲစလုံးအနိုင်ရခဲ့သဖြင့် ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားတွင် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ML

# လီအန်စမစ်နှင့် ခရစ်အူဘန့်ဂျူနီယာတို့၏ မကျေပွဲစဉ်ကို ရက်ရွှေ့ပြောင်းလိုက်ကြောင်း ဘန်ရှာလွန် ပြောကြား




**လန်ဒန် ဇွန် ၂၀**

ဗြိတိန် နာမည်ကြီးလက်ဝှေ့သမားများဖြစ်သည့် လီအန်စမစ်နှင့် ခရစ်အူဘန့်ဂျူနီယာတို့အကြား မကျေပွဲစဉ်ကို ဇူလိုင် ၁ ရက်တွင် ကျင်းပသွားရန် စီစဉ်ထားသော်လည်း လီအန်စမစ်ဒဏ်ရာရနေသည့်အတွက်ကြောင့် မကျေပွဲစဉ်ကို ရက်ရွှေ့ပြောင်းရတော့မည်ဖြစ်ကြောင်း လီအန်စမစ်၏ Pro-moter ဖြစ်သူ ဘန်ရှာလွန်က ပြောကြားခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီအန်စမစ်နှင့် ခရစ်အူဘန့်ဂျူနီယာတို့အကြား ပြီးခဲ့သော ဇန်နဝါရီ ၂၁ ရက်က အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့ AO Arena ကွင်းကြီးတွင် ထိုးသတ်ခဲ့ရာ လီအန်စမစ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပထမအကြိမ်ထိုးသတ်စဉ်တွင် မကျေပွဲစိန်ခေါ်ခွင့်ရှိသည့် သဘောတူညီချက်ကို ထည့်သွင်းထားသည့်အတွက် ခရစ်အူဘန့်ဂျူနီယာက အဆိုပါ သဘောတူညီချက်ကို အသက်သွင်းခဲ့ပြီး မကျေပွဲထိုးသတ်ရန် စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း လီအန်စမစ်သည် ဒဏ်ရာပြဿနာအနည်းငယ်ရှိနေသည့်အတွက်ကြောင့် မကျေပွဲထိုးသတ်မည့် အချိန်ကိုရွှေ့ပြောင်းရတော့မည်ဖြစ်ပြီး လီအန်စမစ်ကိုယ်တိုင်ကလည်း ခရစ်အူဘန့်ဂျူနီယာထံသို့ ဒဏ်ရာပြဿနာရှိနေသည့်အကြောင်းကို အသိပေးထားပြီးဖြစ်သလို မကျေပွဲစဉ်ရက်ရွှေ့ပြောင်းမည့်ကိစ္စကို လက်ခံထားကြောင်းလည်း ခရစ်အူဘန့်ဂျူနီယာက ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Yonex Taipei Open 2023 ကြက်တောင်ပြိုင်ပွဲမှ သက်ထားသူဇာ နုတ်ထွက်

**ရန်ကုန် ဇွန် ၂၀**

မြန်မာ ကြက်တောင်မယ် သက်ထားသူဇာသည် တရုတ်(တိုင်ပေ)က အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် Yonex Taipei Open 2023 ကြက်တောင်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည်ဟု သူမ၏ အင်စတာဂရမ် လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံတကာ ကြက်တောင် ပြိုင်ပွဲများတွင် ဆက်တိုက်ပါဝင်ယှဉ်ပြိုင်လျက်ရှိနေသည့် မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် အစောပိုင်းက Yonex Taipei Open 2023 ကြက်တောင်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကစားရန်အတွက် စာရင်းပေးသွင်းထားသော်လည်း ယခုအခါ ပြန်လည်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် လက်ရှိတွင် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာဖိစီးမှုများရှိနေပြီး ရုန်းကန်နေရသည့်အတွက် ခေတ္တအနားယူလိုသောကြောင့် Yonex Taipei Open 2023 ကြက်တောင်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု သူမ၏ အင်စတာဂရမ် လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# ကမ္ဘာ့ဖလား၊ ယူရိုဖလားနှင့် ဥရောပနေးရှင်းလိဂ်ဖလားတို့ကိုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် နာဗက်ဇ်မှတ်တမ်းဝင်



**မက်ဒရစ် ဇွန် ၂၀**

စပိန်အသင်းနှင့် ဆီဗီလာအသင်း တောင်ပံခံစစ်ကစားသမား နာဗက်ဇ်သည် စပိန်အသင်းနှင့် ဥရောပ နေးရှင်းလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ဖလား၊ ယူရိုဖလားနှင့်ဥရောပ နေးရှင်းလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးဥရောပကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ်ရှိ နာဗက်ဇ်သည် လက်ရှိအချိန်ထိအကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေပြီး ယခုနှစ် ဘောလုံးရာသီတွင် ဆီဗီလာအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ကာ အသင်းကိုအကောင်းဆုံး ဦးဆောင်နိုင်ခဲ့ပြီး ယူရိုပါလိဂ်ဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း စပိန်အသင်းနှင့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့ခြင်းဖြစ်သည်။

နာဗက်ဇ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၃ ခုနှစ်က ဆီဗီလာအသင်းနှင့်စတင်ခဲ့ပြီးနောက် ဆီဗီလာအသင်းတွင် ဆယ်စုနှစ်တစ်ခုကျော်ကြာကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

နာဗက်ဇ်သည် မန်စီးတီးအသင်းတွင် ၄နှစ်ကြာကစားခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်က အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဆီဗီလာအသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားခဲ့ပြီး လက်ရှိအချိန်ထိ ဒုတိယအကြိမ်တွင် ဆီဗီလာအသင်းနှင့်ပွဲပေါင်း ၂၀၀ ကျော်ကြာကစားခဲ့သကဲ့သို့ စပိန်အသင်းနှင့်လည်း ၂၀၀၉ ခုနှစ်က စတင်ပါဝင်ကစားခဲ့ကာ လက်ရှိတွင် နိုင်ငံတကာပြိုင်ပွဲစုံ ၄၈ ပွဲထိ ကစားထားသူဖြစ်သည်။

နာဗက်သည် စပိန်အသင်းနှင့်အတူ ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်က ကမ္ဘာ့ဖလား ချန်ပီယံဆုကိုလည်းကောင်း၊ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က ယူရိုဖလားချန်ပီယံဆုကိုလည်းကောင်း၊ ယခုနှစ်တွင် ဥရောပနေးရှင်းချန်ပီယံဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဥရောပတွင် ကမ္ဘာ့ဖလား၊ ယူရိုဖလားနှင့် ဥရောပနေးရှင်းလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

STA

# ဝင်ဘယ်ဒန်ပြိုင်ပွဲအပြီးတွင် ကစားသမားဘဝမှ အနားယူမည်ဟု ကွန်တာဗိတ် ပြောကြား

**တာလင်း ဇွန် ၂၀**

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်ခဲ့ဖူးသော အက်စ်တိုးနီးယားတင်းနစ်မယ် ကွန်တာဗိတ်သည် ယခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပစ်မှတ်ထားနေပြီး ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲအပြီးတွင် ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်ဟု ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိ ကွန်တာဗိတ်သည် တင်းနစ်လောကတွင် ကာလရှည်ကျင်လည်သွားလိုသော်လည်း နောက်ကျောဒဏ်ရာပြဿနာက ကစားသမားဘဝကို ဒုက္ခပေးသည့်အတွက် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲအပြီးတွင် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကွန်တာဗိတ်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဒဏ်ရာပြဿနာကြောင့် အနားယူခဲ့ရပြီး နှစ်ကုန်ပိုင်းထိ ကစားနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်အစပိုင်း ဖေဖော်ဝါရီလတွင်လည်း ဒဏ်ရာပြဿနာကြောင့် နှစ်လခန့်ထိ အနားယူခဲ့ရပြီး ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်လိုသည့်အတွက် အခြားသောပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိခဲ့သည့် ကစားသမားဖြစ်သည်။

ကွန်တာဗိတ်က “ကျွန်မရဲ့ နောက်ကျောဒဏ်ရာနဲ့ ပတ်သက်ပြီးတော့ ဆရာဝန်တော်တော်များများဆီမှာ ကုသခဲ့ဖူးတယ်။ ဆရာဝန်တိုင်းရဲ့ အကြံပြုချက်ကလဲ တင်းနစ်ဆက်ကစားနေရင် ဒဏ်ရာပြဿနာက ပြန်ဖြစ်မှာပဲဆိုပြီး အကြံပြုကြတယ်။ ကျွန်မရဲ့ဆေးအဖွဲ့ကလဲ တင်းနစ်ဆက်ကစားဖို့ မဖြစ်နိုင်တော့ဘူးလို့ အကြံပြုခဲ့ကြတယ်။ အနည်းအကျဉ်းလောက်တော့ ကစားလို့ရမယ်။ ဒါပေမဲ့လဲ ပြိုင်ပွဲဝင်ဖို့လောက်ထိတော့ မဖြစ်နိုင်တော့ဘူးလို့ ဆရာဝန်တွေက အကြံပြုတယ်။ ပြိုင်ပွဲဝင်ရင် လေ့ကျင့်ပြင်ဆင်မှုတွေ အများကြီးလုပ်ရတယ်။ လေ့ကျင့်ပြင်ဆင်မှုတွေလုပ်ဖို့အတွက်ဆိုရင် ကြံ့ခိုင်မှုပြည့်ဝဖို့လိုတယ်။ ဒါကြောင့် ကစားသမားဘဝကို မဖြစ်မနေနှုတ်ဆက်ရတော့မယ်။ ဒါပေမဲ့လဲ ကျွန်မရဲ့ဆန္ဒအရ နှုတ်ဆက်ပွဲအနေနဲ့ ဝင်ဘယ်ဒန်မှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲအပြီးမှာ ကစားသမားဘဝကနေ အနားယူမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

AZL



# ကမ္ဘာ့အဆင့်(၁)နေရာတွင် အချိန်အကြာဆုံးရပ်တည်ခဲ့ဖူးသည့် ဂေါက်သီးရိုက်မယ်အဖြစ် ဂျင်ယန်းကို မှတ်တမ်းဝင်

**ဆိုးလ် ဇွန် ၂၀**

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုသည် ဇွန် ၁၉ရက်ကထုတ်ပြန်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းအမျိုးသမီးဂေါက်သီးရိုက်လောကတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရက်သတ္တပတ်အများဆုံးရပ်တည်နိုင်သည့် ဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့ကောင်း YNA သတင်းဌာနက ဇွန် ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

ဂျင်ယန်းကိုသည် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရက်သတ္တပတ် ၁၅၈ ပတ်ထိ ရက်တည်နိုင်ခဲ့ပြီး အဆိုပါ စံချိန်မှတ်တမ်းကောင်းကို ရရှိခဲ့သည်။

လက်ရှိတွင် ဂျင်ယန်းကိုသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်းကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့သော မက္ကဆီကိုဂေါက်သီးရိုက်မယ်လိုရီနာ၏စံချိန်ကိုအမီလိုက်နိုင်ရန် ပစ်မှတ်ထားနေကြောင်းလည်း ပြောကြားခဲ့သည်။

ဂျင်ယန်းကိုသည် ၂၀၁၉ ခုနှစ် ဧပြီလမှစတင်၍ ကမ္ဘာ့အဆင့်(၁)နေရာသို့ ပထမဦးဆုံးအကြိမ်ရောက်ရှိခဲ့ဖူးပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ရက်သတ္တပတ် ၁၀၀ ဆက်တိုက် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ဖူးသည်။

ဂျင်ယန်းကိုသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် လက်ကောက်ဝတ်ဒဏ်ရာရရှိခဲ့ပြီး နောက်ပိုင်းအောင်မြင်မှုများဖြင့်ဝေးကွာခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာကို ဖယ်ပေးခဲ့ရသည်။

၂၀၂၃ ခုနှစ် မတ်လနှင့်မေလတို့တွင် LPGA ဆုဖလားနှစ်လုံးရရှိခဲ့ပြီးနောက် မေ ၂၂ ရက်မှစတင်၍ ကမ္ဘာ့အဆင့်(၁)နေရာသို့ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျင်ယန်းကိုသည် လာမည့်ရက်ပိုင်းအတွင်း အမေရိကန်နိုင်ငံ မေရီလန်းတွင်ကျင်းပမည့် KPMG Women's PGA Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် မည်ဖြစ်ကြောင်း သိရသည်။ AZL

# သဘာဝဓာတ်ငွေ့ထုတ်လုပ်ရာတွင် တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်မှုအလားအလာ

ယူကရိန်းပဋိပက္ခဖြစ်ပွားသည့် ကာလအတွင်း ရုရှားနှင့်တရုတ်တို့ကြား ကုန်သွယ်မှုပိုမိုမြင့်တက်လာခဲ့သည်။ တရုတ်သည် ကာလရှည်စီမံကိန်းဖြစ်သည့် ရုရှားမှ တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့မည့် Power of Siberia-2 (PoS-2) ဆွေးနွေးညှိနှိုင်းခြင်းအပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုတွင် အသာစီးရရှိလျက်ရှိသည်။ တရုတ်နိုင်ငံသည် ဆွေးနွေးညှိနှိုင်းမှုကာလ သတ်မှတ်ချက်နှင့်ရလဒ်များကို စိတ်တိုင်းကျသတ်မှတ်သွားဖွယ်ရာရှိနေသည်။ အမေရိကန် အထူးသဖြင့် ဥရောပနှင့် စီးပွားရေးလုပ်ဆောင်မှုကို ဆက်လက်ထိန်းသိမ်းသွားလိုသည့် တရုတ်၏ဆန္ဒကြောင့် PoS-2 သည် ယူကရိန်းပဋိပက္ခမပြီးဆုံးသေးမီ သဘောတူညီချက် ရရှိနိုင်မည်မဟုတ်သေးကြောင်း သုံးသပ်ပြောဆိုမှုများလည်းရှိနေသည်။ ဘဏ္ဍာရေးဆိုင်ရာ စွန့်စားရနိုင်ခြေများနှင့် အပြန်အလှန်ယုံကြည်မှုအားနည်းခြင်းသည် စီမံကိန်းလုပ်ငန်းအပေါ် ကန့်သတ်ချက် ဆက်လက်ဖြစ်ပေါ်စေလျက်ရှိသည်။

PoS-2 ညှိနှိုင်းမှုများသည် လတ်တလောတွင် တိုးတက်ဖွယ်ရာမရှိသေးဘဲ အချိန်ကာလ ပိုမိုယူသွားဖွယ်ရာရှိနေသည်ဟုဆိုသည်။ သို့သော် PoS-2 သည် ရုရှားနှင့်တရုတ်ကြား သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် တစ်ခုတည်းသောနည်းလမ်းတော့ မဟုတ်ချေ။ ရုရှားနှင့်တရုတ်တို့သည် အလယ်အာရှမှ သဘာဝဓာတ်ငွေ့ သွယ်ဝိုက်တင်ပို့မှုနည်းလမ်းအပြင် သဘာဝဓာတ်ငွေ့အရည် (LNG) တင်ပို့ခြင်း စသည့်သွယ်ဝိုက်သောနည်းလမ်းများ အပါအဝင် အခြားအစားထိုးလမ်းကြောင်းများဖြင့် နှစ်နိုင်ငံကြား သဘာဝဓာတ်ငွေ့စီးဆင်းမှုကို မြှင့်တင်လျက်ရှိသည်။

အနောက်အုပ်စုသည် PoS-2 နှင့်စပ်လျဉ်း၍ အလွန်အမင်း စိုးရိမ်ပူပန်နေရန်မလိုအပ်သော်လည်း အလယ်အာရှကို သတိထားစောင့်ကြည့်သွားရန် လိုအပ်သည်။ အမေရိကန်နှင့် ဥရောပ ဘယ်လ်ဂျီယံနိုင်ငံတို့အနေဖြင့် တရုတ်-ရုရှား LNG ပူးပေါင်းဆောင်ရွက်မှုကို ကန့်ကွက်သွားသင့်သော်လည်း ဥရောပ၏ ဆောင်းရာသီကာလဖြစ်သည့် ၂၀၂၄ ခုနှစ် ဖြေလထိ သဘာဝဓာတ်ငွေ့ လိုအပ်ချက်ရှိနေမည်ဖြစ်သည့်အတွက် အဆိုပါကာလကျော်လွန်မှသာလျှင် ကန့်ကွက်မှုများလုပ်ဆောင်နိုင်မည်ဖြစ်သည်။

**တရုတ်နိုင်ငံက သဘာဝဓာတ်ငွေ့ ဘာကြောင့် တင်သွင်းနေရသလဲ**

သဘာဝဓာတ်ငွေ့သည် တရုတ်နိုင်ငံ၏ မြို့ပြလေအရည်အသွေးကို တိုးတက်စေလျက်ရှိသောကြောင့် တရုတ်ကွန်မြူနစ်ပါတီ (CCP)အတွက် တာဝန်ထမ်းဆောင်မှုနှင့် နိုင်ငံရေးဆိုင်ရာလုံခြုံမှုတို့ကို တိုးမြှင့်ပေးနိုင်သည်။ ဆိုရလျှင် သဘာဝဓာတ်ငွေ့သည် တရုတ်နိုင်ငံ၏ မြို့ပြဒေသ လေထုညစ်ညမ်းမှု လျှော့ချရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကန့်ကွက်လှုပ်ရှားမှုများကို လျှော့ချရာတွင်လည်း CCP ၏ အမြင်သဘောထားကို အထောက်အကူပြုလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်လွန်ကာလများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူထုလှုပ်ရှားမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

CCP သည် မြို့ပြလေထုညစ်ညမ်းမှု လျှော့ချခဲ့သည့်အပြင် ကျောက်မီးသွေးအစား သဘာဝဓာတ်ငွေ့ကို အစားထိုးအသုံးပြုခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုစံနှုန်းများနှင့် နည်းပညာများကို ထိန်းချုပ်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် တရုတ်နိုင်ငံမြို့ပြဒေသများတွင် သဘာဝဓာတ်ငွေ့သုံးစွဲကာ လေထုညစ်ညမ်းမှု လျှော့ချခဲ့သည်။ သဘာဝဓာတ်ငွေ့သည် ကာဗွန်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်သည့်တိုင်အောင် ကျောက်မီးသွေးကို အသုံးပြုသည်ထက် ပိုမိုသန့်ရှင်းသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏သဘာဝဓာတ်ငွေ့ တင်သွင်းမှုသည် ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း လေးဆမြင့်တက်ခဲ့ပြီး မြို့ပြဒေသ လေထုညစ်ညမ်းမှုလျှော့ချရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

သို့သော် မြို့ပြဒေသ လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် သဘာဝဓာတ်ငွေ့ကို ပြောင်းလဲအသုံးပြုသွားမလားဆိုသော CCP ၏ရှုထောင့်ကိုမူ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ တရုတ်၏ မြို့ပြလေထုအရည်အသွေးညွှန်းကိန်း (AQI)သည် ၂၀၂၃ ခုနှစ်



တွင် ၂၀၂၁ ခုနှစ်ကထက် သိသိသာသာမြင့်တက်လာသဖြင့် လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာကြောင်း ဖော်ပြလျက်ရှိသည်။

AQI မြင့်မားရသည့် နောက်ကွယ်မှအကြောင်းတရားများစွာရှိနေသည်။ တရုတ်နိုင်ငံမြောက်ပိုင်းသည် ယခုနှစ်ဆောင်းရာသီတွင် သဘာဝဓာတ်ငွေ့ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး တရုတ်သည် အေးမြသောဆောင်းကာလကို ကျော်ဖြတ်ခဲ့ရသဖြင့် လေထုညစ်ညမ်းမှု မြင့်တက်ခဲ့ရသည်။ CCP အနေဖြင့် လေထုအရည်အသွေးတိုးတက်အောင် လိုက်နာဆောင်ရွက်သွားမည်ဆိုသော ခိုင်မာသောစိတ်ဆန္ဒမရှိဘဲ လေထုညစ်ညမ်းမှုကို အခိုက်အတန့်ပြဿနာလောက်သာ သဘောထားနေမည်ဆိုလျှင် သဘာဝဓာတ်ငွေ့တင်သွင်းလိုသည့် တရုတ်နိုင်ငံ၏ဆန္ဒနှင့် PoS-2 အပေါ် စိတ်ဝင်စားမှုများ မှေးမှိန်လာစေမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့မူဝါဒကိုစွမ်းအင်လုံခြုံမှု၊ အထူးသဖြင့် CCP ၏ နိုင်ငံရေးဆိုင်ရာ လုံခြုံမှုလိုအပ်ချက်များနှင့်အညီ ဆုံးဖြတ်ထားခြင်းဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုသည် တရုတ်၏ဦးစားပေးလုပ်ငန်းများတွင်ပါဝင်ခြင်းမရှိဘဲ အမျိုးသားသဘာဝဓာတ်ငွေ့ မူဝါဒအပေါ်တွင်လည်း သက်ရောက်မှုအနည်းငယ်လောက်သာရှိသည်။ အမှန်တကယ် တရုတ်နိုင်ငံသည် ရုရှားမှဓာတ်ငွေ့တင်သွင်းခြင်းဖြင့် ကျောက်မီးသွေးအသုံးပြုသည်ထက် ရာသီဥတုပြောင်းလဲမှုကို အလျင်အမြန် လျှော့ချစေနိုင်မည်ဖြစ်သည်။

**PoS-2 စာချုပ်အလားအလာ**

ဆိုရလျှင် တရုတ်နိုင်ငံသည် မဝေးတော့သည့်ကာလအတွင်း ရုရှားနိုင်ငံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စာချုပ်သစ်ချုပ်ဆိုနိုင်ရေးအတွက် စိတ်အားထက်သန်မှုနည်းပါးလျက်ရှိသည်။ CCP အနေဖြင့် သဘာဝဓာတ်ငွေ့သုံးစွဲမှုနှင့် မြို့ပြလေထုညစ်ညမ်းမှုတို့ကို ချိန်ဆဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ဆိုက်ဘေးရီးယားဓာတ်ငွေ့ပိုက်လိုင်းစာချုပ် ချုပ်ဆိုခြင်းသည် အမေရိကန်၊ အထူးသဖြင့် ဥရောပနှင့် စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ ကူးလူးဆက်ဆံမှုများ ဆိုးကျိုးသက်ရောက်လာနိုင်မှုများအပေါ် ချိန်ဆဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ယူကရိန်းပဋိပက္ခအဆုံးမသတ်သေးမီ ရုရှားမှတရုတ်သို့ သွယ်တန်းမည့် အငြင်းပွားဖွယ်ရာရှိသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စာချုပ်ချုပ်ဆိုရန် နှောင့်နှေးနေဖွယ်ရာရှိနေသည်။

PoS-2 ဆိုင်ရာ တရုတ်-ရုရှားဆက်ဆံရေးသည် ဥရောပ၏ အကျိုးစီးပွားအပေါ်သက်ရောက်မှုများ ရှိလာနိုင်ပေသည်။ PoS-2 စာချုပ်ချုပ်ဆိုပြီးချိန်တွင် ဥရောပသို့တင်ပို့နေသည့် ရုရှား၏သဘာဝဓာတ်ငွေ့သည် တရုတ်နိုင်ငံသို့ရောက်ရှိသွားမည်ဖြစ်သည်။ ထို့ကြောင့် ရုရှားနိုင်ငံအနေဖြင့် ဝယ်လက်ဖောက်သည် နှစ်ဦးကို တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်မှုဖြစ်စေပြီး ဥရောပထံမှ ဈေးနှုန်းပိုမိုရရှိလာဖွယ်ရာရှိနေသည်။ ထို့ပြင် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုမြင့်တက်လာခြင်းသည် ရုရှားနိုင်ငံ၏စီးပွားရေးကို ပိုမိုတောင့်တင်းခိုင်မာလာစေမည့်အပြင် စစ်အသုံးစရိတ်လည်း ရရှိလာမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ တရုတ်-ရုရှားသဘာဝဓာတ်ငွေ့ပိုက်လိုင်းစာချုပ်သည် အနောက်အုပ်စုအပေါ် နိုင်ငံရေးအရ သက်ရောက်မှုနက်ရှိုင်းစွာ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် PoS-2 စာချုပ်ချုပ်ဆိုသွားရန်ကြေညာခြင်းသည် ကြားနေဝါဒကျင့်သုံးနေရာမှ ရုရှားအား အားပေးထောက်ခံမှုကိုပွင့်လင်းစွာဖွင့်ဟလာသဖြင့် အနောက်အုပ်စုနှင့် တရုတ်နိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ဆက်ဆံရေးတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ် စာချုပ်ကို မကြာမီ ချုပ်ဆိုသွားဖွယ်ရာမရှိသေးသော်လည်း ရုရှားနှင့်တရုတ်နိုင်ငံတို့သည် သဘာဝဓာတ်ငွေ့ဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် နည်းလမ်းများ ရှာဖွေထားရှိပြီးဖြစ်သည်။ ရုရှားနိုင်ငံသည် အလယ်အာရှသို့ သဘာဝဓာတ်ငွေ့များပိုမိုတင်ပို့ရန် ကြိုးပမ်းလျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့သွားမည်ဖြစ်သည်။ ထို့ပြင် တရုတ်အသုံးအဆောင်ပစ္စည်း ထုတ်လုပ်သူများနှင့်ဝန်ဆောင်မှုများသည် ရုရှား LNG စက်ရုံများအဆင်ပြေချောမွေ့အောင် အထောက်အကူပြုပေးလျက်ရှိသည်။ ရုရှားနိုင်ငံသည် ဥရောပသို့ သဘာဝဓာတ်ငွေ့တင်ပို့ရန် အကျပ်အတည်းဖြစ်လာသည့်အချိန်တွင် အလယ်အာရှသို့တင်ပို့သွားရန် ကြိုးပမ်းလျက်ရှိသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ရုရှားသမ္မတပူတင်သည် ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်နိုင်ငံတို့နှင့် သဘာဝဓာတ်ငွေ့အသင်း ထူထောင်သွားရန် အဆိုပြုခဲ့သည်။ ထိုသို့ ထူထောင်ခြင်းသည် ကာဇက်စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းအားဖြင့် အလယ်အာရှသို့ ရုရှား၏တိုက်ရိုက်တင်ပို့မှု တိုးမြှင့်နိုင်ပြီး ပိုလျှံသောသဘာဝဓာတ်ငွေ့ကို ရုရှားမှတရုတ်သို့ သွယ်ဝိုက်တင်ပို့နိုင်မည်ဖြစ်သည်။ ထို့ပြင် တည်ရှိပြီး ပိုက်လိုင်းများကိုအသုံးပြုခြင်းအားဖြင့် ရုရှားနိုင်ငံသည် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အနောက်အုပ်စု၏ ပိတ်ဆို့မှုများနှင့် အလယ်အာရှတွင် ရုရှားနိုင်ငံ၏ဦးဆောင်မှုအခန်းကဏ္ဍတို့ကြောင့် သဘာဝဓာတ်ငွေ့အသင်းထူထောင်သွားမည့် ဆွေးနွေးမှုများကိုလူသိရှင်ကြားထောက်ခံမှုမလုပ်ဘဲ သိုသိုသိပ်သိပ်ထောက်ခံလျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်-ရုရှား LNG ပူးပေါင်းဆောင်ရွက်မှုသည် သိသိသာသာတိုးတက်လာလျက်ရှိသည်။ တရုတ်ကုမ္ပဏီများသည် ရုရှား၏ Arctic LNG 2 စီမံကိန်းအတွက် မော်ကျူးအစိတ်အပိုင်းများ တပ်ဆင်ပေးလျက်ရှိသည်။ အထူးသဖြင့် တရုတ်အင်ဂျင်နီယာများ၏ အထောက်အပံ့နှင့်ထုတ်လုပ်မှုဆိုင်ရာအကူအညီများသည် ရုရှား၏ LNG ပိုင်းဆိုင်ရာ အခက်အခဲများကို ကျော်လွှားစေနိုင်မည်ဖြစ်သည်။

**အနောက်အုပ်စုဘယ်လိုတုံ့ပြန်သွားမလဲ**


တရုတ်နှင့်ရုရှားနိုင်ငံတို့အနေဖြင့် မဝေးတော့သည့်အနာဂတ်ကာလအတွင်း PoS-2 ပိုက်လိုင်း စာချုပ် ချုပ်ဆိုသွားဖွယ်ရာ မရှိသေးသော်လည်း အကယ်၍ ချုပ်ဆိုခဲ့သည်ရှိသော် အနောက်အုပ်စုအနေဖြင့် မည်သို့တုံ့ပြန်သွားမလဲဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ဒေသတွင်း၌ အနောက်အုပ်စု၏ လွှမ်းမိုးမှုသည်ကန့်သတ်ချက်များစွာရှိနေသည်။ အလယ်အာရှနိုင်ငံများအနေဖြင့်လည်း ဆောင်းရာသီတွင် သဘာဝဓာတ်ငွေ့ပြတ်လပ်မှုနှင့် ကြုံတွေ့ရလျက်ရှိသဖြင့် အလယ်အာရှလမ်းကြောင်းမှ တစ်ဆင့် ရုရှား၏ သဘာဝဓာတ်ငွေ့တင်ပို့မှုသည် တည်ငြိမ်လျက်ရှိသည်။ ထို့ကြောင့် အနောက်အုပ်စုအနေဖြင့် ကာဇက်စတန်နှင့်ဥဇဘက်ကစ္စတန်နိုင်ငံတို့တွင် ပြည်တွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုမြှင့်တင်နိုင်ရန် ဘဏ္ဍာရေးနှင့်နည်းပညာဆိုင်ရာ အထောက်အပံ့များ ပိုမိုပေးအပ်သွားသင့်ပေသည်။ အထူးသဖြင့် အမေရိကန်နှင့်ဘယ်လ်ဂျီယံနိုင်ငံတို့အနေဖြင့် ဒေသတွင်း၌ ၎င်းတို့၏စွမ်းဆောင်ရည်များဆိုင်ရာတွင် ကန့်သတ်ချက်များရှိလာသည်ကို အသိအမှတ်ပြုသွားရန် လိုအပ်လာပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **China-Russia May Be Expanding Natural Gas Cooperation- Jsut Not Via Power of Siberia 2 by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# ကြည့်မြင်တိုင်မြို့နယ် ရွှေတိုင်သီရိပန်းချီပြခန်းတွင် ပန်းချီဆရာ၊ ဆရာမ ကိုးဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ရွှေတိုင်သီရိပန်းချီပြခန်းတွင် ပန်းချီဆရာ၊ ဆရာမ ကိုးဦး၏ အွန်လိုင်းပန်းချီပြပွဲကို ဇွန် ၂၄ ရက်မှ ဇွန် ၃၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ပန်းချီ တင်ကိုဇော်(တီကေဇက်)က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီ အင်ဂါဦး၊ ပန်းချီ စိုးမြင့်ဦး၊ ပန်းချီ စိုးဝင်း၊ ပန်းချီ ထူးလွင်အေး၊ ပန်းချီ သာဆိုင်၊ ပန်းချီ မြတ်မင်းထွေး၊ ပန်းချီ ဆရာမ အေးအေးလင်း၊ ပန်းချီဆရာမ ဥမ္မာ၊ ပန်းချီ ဆရာမ သီတာအေးကြည်တို့၏ ရေဆေး၊ ဆီဆေး၊ ခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ လက်ရာစုံပန်းချီကား ၅၀ ကို ပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ထူးခြားချက်ကတော့ ပန်းချီဆရာ အင်္ဂါဦး၊ ပန်းချီဆရာ စိုးမြင့်ဦးနဲ့ ပန်းချီဆရာမ အေးအေးလင်းတို့ ဖွင့်ပွဲနေ့မှာ ပြခန်းမှာ လာရောက်ရေးဆွဲမဲ့ ပန်းချီကားတွေကို ပန်းချီရေးဆွဲနေစဉ်မှာ တိုက်ရိုက်လွှင့်ပြီးတော့ တိုက်ရိုက် ရောင်းချပေးမှာ ဖြစ်ပါတယ်"ဟု ပန်းချီ တင်ကိုဇော် (တီကေဇက်)က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ငါးသိန်းမှ သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# Barbie ဇာတ်ကား ပြသချိန် ဝါနာဘရားသားကုမ္ပဏီ အတည်ပြုကြေညာ

**နယူးယောက် ဇွန် ၂၀**

Barbie ဇာတ်ကားပြသချိန်ကို ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီက အတည်ပြုကြေညာထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏အဆိုအရ Barbie ဇာတ်ကား ပြသချိန်မှာ စုစုပေါင်း ၁ နာရီ ၅၄ မိနစ်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

Barbie ဇာတ်ကားတွင် မင်းသား ရိုင်ယန်ဂိုးစလင်းနှင့် မင်းသမီး မားဂေ့ါရောဘီတို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားကို နာမည်ကျော် အမျိုးသမီးဒါရိုက်တာ ဂရီတာဂျားဝစ်က တာဝန်ယူရိုက်ကူးပေးထားသည်။

Barbie ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမူ ဒါရိုက်တာ ဂရီတာဂျားဝစ်က ဇာတ်ညွှန်းရေးဆရာ နိုအာဘောင်းဘက်နှင့် ပူးတွဲရေးသားပေးထားသည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် Barbie ဇာတ်ကားကို လာမည့် ဇူလိုင် ၂၁ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။ KKO



# မြူနဲ့ရေးတဲ့တိမ် ရုပ်သံဇာတ်လမ်းတွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော၊ ပင်းတယဒေသတွင် ရိုက်ကူးသွားမည်ဖြစ်

**ရန်ကုန် ဇွန် ၂၀**

Channel 8 Myanmar Production က ရိုက်ကူးထုတ်လုပ်မည့် မြူနဲ့ရေးတဲ့တိမ် ရုပ်သံဇာတ်လမ်းတွဲကို ဇွန်လကုန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကလော၊ ပင်းတယဒေသတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ EMMA က ပြောပြ၍ သိရသည်။

မြူနဲ့ရေးတဲ့တိမ် ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ရွှေပြည့်က ရေးသားထားကာ ဒါရိုက်တာ EMMA က ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ပြီး တွဲဖက်ဒါရိုက်တာအဖြစ် ဒါရိုက်တာ Zee က တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းပုံစံလေးက ၁၉၇၀ ပြည့်နှစ်၊ ၁၉၈၀ ပြည့်နှစ် ပတ်ဝန်းကျင်ပုံစံကို ရည်ရွယ်ပြီး ရိုက်ကူးထားတာဖြစ်တယ်။ ဇာတ်လမ်းထဲမှာ ထူးခြားတဲ့အရာလေးတွေရှိတယ်။ Production Design က ထူးခြားမှုရှိတယ်။ ၁၉၇၀ ပြည့်နှစ်၊ ၁၉၈၀ ပြည့်နှစ် ပတ်ဝန်းကျင်မှာရှိတဲ့ အဝတ်အစားပိုင်းတွေကိုလဲ သေချာလေးပြင်ဆင်ပြီး



လုပ်ထားတယ်။ နိုင်ငံခြားကုမ္ပဏီတွေကလဲ ဒီဇာတ်ကားလေးတွေကို ကမ်းလှမ်းထားတာရှိတယ်။ မြန်မာနိုင်ငံမှာရိုက်ကူးမဲ့ ဒီဇာတ်လမ်းလေးကို တခြားနိုင်ငံတွေမှာ ပြသဖို့အတွက် လာပြီးကမ်းလှမ်းတာရှိတယ်။ ပြသမဲ့နိုင်ငံတွေကိုတော့ နောက်ပိုင်း အသိပေးသွားမှာပါ"ဟု ဒါရိုက်တာ EMMA ကပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အုပ်စိုးခန့်၊ Ashley Bay Bay၊ မင်းခန့်သူရိန်၊ ရဲမွန်၊ ပန်းရောင်ခြယ်၊ ဝူဝူ၊ အိမ့်ဆု၊ ဝွမ်းပုံကြီး၊ ဆုထက်ကုဋေ စသည့်သရုပ်ဆောင်များ ပါဝင်မည်ဖြစ်ကြောင်း၊ရုပ်သံဇာတ်လမ်းတွဲတွင် အပိုင်း (၁၂) ပိုင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Cinderella's Revenge ဇာတ်ကား၌ လော်ရန်းစတာ့နှင့်နာတာရှာဟန်းစထရစ်တို့ပါဝင်မည်

**နယူးယောက် ဇွန် ၂၀**

ကမ္ဘာကျော် စင်ဒရဲလား ဇာတ်ကောင်ကို အခြေခံမည့် Cinderella's Revenge အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားတွင် မင်းသမီး လော်ရန်းစတာ့နှင့် နာတာရှာဟန်းစထရစ်တို့ ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

Cinderella's Revenge ဇာတ်ကားတွင် စင်ဒရဲလား ဇာတ်ကောင်ကို မိထွေးနှင့်သမီးများအား လက်စားချေမည့် စင်ဒရဲလား ဇာတ်ကောင်အဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် လော်ရန်းစတာ့က စင်ဒရဲလားဇာတ်ကောင်နေရာတွင် သရုပ်ဆောင်မည်ဖြစ်ပြီး နာတာရှာဟန်းစထရစ်က စင်ဒရဲလား၏ အစောင့်အရှောက်နတ်သမီးအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

Cinderella's Revenge ဇာတ်ကားကို ဒါရိုက်တာ အင်ဒီအက်ဒွပ်က ရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်မည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

ကမ္ဘာကျော် စင်ဒရဲလား ဇာတ်ကောင်ကိုပင် အခြေခံထားသည့် အခြားထိတ်လန့်သည်းဖို ဇာတ်ကားတစ်ကားမှာ ယခုနှစ် အောက်တိုဘာလတွင် ရုံတင်မည့် Cinderdl-la's Curse အမည်ရှိ ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO





# သင်္ဃန်းကျွန်းမြို့နယ် ZEC Art Studio & Gallery တွင် ခေတ်ပြိုင်ပန်းပုလက်ရာများကို အွန်လိုင်းပြပွဲပြုလုပ်ပေးမည်

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ZEC Art Studio & Gallery ပြခန်းတွင် ရန်ကုန်၊ ပဲခူးနှင့် မန္တလေးမှ ပန်းပုဆရာများ၏ ခေတ်ပြိုင်ပန်းပုလက်ရာများကို အွန်လိုင်းပြပွဲပြုလုပ်ပေးမည်ဖြစ်ကြောင်း ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

ခေတ်ပြိုင်ပန်းပုလက်ရာများ အွန်လိုင်းပြပွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၈ ရက်ထိ ပြသပေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာမှ ပန်းပုဆရာများ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်မှ ပန်းပုဆရာများ၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ပန်းပုဆရာများ၏ပန်းပုလက်ရာ ၃၀ ခန့်ကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပြခန်းကနေ ပန်းပုကားချပ်တွေ လေလံတင်တာ လေလံဆွဲယူသူ၊ စုဆောင်းသူတွေ ရှိလာတဲ့အတွက် အခုမန္တလေးက ပန်းပုဆရာကြီး ဦးဝင်းမောင်ထုလုပ်ထားတဲ့ ပန်းပုကားချပ်တွေ၊ ရန်ကုန်က ပန်းပုဆရာကြီး ဦးအေးချမ်းနဲ့ ပဲခူးက ပန်းပုဆရာကြီး ဦးသိန်းထွန်းတို့ရဲ့ လက်ရာပန်းပုကားချပ်တွေကို အွန်လိုင်းကနေ ပြသပေးမှာဖြစ်ပါတယ်"ဟု ဦးအောင်အောင်ဇော်က ပြောပြသည်။

အဆိုပါ ပန်းပုလက်ရာများမှာ အမြင့် ခြောက်လက်မမှ အမြင့် ၁၇ လက်မထိ အရွယ်အစားအမျိုးမျိုး ပါဝင်ကာ လူတစ်ပိုင်းပုံ၊ နန်းတွင်းသူ၊ မြင်းရိုင်းများ၊ တောဘုရင်ခြင်္သေ့၊ ယုန်သူငယ် စသည်ဖြင့်အရုပ်မျိုးစုံ ပါဝင်ကာ ကျွန်းသား၊ ပိတောက်သား၊ ယမနေသားများဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး ဈေးနှုန်းမှာ ငွေကျပ် ခြောက်သိန်းမှ ငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။ ASH

# Dried sea fish from Pyapon gets high demand in June


Various kinds of dried sea fish for sale at a market.

**Pyapon June 20**

Dried sea fish from Pyapon Township, Pyapon District, Ayeyawady Region got high demand in June, said Daw Swe Swe Khaing, a fish and dried wholesale trader in Pyapon Township.

Last March and April in Pyapon Township, only up to 40 visses of dried fish were sold per day, and from June 1 till today, up to 120 visses of dried fish were being sold.

"Currently, up to 120 visses of dried fish are sold daily. Dried fish are mainly sent to Pathein and Yangon. Sales are going up a lot more than before. Yangon residents are buying more than before, so sales are brisk. We are systematically producing dried sea fish from Pyapon Township and sending them to the Yangon and Pathein markets. Although dried fish gets high demand, the price of dried fish is not increased. Because the sale of dried fish has increased, lives of fishermen, dried fish businessmen and workers who are key in making dried fish have become good." She said. KKL

# Titanic sub: What we know about the search for the Ocean-Gate submersible

**Washington June 20**

A massive search and rescue effort is under way in the North Atlantic after a submersible exploring the wreck of the Titanic went missing on Sunday.

The research vessel Polar Prince lost contact with the crew of the Titan sub an hour and 45 minutes into its dive. The US Coast Guard estimated the sub had between 70 and 96 hours of emergency oxygen, as of 17:00 EST (22:00 BST) on Monday.

Tour firm OceanGate said it was exploring all options to get the crew back safely, and government agencies have joined the rescue operation.

Here is what we know so far.

On Tuesday morning, US Coast Guard Rear Adm John Mauger said that the search area had been expanded to deeper waters after a night of searching that ultimately proved unsuccessful.

David Mearns, a marine scientist and expedition leader who has been following the operation, also told the BBC that a commercial pipe-laying ship had arrived in the area to help.

"We're just hoping that it has the capabilities to reach those kind of depths - 3,800 metres - to search for the submersible and have the ability to recover it," he said. "There is some hope that that could happen." BBC

# Myanmar plans to increase the sale of value-added food products using mangos

**Mandalay June 20**

Myanmar Mango Market and Technology Development Association is planning to expand the production of food products in Mandalay Region, and they are planning to expand the production and sale of value-added food products with mangoes, said U Kyaw Soe Naing, secretary of the association.

After expanding the production of value-added food products with these mangoes, plans will be made to export them to foreign countries through Mandalay. It is also reported that production techniques will be taught in cooperation with the local food production experts, international food and technology experts and Department of Small Scale Industries and will be produced and sold.

"Domestic consumers as well as international consumers like the mangos, so we are preparing to produce mangoes as high-tech food products," he explained.

In making these value-added food products, there are also plans to continue working with various fruits such as plums, cucumbers, lemons and grapes besides mangoes, which are mainly produced in Mandalay Region, as value-added food products by sector-specific entrepreneurs.

185


Various kinds of mangoes for sale at a market.

# Paris 2024 Olympics: French police raid organisers' head-quarters

**Paris June 20**

French police are searching the headquarters of the organisers of the Paris 2024 Olympic Games.

Officials say the raids are part of two preliminary corruption investigations.

The BBC understands the police are looking into allegations of favouritism and misuse of public money in the attribution of construction contracts.

A spokesperson for the Paris 2024 organising committee told the BBC the body was "co-operating fully with the investigators".

On Tuesday, anti-corruption investigators arrived unannounced at the headquarters of the Olympics organising committee in Saint-Denis, a Paris suburb, as well as at the offices of Solideo, the public body in charge of building projects for the games, the BBC's Hugh Schofield in Paris reports.

The French judicial organisation responsible for tracking down financial crime, the PNF, later confirmed to the BBC that their searches were being carried out across several locations involving the two organisations.

The 2024 Olympics take place from 26 July to 11 August, with the Paralympics running in September. BBC


The Paris Olympics take place from 26 July to 11 August 2024.

# Kayin State to implement separate pig farm zone for local food sufficiency

**Hpa-an June 20**

Kayin State government issued a press release on 19 June, stating that a separate pig farm zone will be established for ensuring local food sufficiency in Kayin State.

The zone will be located on 49.84 acres of land on field 1099-B in Mizan Village, field 1099-D and Patok pastureland and Patoktaung field,west of the industrial zone on Hpa-an-Hlaingbwe road in Kayin State.

The pig farm zone aims to create employment to local people, ensure food sufficiency, increase meat production and send finished goods of livestock breeding sector to the market.

The zone will comprise purchase centre, office, medicine and feed shops. Moreover, as the area of zone is located upstream the dam, animal waste will be kept systematically not to cause water pollution as well as to make natural fertilizers.

The pig separate farm zone is implemented to accomplish the guidance of the Prime Minister. Hence, the zone will breed pedigree pig species. The interested persons can apply for breeding pigs at the farm zone.

Initially, the zone will be facilitated with circular roads, entrance road and exit. Some 50 plots will be allocated in the zone, and eac plot will be 0.75 acre. Assistance will be provided to operate pig farming with modern techniques.

The Kayin State Chief Minister and officials inspected the site chosen for implementatio of the separate pig farm zone on 18 June. 336

# Authorities plan to implement over 690 rural water supply projects in 660 villages using state funds in 2023-2024 FY


A rural water supply project being implemented in a village.

**Nay Pyi Taw June 20**

More than 690 rural water supply projects will be implemented in more than 660 villages in 2023-2024 FY, according to reports from the Ministry of Cooperatives and Rural Development.

The Department of Rural Development under the ministry is implementing rural water works according to fiscal year so that all rural people can have access to good and safe drinking water by the year 2030.

From the fiscal 2019-2020 FY to the mini-budget period of 2021-2022 FY, 10,047 rural water supply projects in 9,420 villages were approved by using initial funding, additional funding, national support fund (in collaboration with UNICEF), fund for tropical water access project and state and regional funds.

Furthermore, 988 rural water projects were implemented in 883 villages in 272 townships with federal funds in 2022-2023 FY.

In 2023-2024 FY, authorities planned to implement 699 rural water projects in 669 villages. 336

# Over 780 students enroll in 8 schools for the disabled in 2023-2024 academic year

**Nay Pyi Taw June 20**

Education authorities accepted more than 780 students in eight schools for the disabled till June in 2023-2024 academic year, according to the news from the Ministry of Social Welfare, Relief and Resettlement released on June 16.

According to the 2014 population and housing census, the number of people with disabilities in Myanmar is 2.3 million, which is 4.6 percent of the country's population.

Among these disabled people, there are 2.5 percent of visually disabled, 1.3 percent of hearing disabled, 1.9 percent of physically disabled, and 1.7 percent of intellectually disabled.


Students with disabilities in the process of learning.

Therefore, the Department of Social Welfare under the ministry has been implementing care processes for persons with disabilities to ensure the basic rights of persons with disabilities in Myanmar and ensure their development in life.

There are five disabled training schools in Yangon, two in Mandalay and one in Sagaing to take care of the disabled, provide school education, and teach vocational skills. 336

# Agricultural, livestock farmers open direct shops for products

**Bago June 20**

Under the leadership of Bago Region government, those engaging in agriculture and livestock farms themselves open shops to sell products to local people in Bago Region, according to the Bago Region government on 18 June.

They started sales of goods in front of Thiri Oktha Myoma market market in Bago, as from 17 June. Likewise, agricultural and livestock farmers themselves sell rice, cooking oil, fish, chicken, pork, beef, mutton and vegetables at relevant Myoma markets in 27 townships of the region.

As such, local consumers have chances to buy the goods at reduced prices. So, these markets are bustling with vendors and buyers.

The Bago Region chief minister viewed roud the market in front of Thiri Oktha Myoma market in Bago on 18 June and cordially conversed with local people.

The Chief Minister stressed the need to arrange roofs and walls of shops for sellers, disseminating information on saily sales of goods at fairer prices to all parts of the region, supervising selling fresh goods at fairer prices, collecting waste and managing sales of domestic products.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Fertilizers, pesticides worth over K420 million sold in two months this fiscal year

**Nay Pyi Taw June 20**

Cooperative societies sold fertilizers and pesticides worth over K420 million in two months from April to May in the current 2023-2024 financial year, according to sources released by the Ministry of Cooperatives and Rural Development on 19 June.

The Cooperatives Department under the ministry is working on forming cooperatives syndicates and conducting cooperatives related education campaigns in line with the cooperatives society law and rules.

It is also cooperating with other relevant organizations in providing small loans, selling farm machinery and equipment in installments, developing the cooperative industry and promoting the economy, education and health of the families of the cooperatives societies. It is also collaborating with international cooperatives associations in production, trade and service activities.

Among those tasks, the agriculture sector has been prioritized with the aim of developing Myanmar's agricultural sector, enabling farmers to well handle farm activities while agricultural inputs are being distributed at fair prices.

As such, fertilizers and pesticides worth over K429.643 million were sold to farmers in two months from April to May this fiscal year. 336


Bags of fertilizer being transported.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အစ္စရေးနိုင်ငံ Rafael ကုမ္ပဏီက Sky Sonic ကြားဖြတ်ဒုံးကျည်သစ်တစ်မျိုး ထုတ်ဖော်ပြသ




အစ္စရေးနိုင်ငံ Rafael Advanced Defense Systems သည် Hypersonic ခြိမ်းခြောက်မှုများကို ချေမှုန်းရန် ဒီဇိုင်းထုတ်ထားသည့် Sky Sonic ကြားဖြတ်ဒုံးကျည်သစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့သည်ဟု www.thedefensepost.com သတင်းရင်းမြစ်က ဇွန် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Sky Sonic သည် လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ဝင်ရောက်လာသော ရန်သူ့ဒုံးကျည်များကို တိုက်ရိုက်ထိမှန်ဖျက်ဆီးခြင်းဖြင့် ကြားဖြတ်ဟန့်တားနိုင်သည့် hit-to-kill နည်းပညာ အသုံးပြုထားသည်။

၎င်းတွင် ပြောင်းလွယ်ပြင်လွယ်ရှိစွာ တည်ဆောက်ထုတ်လုပ်ထားပြီး အနာဂတ်တွင် နောက်ထပ်အဆင့်မြှင့်တင်မှု အစိတ်အပိုင်းများကို ချောမွေ့စွာပေါင်းစပ်နိုင်စေရန်အတွက် Open Architecture ဖွဲ့စည်းတည်ဆောက်မှုမျိုးဖြစ်သည်။

Rafael ကုမ္ပဏီက Hypersonic ဒုံးကျည်များဖြင့် ခြိမ်းခြောက်မှုမြင့်မားလာခြင်းသည် တုံ့ပြန်ဆောင်ရွက်မှုများပြုလုပ်ရန် ပိုမိုလိုအပ်လာကြောင်း၊ ပဲ့ထိန်းဒုံးကျည်များနှင့်မတူဘဲ Hypersonic ဒုံးကျည်များသည် ၎င်းတို့၏ပျံသန်းမှုလမ်းကြောင်းအလယ်လောက်တွင် ရုတ်ချည်းလမ်းကြောင်းပြောင်းလဲပျံသန်းနိုင်ပြီး ထူးခြားကောင်းမွန်သော တိကျမှုနှင့်ထိန်းကျောင်းနိုင်မှုတို့ကို ပိုင်ဆိုင်ထားကာ မယုံကြည်နိုင်လောက်အောင် အရှိန်အဟုန်မြင့်မားစွာ ပျံသန်းနိုင်ကြကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

“Hypersonic ခြိမ်းခြောက်မှုတွေကို အောင်မြင်စွာ ခုခံကာကွယ်ရာမှာ သူတို့ရဲ့အမြန်နှုန်းကို တန်ပြန်ရုံသာမက သူတို့ရဲ့ မှန်းလို့မရနိုင်တဲ့ပျံသန်းမှုလမ်းကြောင်းတွေကို ထိထိရောက်ရောက်ခြေရာခံတာ၊ ထောက်လှမ်းတာနဲ့ ကြားဖြတ်တာတွေလဲ ပါဝင်တဲ့ ဘက်စုံချဉ်းကပ်မှုလိုအပ်ပါတယ်” ဟု Rafael ကုမ္ပဏီက ပြောကြားခဲ့သည်။

Sky Sonic ကြားဖြတ်ဒုံးကျည်ကို လာမည့် သီတင်းပတ်တွင်ပြုလုပ်မည့် Paris Air Show လေကြောင်းပြပွဲ၌ ပထမဆုံးအကြိမ် အများပြည်သူသို့ ထုတ်ဖော်ပြသသွားမည်ဖြစ်သည်။

Rafael ကုမ္ပဏီသည် Hypersonic ခြိမ်းခြောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ခုခံကာကွယ်နိုင်စွမ်းကို ပိုင်ဆိုင်နိုင်ရန် တီထွင်ရာတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရကြောင်း Rafael ကုမ္ပဏီက ရှင်းပြခဲ့သည်။

Sky Sonic ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်၏ ထောက်လှမ်းမှုနှင့်ခြေရာခံနိုင်မှုတွင် အခက်အခဲများကို ဖော်ပြထားပြီး တိကျသောလမ်းကြောင်း ကြိုတင်ခန့်မှန်းမှု လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့သည်ဟု ကုမ္ပဏီက ဖော်ပြခဲ့သည်။

ဤစိန်ခေါ်မှုများ ရှိနေသော်လည်း Hypersonic ဒုံးကျည်ကာကွယ်ရေးအတွက် အဓိကနည်းပညာဆိုင်ရာ ခုန်ပျံကျော်လွှားမှုမှတ်တိုင်စိုက်ထူနိုင်ခဲ့ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

Sky Sonic ဒုံးကျည်သည် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြစ်ပြီး အသံ၏အမြန်နှုန်း ၁၀ ဆဖြင့် ပျံသန်းဝင်ရောက်လာမည့် ခြိမ်းခြောက်မှုများ၊ ပြိုင်ဘက်ကင်းတိကျမှုနှင့်ကိုယ်ပျောက်စွမ်းဆောင်ရည်များဖြင့် ချေဖျက်နိုင်စွမ်းရှိကြောင်း သိရသည်။

Rafael ကုမ္ပဏီက လက်နက်ကိုင်တပ်ဖွဲ့များထံ အဆိုပါဒုံးကျည်ကိုမည်သည့်အချိန်တွင် တပ်ဖြန့်လွှဲပြောင်းပေးမည်ဆိုသည့်အချိန်ကာလကိုမူ ဖော်ပြထားခြင်းမရှိပေ။

အစ္စရေးသည် ၎င်း၏ရန်သူ အီရန်က အသံ၏ အမြန်နှုန်း ၁၅ ဆထိပျံသန်းနိုင်သော ပဲ့ထိန်းဒုံးကျည်ကို တီထွင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပြီးနောက် သီတင်းပတ်အနည်းငယ်အကြာတွင် အစ္စရေးက ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့သည်။

အကွာအဝေး ကီလိုမီတာ ၁၄၀၀ (မိုင် ၈၇၀)ထိ ပျံသန်းတိုက်ခိုက်နိုင်သော အဆိုပါဒုံးကျည်သည် နိုင်ငံ၏ဟန့်တားမှုစွမ်းအားကို မြှင့်တင်ပေးနိုင်ပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

Rafael ကုမ္ပဏီအနေဖြင့် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် သက်သေပြထားသော လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်၊ ပထဝီဝင်နိုင်ငံရေး သရုပ်မှန်တို့နှင့်အတူ နိုင်ငံတကာနယ်ပယ်တွင် စိတ်ဝင်စားမှုမြင့်မားလာသည့်အပေါ် သုံးသပ်ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ လက်ရှိလုံခြုံရေးအခြေအနေတွင် ဖြစ်ပေါ် တိုးတက်မှုများနှင့်ပေါ် ပေါက်လာသော ခြိမ်းခြောက်မှုများအတိုင်း တုံ့ပြန်နိုင်မည့် အဆင့်မြင့်ဆုံးကာကွယ်ရေးစနစ်များကို ဖော်ဆောင်လျက်ရှိသည်ဟု ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာ Yuval Steinitz က ပြောကြားခဲ့သည်။

**Rafael Unveils Sky Sonic’ Hypersonic Missile Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

## အင်ဒိုနီးရှားက တာဝေးရှာဖွေထောက်လှမ်းရေးစစ်ဘက်သုံးရေဒါ ၁၃ စီးကို Thales ကုမ္ပဏီထံ မှာယူထား



အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ကြီးမားလှသော ကျွန်းစုများတစ်လျှောက် ဝေဟင်ပိုင်နက် စောင့်ကြည့်ရေးကြိုးပမ်းမှုများကို အရှိန်အဟုန်မြင့် လုပ်ဆောင်နိုင်ရန် Thales ကုမ္ပဏီထံ တာဝေးရှာဖွေထောက်လှမ်းရေး စစ်ဘက်သုံးရေဒါ ၁၃ စီး မှာယူထားကြောင်း ပြင်သစ်နိုင်ငံမှ ထုတ်လုပ်ရေးကုမ္ပဏီနှင့် အင်ဒိုနီးရှားနိုင်ငံပိုင်ကာကွယ်ရေးကုမ္ပဏီ PT Len Industri က ဇွန် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

Ground Master 400 Alpha (GM400a) ရေဒါများသည် အင်ဒိုနီးရှားစစ်ဘက်ကို ဂျက်လေယာဉ်များနှင့်ဒုံးကျည်များမှ ရဟတ်ယာဉ်များနှင့် ဒရုန်းများထိ ခြိမ်းခြောက်မှု အမျိုးအစားအားလုံးကို ထောက်လှမ်းနိုင်မည်ဖြစ်ပြီး တစ်စုတစ်စည်းတည်း လေကြောင်းအခြေအနေ ကြိုတင်သတိပေးချက်ဖော်ပြမှုကို ပေါင်းစည်း လုပ်ဆောင်ပေးနိုင်သည်ဟု ကုမ္ပဏီများ၏ ပူးတွဲကြေညာချက်တွင် ပြောကြားခဲ့သည်။

နှစ်ပေါင်းများစွာ ကြာမြင့်နိုင်မည့် အဆိုပါဝယ်ယူရေးစာချုပ်အတွက် ကုန်ကျစရိတ်ပမာဏကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ရေဒါတစ်စီးစီသည် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျနိုင်ကြောင်း သိရသည်။

GM400a ရေဒါသည် အကွာအဝေး ၅၁၅ ကီလိုမီတာ (မိုင် ၃၂၀) ထိ ထောက်လှမ်းနိုင်စွမ်းရှိသော မိုဘိုင်းလ်(ယာဉ်တင်) ရေဒါအမျိုးအစားတစ်ခုဖြစ်ပြီး ၎င်းရရှိသည့် အချက်အလက်အများအပြားကို စီမံခန့်ခွဲရန်အတွက် ဉာဏ်ရည်တုစွမ်းရည်များကိုပေါင်းစပ်အသုံးပြုထားကြောင်း Thales International Pascale ၏ ဥက္ကဋ္ဌ Sourisse က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

နောက်ဆုံးမျိုးဆက်ရေဒါ ၁၃ စီး ဝယ်ယူခြင်းသည် တရုတ်နိုင်ငံက ၎င်း၏ရည်မှန်းချက်များကို အခိုင်အမာထုတ်ဖော်ပြောကြားထားသည့် နေရာဖြစ်သော အင်ဒို-ပစိဖိတ်ဒေသအခြေအနေနှင့်တိုက်ရိုက်ဆက်စပ်နေသည့် ပတ်ဝန်းကျင်လေပိုင်နက်ကို စောင့်ကြည့်ခြင်းအတွက် နိုင်ငံ၏ စိုးရိမ်ပူပန်မှုကို ပြသနေခြင်းဖြစ်ကြောင်း Sourisse က ပြောကြားခဲ့သည်။

စာချုပ်အရ Thales ကို ရေဒါများနှင့် ၎င်းတို့ရရှိသည့်ပစ်မှတ်အချက်အလက်များကို စီမံဆောင်ရွက်ပေးရန်အတွက် ကွန်ပျူတာစနစ်ပိုင်းဆိုင်ရာများကိုပါ တည်ဆောက်ပေးသွားရန် တာဝန်ယူထားသည်။

PT Len သည် စက်ကိရိယာများ တပ်ဆင်မည့် ရေဒါစခန်းများနှင့်ရေဒါများ၏ အချို့သောအစိတ်အပိုင်းများကို တာဝန်ယူထုတ်လုပ်ပေးသွားမည်ဖြစ်သည်။

ပထဝီဝင်နိုင်ငံရေး တင်းမာမှုများ ကြီးထွားလာခြင်းကြောင့် ရေဒါဈေးကွက်တွင် ခိုင်မာအားကောင်းသော တိုးတက်ဖွံ့ဖြိုးမှုများကိုဖြစ်ပေါ်စေပြီး Thales ကုမ္ပဏီသည် ၎င်း၏စက်မှုလုပ်ငန်းအဖွဲ့အစည်းကို အသွင်ပြောင်းကာ နိုင်ငံသစ်များနှင့်ပြင်သစ်နိုင်ငံတို့တွင် ထုတ်လုပ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လာနေခြင်းဖြစ်နိုင်သည်ဟု Sourisse က ပြောကြားခဲ့သည်။

“ထုတ်လုပ်မှုပမာဏအရ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့၊ နိုင်ငံအသစ်တွေမှာ တည်ထောင်ရမှာဖြစ်သလို သူတို့ရဲ့ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင်တွေ ဖန်တီးပေးပြီး နည်းပညာလွှဲပြောင်းမှုတွေကနေ ကျွမ်းကျင်ပိုင်နိုင်စေဖို့ ဒီစာချုပ်တွေကနေ အခွင့်အလမ်းကောင်းတွေ၊ ကျွမ်းကျင်မှုအသစ်တွေ ရလိုတာဟာလဲ ဖောက်သည်တွေရဲ့ လိုအပ်ချက်တွေ ဖြစ်နိုင်ပါတယ်” ဟု Sourisse က ထည့်သွင်းမှတ်ချက်ပြုခဲ့ပါသေးသည်။

**Indonesia Orders 13 Long-Range Military Radars From Thales ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လပွတ္တာမြို့နယ်တွင် မိုးစပါးမျိုးစေ့ထုတ်ဧက ၇၀၀ နှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးဧက ၃၀၀ စိုက်ပျိုးသွားမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးမျိုးစေ့ထုတ်ဧက ၇၀၀ နှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးဧက ၃၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောက်စိုက်စက်ဖြင့် မိုးစပါးဧက ၃၀၀ နှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်ဧက ၇၀၀ စုစုပေါင်းဧက ၁၀၀၀ ကို ယခုနှစ် ဇူလိုင်လ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးနှင့် မျိုးစေ့ထုတ်ဧက ၁၀၀၀ တွင် ဆင်းသုခ၊ မနော်သုခ၊ ရောမင်း၊ GW-1 စသည့်စပါးအမျိုးအစားများနှင့် ဒေသခံတောင်သူများ စနစ်တကျရွေးချယ်ထားသော စပါးအမျိုးအစားများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မျိုးစေ့ထုတ် စိုက်ပျိုးတာက နည်းပညာက အဓိကဖြစ်တယ်။ ဒါကြောင့် လိုအပ်တဲ့နည်းပညာတွေကို စပါးမစိုက်ခင် စီမံဆောင်ရွက်ပေးထားပါတယ်။ အဲဒီလိုပဲ ကောက်စိုက်စက်နဲ့စိုက်တဲ့ စိုက်ဧကကိုလဲ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးထားပါတယ်။ ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ မျိုးစေ့ထုတ်မိုးစပါးဧက ၇၀၀ နဲ့ ကောက်စိုက်စက်နဲ့ မိုးစပါးဧက ၃၀၀ စိုက်ပျိုးမှာပါ။ အခုတော့ စိုက်ဖို့ပြင်နေပါပြီ"ဟု ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ်အတွင်း ဆောင်ရွက်မည့်ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**မင်းလှ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကား ပြောကြားပြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒီကျော်က မင်းလှမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့်ဆောင်ရွက်မည့် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးကြပ်၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

မင်းလှမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နဂါးအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း တစ်မိုင် ငါးဖာလုံဖောက်လုပ်ခြင်း၊ လိန်ကြော၊ ကဒေါင်းဇောက်နှင့် မလွန်ကျေးရွာတို့၌ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းလေးခုတို့ကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၁၀ ဒသမ ၈၇၉ သန်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ ဒသမ ၁၅ သန်း စုစုပေါင်းငွေကျပ် ၂၂၇ ဒသမ ၀၂၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒီကျော်က ပြောပြ၍ သိရသည်။

**စိုးမိုးကျော်**

# ဟိုပန်မြို့နယ် ဖာလင်ရွာမကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဟိုပန် ဇွန် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန်မြို့နယ် ဖာလင်ရွာမကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၂၆ သန်းဖြင့်ဆောင်ရွက်သည့် ဖာလင်ရွာမကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီမှ တာဝန်ရှိသူများကို အဆိုပါလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဟိုပန်မြို့နယ် ဖာလင်ရွာမကျေးရွာတွင် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများဖြစ်သော စိမ့်စမ်းရေသွယ်ယူခြင်းအရှည် ၁ ဒသမ ၈ ဖာလုံ၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို သုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှုကြောင့် ဖာလင်ရွာမကျေးရွာရှိပြည်သူများ သောက်သုံးရေဖူလုံစွာရရှိပြီဖြစ်ကြောင်း ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်စိုးက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၀-၆-၂၀၂၃**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# စိုက်ပျိုးမြေများ အပြည့်အဝအသုံးချနိုင်ရန်နှင့် မြေကိုအကျိုးရှိရှိအသုံးချရန် လယ်ယာမြေများတွင် ခွင့်ပြုချက်မဲ့ဆောက်လုပ်နေထိုင်ခြင်း အသုံးမပြုစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဇွန် ၂၀**

စိုက်ပျိုးမြေများ အပြည့်အဝအသုံးချနိုင်ရန်နှင့် မြေကို အကျိုးရှိရှိအသုံးချရန် လယ်ယာမြေများတွင် ခွင့်ပြုချက်မဲ့ ဆောက်လုပ်နေထိုင်ခြင်း အသုံးမပြုစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားသုံးစွဲခြင်း၊ အဆောက်အအုံ ဆောက်လုပ်နေထိုင်ခြင်းများနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းဝင်းက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကြုံတွေ့နေရသည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း တင်ပြဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးမှုများနှင့် တက်ရောက်လာသူများ၏ အကြံပြုတင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြန်မာ့ပင်လယ်ပြင်အတွင်း စက်ပျက်မျောပါနေသော ကုန်တင်ရေယာဉ်တစ်စီးကို တပ်မတော်(ရေ)မှ ကူညီကယ်ဆယ်

**နေပြည်တော် ဇွန် ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် ညနေ ၄ နာရီခန့်တွင် ကျောက်ဖြူမြို့ အနောက်မြောက်ဘက် မိုင် ၃၀ ခန့်အကွာရှိ မြန်မာ့ပင်လယ်အတွင်း၌ ကုန်တင်ရေယာဉ်တစ်စီး စက်ပျက်မျောပါနေကြောင်း သတင်းအရသွားရောက်ရှာဖွေရာ စက်ပျက်၍ မျောပါနေသည့် MV ရွှေနန်းရှင်အမည်ရှိ ကုန်တင်ရေယာဉ်ကို ရေယာဉ်အမှုထမ်း ၁၇ ဦးနှင့်အတူ တွေ့ရှိခဲ့သဖြင့် ၎င်းကုန်တင်ရေယာဉ်ကို တွဲဆွဲ၍ ကျောက်ဖြူမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ကုန်တင်ရေယာဉ် အမှုထမ်းများကို စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ပြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဇွန် ၂၀**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ပြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စီးသည် ရခိုင်ပြည်နယ်အစိုးရမှ ဆီသွတ်ဘူး ၁၃၅၇ ဖာ၊ ပဲ ဖာ ၄၅၀ နှင့် မျောတိုင် ၅၆၈ ချောင်း စုစုပေါင်းကုန်တန်ချိန် ၃၄ တန်ကို ရေချမ်းပြင်ကမ်းထိုးရပ်မှ ဘူသီးတောင်သို့ ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

# မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဇွန် ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရာဇီးသံအမတ်ကြီးအဖြစ် မစ္စတာဂူစတာဗိုရော်ချာဒီမင်နင်းဇီးစ်ကို ခန့်အပ်ရန် ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံအစိုးရက အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာဂူစတာဗိုရော်ချာဒီမင်နင်းဇီးစ်ကို ၁၉၆၇ ခုနှစ် မတ် ၄ ရက်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် Pontifical Catholic University မှ စီးပွားရေးဘွဲ့ကိုလည်းကောင်း၊ Institute of International Relations မှ နိုင်ငံတကာဆက်ဆံရေးမဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနသို့ တတိယအတွင်းဝန်အဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်ထိ လန်ဒန်မြို့၊ ဆန်တီယာဂိုမြို့၊ ပေကျင်းမြို့နှင့် ရောမမြို့တို့ရှိ ဘရာဇီးသံရုံးများ၌လည်းကောင်း၊ ဘာစီလိုနာမြို့ရှိ ဘရာဇီးကောင်စစ်ဝန်ချုပ်ရုံး၌လည်းကောင်း သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ပေါ်တူဂီစကားပြောနိုင်ငံများ အသိုက်အဝန်းဆိုင်ရာ ဘရာဇီးအဖွဲ့ရုံး၌ သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်ထိ နိုင်ငံခြားရေးဝန်ကြီး၏ အစိုးရအဖွဲ့ ဒုတိယအကြီးအကဲနှင့် ကျန်းမာရေးဝန်ကြီး၏ ဝန်ကြီးရုံးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို အထူးပြပွဲခင်းကျင်းပြသရန်အတွက် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ခေတ္တပိတ်ထားမည်

(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ကို ၂၇-၆-၂၀၂၃ ရက်မှ ၁၈-၇-၂၀၂၃ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်းနှင့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)တို့ကို ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိသည်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ၂၁-၆-၂၀၂၃ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ကော့ကရိတ်မြို့ သိမ်ဇရပ်မြို့အတွင်းသို့ KKO (ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့်လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၇ ရက်မှစ၍ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အမေရိကန်နိုင်ငံက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB)တို့ကို စီးပွားရေးပိတ်ဆို့ကန့်သတ်မှုစာရင်းတွင် ထည့်သွင်းမည်ဟုထင်မြင်ချက်အမျိုးမျိုးထွက်ပေါ်နေမှု သတင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ပြောကြားချက်




အမေရိကန်နိုင်ငံအနေနဲ့ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်(MFTB)နဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB)တို့ကိုစီးပွားရေးပိတ်ဆို့ကန့်သတ်မှုစာရင်းမှာထည့်မယ်လို့ထင်မြင်ချက်အမျိုးမျိုးထွက်ပေါ်နေမှု သတင်းများနဲ့ ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလိုပြောကြားထားပါတယ်။

"ထိုင်း TVS သတင်းက ဒီနေ့ထွက်လာတဲ့သတင်းပေါ့လေ။ အမေရိကန်အနေနဲ့ကတော့ ခုအချိန်အထိ တရားဝင်ထုတ်ပြန်တာတော့မတွေ့သေးပါဘူး။ ပထမအချက်ပြောလိုတာကတော့ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ်မှာ တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့သတင်းထွက်ပေါ်လာတာပေါ့။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)ရယ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB)တွေကို စီးပွားရေးပိတ်ဆို့ကန့်သတ်မှုတွေကိုအရေးယူတင်သွင်းမယ်ဆိုတဲ့ ထွက်ပေါ်လာတာပေါ့။ ဒါနဲ့ပတ်သက်ပြီး နံပါတ်တစ်အချက်ပြောလိုတာကတော့ အရင်တုန်းကလည်း အဲလိုမျိုးအရေးယူပိတ်ဆို့မှုတွေ ကြုံခဲ့ရပါတယ်။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်က နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်းတွေကို ယခင်တုန်းကလည်း စနစ်တကျဆောင်ရွက်ပေးခဲ့တယ်။နိုင်ငံပိုင်ဘဏ်တွေအနေနဲ့လည်းဘဏ်လုပ်ငန်းတွေကိုဆောင်ရွက်တဲ့အခါမှာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီစနစ်တကျမှန်မှန်ကန်ကန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ဒီဘဏ်တွေအနေနဲ့ကတော့ အမေရိကန်အခြေစိုက်တဲ့ဘဏ်တွေ၊ ဘဏ်ခွဲတွေမှာ နိုင်ငံခြားငွေစာရင်းဖွင့်ဆောင်ရွက်နေတာမရှိပါဘူး။မရှိတဲ့အတွက်ကြောင့် နံပါတ်တစ်ငွေကြေးဆုံးရှုံးမှုမရှိနိုင်ပါဘူး။နိုင်ငံခြားငွေနဲ့ကုန်သွယ်ငွေပေးချေမှုဝန်ဆောင်မှုတွေကိုစနစ်တကျဆက်လက်ဆောင်ရွက်သွားပါမယ်။ နံပါတ်နှစ်အချက်ကတော့ မိဘပြည်သူတွေကိုအသိပေးလိုတာကတော့ အဲဒီထွက်ပေါ်နေတဲ့သတင်းနေနဲ့ပတ်သက်ပြီးတော့ ဘဏ်နဲ့ဆက်သွယ်ဆောင်ရွက်နေတဲ့ မိဘပြည်သူများ စိုးရိမ်ကြောင့်ကြပူပန်မှုမရှိဖို့ ကျွန်တော့်အနေနဲ့ အသိပေးလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေကို ဘဏ်တစ်ဘဏ်ထဲကဘဲဆောင်ရွက်နေတာမဟုတ်ဘူး။ ပြည်တွင်းပုဂ္ဂလိကဘဏ်တွေ၊ နိုင်ငံခြားဘဏ်များနဲ့ ဘဏ်ခွဲတွေကနေဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီတို့မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ နိုင်ငံခြားသုံးငွေတွေ လွှဲပြောင်းတာ၊ ပေးပို့တာလက်ခံတဲ့ကိစ္စတွေ၊ ပို့ကုန်သွင်းကုန်ကိစ္စတွေ၊အလုပ်သမား၊သင်္ဘောသား လုပ်ခလစာလွှဲပို့ခြင်းကိစ္စရပ်များကို အဆင်ပြေအောင် ဆက်လက်ဆောင်ရွက်ပေးသွားပါမယ်။ ပူပန်စရာမလိုဘူးလို့ပဲ ပြောလိုပါတယ်။လုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားပါမယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ကတော့ နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်တက်ကြွ၍ ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၄၁ မှာပါတဲ့အတိုင်း လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့နိုင်ငံခြားရေးမူဝါဒကို နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးတို့ကို ကျင့်သုံးလျက်ရှိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ကလည်း နိုင်ငံတိုင်းနှင့် မိတ်ဖက်ချစ်ကြည်ရေးကိုသာ ဦးတည်ဆောင်ရွက်သွားမယ်ဆိုတာကို မကြာခဏပြောကြားပြီးဖြစ်ပါတယ်။ သူတို့ဘာကြောင့်ဆိုလည်း လေ့လာကြည့်တဲ့အခါမှာ သူတို့ရဲ့စွပ်စွဲချက်ပေါ့ဗျာ။ ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားငွေဝင်ရောက်မှု ကန့်သတ်ဖို့ ဒီအတွက်ရည်ရွယ်ပြီး လုပ်တယ်လို့ပြောတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ခုနပြောတဲ့ နိုင်ငံခြားမူဝါဒအပေါ်မှာ နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးရည်မှန်းချက်အနေနဲ့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ အမြဲတမ်းပြောကြားခဲ့တယ်။ စစ်မှန်ပြည့်ဝတဲ့ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာအာမခံထားတယ်။ နောက်တစ်ချက် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာခံထားပါတယ်။ ဒီဟာကိုပဲ ကျွန်တော်တို့သွားမယ်လို့ပြောပြီးသားဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ကတော့ ကျွန်တော်တို့ဆောင်ရွက်ခြင်းဟာ စီးပွားအရ၊ နိုင်ငံရေးအရ အကျပ်အတည်းဖြစ်အောင်လုပ်ဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်မေးခွန်းထုတ်ချင်တာကတော့ သူတို့အနေနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးလိုလားတဲ့ဖက်ဒရယ်ဒီမိုကရေစီစနစ်၊ ပြီးရင် ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကိုသွားမယ်လို့အတိအလင်းပြောထားတာမဟုတ်ပါဘူး။ဒီဟာနဲ့ပတ်သက်ပြီး အခက်အခဲဖြစ်အောင်ဆောင်ရွက်နေတာပဲဖြစ်တယ်လို့ ကျွန်တော်တို့အနေနဲ့ ထင်ပါတယ်။ ဒီလိုမျိုးလုပ်နိုင်ခြင်းဟာ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေလိုလားနေတဲ့ ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းတဲ့နေရာမှာ မလိုလားအပ်တဲ့နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်စေနိုင်တယ်လို့ပဲ ကျွန်တော်မြင်ပါတယ်။"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက် ( စနေနေ့ )



International Day of Cooperatives

International Co-operative Alliance

"Cooperatives: partners for accelerated sustainable development"

"အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး"

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA- 011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်း နိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပြုလုပ်စဉ်။

**နေပြည်တော် ဇွန် ၂၀**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့ညနေပိုင်းတွင် မြစ်ကြီးနားမြို့ အံတော်ရှင်တောင်တန်းသာသနာပြု ဗဟိုကျောင်း၌ ပြုလုပ်ရာ အဆိုပါကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဓဇအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယတိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက အံတော်ရှင်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရွှေရတနာပုံကျောင်းတိုက်ဆရာတော်က ရောင်ခြည်တော်ပွင့်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် အလှည့်ကျဆရာတော်များက ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇွန် ၂၅ ရက်ထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားရေဝေရေလဲဒေသ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများကို စိုက်ပျိုးမည့် ပျိုးပင်များ ဝေငှပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရတနာတန်းဝင်ပင်ဖြစ်သည့် မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများ၏ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ယနေ့ပြုလုပ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ၌ ရတနာတန်းဝင်ပင်များဖြစ်သည့် မဟော်ဂနီပင် ၂၂၀၀၀၊ ကျွန်းပင် ၂၅၀၀၊ ပျဉ်ကတိုးပင် ၂၅၀၀ စုစုပေါင်း အပင် ၂၇၀၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂၀**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက မြိတ်လေတပ်စခန်းဌာနချုပ်အသင်းနှင့် မြိတ်တပ်နယ်အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မြိတ်လေတပ်စခန်းဌာနချုပ်အသင်းတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၁၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ



ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေစဉ်။

**နေပြည်တော် ဇွန် ၂၀**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် မြောက်ဦးတပ်နယ်ရှိ နယ်မြေခံတပ်ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆိုအကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

# ဇွန် ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၁၆၀ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၉၇၈ ဦး |

**နေပြည်တော် ဇွန် ၂၀**

ဇွန် ၁၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၄၂၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

☆ **ကျောဖုံးမှအဆက်**

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တွံတေးမြို့နယ်နှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်၊ ဓားပြတိုက်လုယက်မှုများပြုလုပ်ရန်အတွက် M4A1 သေနတ်နှစ်လက်၊ M-16 သေနတ်တစ်လက်၊ Sig Sauer ပစ္စတို နှစ်လက်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ လက်ပစ်ဗုံးနှစ်လုံး၊ ၅ ဒသမ ၅၆ ကျည်အတောင့် ၃၄၀၊ ၉မမ Luger ကျည်အတောင့် ၃၀၀ တို့ကို ဖမ်းဆီးရန်ကျန်တရားခံ **ဆံရှည်(ခ)ကိုထက်**၏ချိတ်ဆက်ပေးမှုဖြင့် **ဖြိုးကိုကို**က တွံတေးမြို့နယ် ညောင်တံခါးကျေးရွာအနီးတွင် ဖမ်းဆီးရန်ကျန်တရားခံ **ချမ်းမြေ့အောင်**ထံမှ နှစ်ကြိမ်ခွဲ၍ သွားရောက်ယူဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံ တွံတေးမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ဆံရှည် (ခ) ကိုထက်**နှင့် **ချမ်းမြေ့အောင်**တို့၏ခိုင်းစေမှုဖြင့် တွံတေးမြို့နယ်နှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှု ၁၀ ကြိမ်၊ ဓားပြတိုက်လုယက်မှုသုံးကြိမ်တို့ဆောင်ရွက်ခဲ့ကြောင်း-

- ၂၀၂၂ ခုနှစ် မတ် ၃ ရက်တွင် **ဖြိုးကိုကို** သည် တွံတေးမြို့နယ် တလုတ်ထော်အောက်ကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်လွင်ဦးနှင့် ဇနီးဖြစ်သူတို့ကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- မတ် ၁၀ ရက်တွင် **ဖြိုးကိုကို**နှင့် **ကိုကိုအောင်**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် ရာအိမ်မှူး ဦးကြည်လေးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့်လုပ်ကြံသတ်ဖြတ်ရာတွင် **ကောင်းမြတ်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- မတ် ၁၃ ရက်တွင် **ဖြိုးကိုကို**နှင့် **ကိုကိုအောင်**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ကျိုက်ထော်-ကညင်ငူကားလမ်းတွင် အပြစ်မဲ့ပြည်သူ

**စာမျက်နှာ ၂၂ သို့**







၂၀၂၂ ခုနှစ် မတ် ၃ ရက်တွင် တွံတေးမြို့နယ်အတွင်း အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် ရစဖမှူးနှင့် ဇနီး၏မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် မတ် ၁၀ ရက်တွင် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက်၌ အကြမ်းဖက်သူများ၏လုပ်ကြံသတ်ဖြတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ရာအိမ်မှူး၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် မတ် ၁၃ ရက်တွင် တွံတေးမြို့နယ် ကျိုက်ထော်–ကညင်ငူကားလမ်း၌ အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် တွံတေးမြို့နယ် မြကန်သာကျေးရွာလမ်းဆုံ၌ အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့်မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် တွံတေးမြို့နယ် မယ်ပြေကျေးရွာတွင် အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ နှစ်ဦး၏မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် တွံတေးမြို့နယ် သမှာန်ဆိပ်ကျေးရွာ၌ အကြမ်းဖက်သူများ၏လုပ်ကြံသတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့်မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် တွံတေးမြို့နယ် လာကပုံကျေးရွာ၌ အကြမ်းဖက်သူများ၏သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ နှစ်ဦး၏မှတ်တမ်းဓာတ်ပုံ။




၂၀၂၃ ခုနှစ် မတ် ၄ ရက်တွင် တွံတေးမြို့နယ် ပေါက်ကုန်းကျေးရွာတွင် အကြမ်းဖက်သူများ၏လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၏မှတ်တမ်းဓာတ်ပုံ။




၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် တွံတေးမြို့နယ် ကပင်ကြီးကျေးရွာတွင် အကြမ်းဖက်သူများ၏ ဓားပြတိုက်လုယက်၍ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ တစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။





၂၀၂၃ ခုနှစ် မေ ၁၀ ရက်တွင် တွံတေးမြို့နယ် မယ်ပြေကျေးရွာ၌ ဓားပြတိုက်လုယက်မှုဖြစ်ပွားခဲ့သည့် နေအိမ်၏ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၁ မှအဆက်**

ဒေါ်ခင်မိုးသူကို ဒလန်ဟူစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့်လုပ်ကြံသတ်ဖြတ်ရာတွင် **ကောင်းမြတ်**ကအခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

- ဩဂုတ် ၁ ရက်တွင် **ဖြိုးကိုကို**သည် တွံတေးမြို့နယ် ဘီခိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့်လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်**နှင့် **ကောင်းမြတ်**တို့နှစ်ဦးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ဩဂုတ် ၂၂ ရက်တွင် **ဖြိုးကိုကို**၊ **ကောင်းမြတ်**နှင့် **ကိုကိုအောင်**တို့ သုံးဦးသည် တွံတေးမြို့နယ် မြကန်သာကျေးရွာလမ်းဆုံ၌ ဇီးဖြူကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်ညွန့်အပါ ခြောက်ဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့်လုပ်ကြံသတ်ဖြတ်ရာတွင် **ကျော်ဇင်ဝေ**၊ **ကျော်ဇင်လတ်**နှင့်**ကောင်းထက်စံ**တို့သုံးဦးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- အောက်တိုဘာ ၈ ရက်တွင် **ဖြိုးကိုကို**နှင့် **ကောင်းမြတ်**တို့ နှစ်ဦးသည် တွံတေးမြို့နယ် မယ်ပြေကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးထွန်းထွန်းနှင့်ဇနီးဖြစ်သူတို့ကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- နိုဝင်ဘာ ၅ ရက်တွင် **ဖြိုးကိုကို**၊ **ကိုကိုအောင်**နှင့် **ကောင်းမြတ်**တို့ သုံးဦးသည် တွံတေးမြို့နယ် သမွာန်ဆိပ်ကျေးရွာတွင် အပြစ်မဲ့ပြည်သူ ဦးသိန်းဇော်အပါ ငါးဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကျော်ဇင်ဝေ**၊ **ကျော်ဇင်လတ်**နှင့် **ကောင်းထက်စံ**တို့ သုံးဦးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- နိုဝင်ဘာ ၆ ရက်တွင် **ဖြိုးကိုကို**နှင့် **ကိုကိုအောင်**တို့ နှစ်ဦးသည် တွံတေးမြို့နယ် လာကပုံကျေးရွာတွင် အပြစ်မဲ့ပြည်သူ ဦးတိုးမင်းထိုက်နှင့် ဇနီးဖြစ်သူတို့ကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကောင်းမြတ်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် **ဖြိုးကိုကို**၊ **ကိုကိုအောင်**နှင့် **ကောင်းမြတ်**တို့သုံးဦးသည် တွံတေးမြို့နယ် ကပင်ကြီးကျေးရွာရှိ အပြစ်မဲ့ပြည်သူ မစန်းပပအောင်၏ နေအိမ်ကိုဓားပြတိုက်လုယက်၍ သတ်ဖြတ်မှုကျူးလွန်ရာတွင် **ကျော်ဇင်ဝေ**၊ **ကျော်ဇင်လတ်**နှင့် **ကောင်းထက်စံ**တို့သုံးဦးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- မတ် ၄ ရက်တွင် **ဖြိုးကိုကို**၊ **ကိုကိုအောင်**နှင့် **ကောင်းမြတ်**တို့သုံးဦးသည် တွံတေးမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ရာအိမ်မှူး ဦးသန်းလွင်တို့ နှစ်ဦးကို ပစ္စတိုသေနတ်ဖြင့်လုပ်ကြံသတ်ဖြတ်ရာတွင် **ကောင်းထက်စံ**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- မေ ၁၀ ရက်တွင် **ဖြိုးကိုကို**၊ **ကိုကိုအောင်**နှင့် **ကောင်းမြတ်**တို့ သုံးဦးသည် တွံတေးမြို့နယ် မယ်ပြေကျေးရွာရှိ ဦးထွန်းထွန်းဦး၏နေအိမ်ကို သေနတ်ပြခြိမ်းခြောက်၍ ဓားပြတိုက်လုယက်ရာတွင် **ကျော်ဇင်ဝေ**၊ **ကျော်ဇင်လတ်**နှင့် **ကောင်းထက်စံ**တို့သုံးဦးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ဇွန် ၁၈ ရက်တွင် **ဖြိုးကိုကို**၊ **ကိုကိုအောင်**နှင့် **ကောင်းမြတ်**တို့ သုံးဦးသည် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် မေဓာဝီလမ်းရှိ "မြတ်မောင်" စိန်ရွှေရတနာဆိုင်ကို သေနတ်ပြခြိမ်းခြောက်၍ ဓားပြတိုက်လုယက်ရတွင် **ကောင်းထက်စံ**၊ **ကျော်ဇင်လတ်**နှင့် **ကျော်ဇင်ဝေ**တို့ သုံးဦးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ၎င်းတို့နှင့်ထိုက်တန်သည့် ပြစ်ဒဏ်များကို ဥပဒေအတိုင်း ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဘားအံ၊ မိုးကုတ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

ဘားအံမိုးကုတ်နှင့်ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၃)ရပ်ကွက်ရှိ တင်ကိုကို (ခ) ကုလား၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မျိုးကိုကို (ခ)ဖိုးသီးကို တွေ့ရှိရပြီး ၎င်းတို့ထံမှစိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊



အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု တောင်နားကျေးရွာအနီးရှိ ဘားအံ-မြဝတီသွားကားလမ်းတွင် အစာမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ရေပူကျေးရွာအုပ်စု ဆတ်အင်းပြန့်ကျေးရွာအနီးတွင် ဂျော်ရိန်ဂွမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၇ နာရီခွဲတွင် မိုးကုတ်မြို့နယ် ရေပူကျေးရွာအုပ်စု ဘော်ဗဒန်းကျေးရွာအနီးရှိ တဲတားတွင် စိတ်ကြွရူးသွပ်ဆေးပြားများလက်ခံရန် စောင့်ဆိုင်းနေသူ ကြည်ခိုင်ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အမှတ်(၄)ရပ်ကွက်နေ လှတင်သည် ၎င်းအသုံးပြုသည့် "Hlatin" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး မြို့လှမြို့နယ် အမှတ်(၁)ရပ်ကွက်နေ သန်းလွင်ဦးသည် ၎င်းအသုံးပြုသည့် "Moe Set Nway" Facebookအကောင့်၊ ဒိုက်ဦးမြို့နယ် မင်းတဲရပ်ကွက်နေ ဂူလိုင်မိုး(ခ)ဂျူးဂျူးသည် ၎င်းအသုံးပြုသည့် "ဂျူးဂျူး" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သင်္ဂဇင်ရပ်ကွက်နေ မေဇင်ဦး(ခ)ပူတူးတူးသည် ၎င်းအသုံးပြုသည့် "Shyk Shyk" Facebook အကောင့်၊ "more thar" Telegram အကောင့်၊ ရမည်းသင်းမြို့နယ် ဝါးတိုးအနောက်ရပ်ကွက်နေ သူရမောင်မောင်(ခ)ဇိုးဇိုးသည် ၎င်းအသုံးပြုသည့် "Thura Mg Mg" Facebook အကောင့်၊ ပျဉ်းမနားမြို့နယ် အုတ်ကျင်းရပ်ကွက်နေ စန္ဒာမြင့်(ခ)မိငယ်သည် ၎င်းအသုံးပြုသည့် "Ku Kuu Kuu" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက်နေ စုမြတ်သည် ၎င်းအသုံးပြုသည့် "Su Myat" Facebook အကောင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် နောက်ရပ်ကြီးရပ်ကွက်နေ စိုးမြင့်ဦး(ခ)ဖဖူးဆားသည် ၎င်းအသုံးပြုသည့် "Soe Myint Oo" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နီပေါနိုင်ငံတွင် ရေကြီးမှု၊ မြေပြိုမှုအတွင်း သေဆုံးသူတစ်ဦးလျှင် ရူပီးတစ်သိန်းစီပံ့ပိုးမည်



**ခတ္တမန္ဒူ ဇွန် ၂၀**

နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှု၊ မြေပြိုမှုများအတွင်း ပြည်နယ်အတွင်းရှိ ခရိုင်အသီးသီးတွင် သေဆုံးခဲ့သူတစ်ဦးစီအတွက် မိသားစုဝင်များကို ရူပီးတစ်သိန်းစီ ပံ့ပိုးသွားမည်ဖြစ်ကြောင်း ကိုရှီပြည်နယ်အစိုးရက ဇွန် ၁၉ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း My Republica သတင်းဌာနက ဇွန် ၁၉ ရက်တွင် ဖော်ပြထားသည်။

ကိုရှီပြည်နယ်ရှိ ခရိုင်အသီးသီးတွင် ဇွန် ၁၇ ရက်မှစ၍ မုတ်သုံမိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး သေဆုံးမှု၊ ပျောက်ဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ရာ သေဆုံးသူများ၏ မိသားစုဝင်များကို သေဆုံးသူတစ်ဦးအတွက် ရူပီးတစ်သိန်းစီ ပံ့ပိုးသွားမည်ဖြစ်ကြောင်း ဇွန် ၁၉ ရက် ညနေပိုင်းက ကျင်းပသော ပြည်နယ်အစိုးရ၏ သဘာဝဘေးဆိုင်ရာ အစည်းအဝေးတွင် သောက်သုံးရေ၊ ဆည်မြောင်း၊ စွမ်းအင်နှင့် ကျန်းမာရေးဝန်ကြီး Til Kumar Meyagbo က ပြောကြားခဲ့ကြောင်း သိရသည်။

ဇွန် ၁၉ ရက် နံနက်ပိုင်းက ပြည်နယ်အတွင်း သဘာဝဘေးဒဏ်သင့်ဒေသများသို့ သွားရောက်ကြည့်ရှုခဲ့ပြီးနောက် ထိခိုက်ဒဏ်ရာရသူများကို ဆေးကုသပေးရန်၊ မြေပြိုမှုကြောင့် ပျက်စီးသွားသော တံတားများ၊ လမ်းများ၊ အဝေးပြေးလမ်းများနှင့် ပုဂ္ဂလိကနေအိမ်များ အပါအဝင် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အစည်းအဝေးတွင် ဝန်ကြီး Meyagbo က ညွှန်ကြားခဲ့ကြောင်း သိရသည်။

သဘာဝဘေးဒဏ်ကြောင့် သေဆုံးသူခြောက်ဦးနှင့် ပျောက်ဆုံးသူ ၂၉ ဦးထိရှိလာပြီး နေအိမ် ၃၅ လုံး၊ တိရစ္ဆာန်တဲ ၁၀ လုံး၊ တံတား ၁၃ စင်း၊ စက်မှုလုပ်ငန်းငါးခုနှင့် အစိုးရရုံး နှစ်ရုံးတို့ပျက်စီးခဲ့ကာ ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

AZH

# နီပရိုမြစ်နှင့် ပင်လယ်နက်တို့၏ရေထုညစ်ညမ်းမှုက သတ်မှတ်ထားသောစံချိန်စံညွှန်းကို ကျော်လွန်နေ

**ကီယက်ဗ် ဇွန် ၂၀**

ယူကရိန်းနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နီပရိုမြစ်နှင့် ပင်လယ်နက်တို့၏ ရေထုညစ်ညမ်းမှုအခြေအနေသည် တစ်ကိုယ်ရေသန့်ရှင်းစေနိုင်မှုနှင့် သတ်မှတ်ထားသောစံချိန်စံညွှန်းများကို သိသိသာသာ ကျော်လွန်နေကြောင်း ယူကရိန်းကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ပြောကြားချက်များကို ကိုးကား၍ Ukrinform သတင်းဌာနက ဇွန် ၁၉ ရက်တွင် ရေးသားဖော်ပြထားသည်။

ယူကရိန်းနိုင်ငံ ကာဆွန်၊ အော်ဒဆာနှင့် မိုက်ကိုလစ်ဗ်မြို့တို့ရှိ ရေကန်များအတွင်း ဓာတု၊ အဏုဇီဝနှင့် အဆိပ်သင့်မှုဆိုင်ရာညွှန်းကိန်းများကို မှတ်တမ်းတင်ထားရာ အချို့ဒေသများတွင် ညွှန်းကိန်းများသည် တစ်ကိုယ်ရေသန့်ရှင်းစေနိုင်မှုနှင့်သန့်ရှင်းရေးစံနှုန်းများကိုသိသိသာသာကျော်လွန်နေပြီး အော်ဒဆာမြို့ရှိ ရေကန်များတွင် အကြီးမားဆုံးအန္တရာယ် ရှိနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ihor Kuzin က ပြောကြားခဲ့ကြောင်း သိရသည်။

စောင့်ကြည့်စစ်ဆေးခြင်းများအရ နီပရိုမြစ်နှင့် ပင်လယ်နက်ကြမ်းပြင်အပါအဝင် ရေမျက်နှာပြင်ပေါ်ရှိ ရေနေသတ္တဝါများအပေါ် ဓာတု၊ အဏုဇီဝနှင့် အဆိပ်သင့်မှု၏ သိသာထင်ရှားသော အခြေအနေနှင့်ရလဒ်များကို ပညာရှင်များက မှတ်တမ်းတင်နိုင်ခဲ့ပြီး ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာများကို ရေအရည်အသွေးညွှန်းကိန်းများပြောင်းလဲနေမှုနှင့်ပတ်သက်၍ ဆောလျင်စွာ အသိပေးနိုင်ခဲ့ရာ ကာဆွန်၊ အော်ဒဆာနှင့် မိုက်ကိုလစ်ဗ်မြို့တို့ရှိပြည်သူများကို ရေကူးခြင်း၊ ငါးဖမ်းခြင်းတို့မှ တားမြစ်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဝန်ကြီးဌာန၏အဆိုအရ ကာဆွန်၊ အော်ဒဆာနှင့် မိုက်ကိုလစ်ဗ်မြို့တို့ရှိ ကမ်းရိုးတန်းတစ်လျှောက်တွင် ရေမျက်နှာပြင်စောင့်ကြည့်တိုင်းတာရေး စက်ကိရိယာများ နေရာ ၄၀ တွင် တပ်ဆင်ထားပြီး စောင့်ကြည့် တိုင်းတာလျက်ရှိကြောင်း၊ အဆိုပါဒေသများတွင် ငါးဖမ်းခြင်း၊ အစုလိုက်အပြုံလိုက်သေနေသောငါးများကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ငါးများကို ချက်ပြုတ်စားသောက်ခြင်းမပြုကြရန် သတိပေးချက်ထုတ်ပြန်ထားပြီး ဇီဝ၊ ဓာတုနှင့် ဓာတ်ရောင်ခြည်သင့်မှုများမှကာကွယ်ရေးနှင့် တုံ့ပြန်ရေးအတွက် အဖွဲ့ ၉၇ ဖွဲ့ကို ဖွဲ့စည်း၍ အဆိုပါဒေသများတွင် အသင့်စုဖွဲ့ထားရှိကြောင်း သိရသည်။

AZH

# တမီလ်နာဒူပြည်နယ် ခရိုင်ခြောက်ခရိုင်တွင် ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထား

**နယူးဒေလီ ဇွန် ၂၀**

အိန္ဒိယနိုင်ငံ တမီလ်နာဒူပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုကြောင့် ခရိုင်ခြောက်ခရိုင်မှ စာသင်ကျောင်းများကို ဇွန် ၁၉ ရက်မှစ၍ ယာယီပိတ်ထားလိုက်ပြီဖြစ်ကြောင်း တမီလ်နာဒူပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု India Today သတင်းဌာနက ဇွန် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိုးရွာသွန်းမှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထားရသည့် ခရိုင်ခြောက်ခရိုင်မှာ ချင်နိုင်းခရိုင်၊ တီရူဗယ်လာခရိုင်၊ ကန်ချီပူရမ်ခရိုင်၊ ချန်ဂယ်ပက်တူခရိုင်၊ ဗယ်လိုရီခရိုင်နှင့် ရာနီပက်ခရိုင်တို့ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုပြဿနာဖြင့် အဓိကရင်ဆိုင်နေရသည့်ခရိုင်မှာ ချင်နိုင်းခရိုင်ဖြစ်ပြီး မိုးရေချိန်မှာလည်း ၁၃၇ ဒသမ ၆ မီလီမီတာထိရှိနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် ခရိုင်ခြောက်ခရိုင်မှာ ဇွန် ၁၉ ရက်က စတင်ပြီးတော့ စာသင်ကျောင်းတွေ ယာယီပိတ်ထားရပါတယ်။ ရေဘေးအန္တရာယ်နဲ့ အဓိကရင်ဆိုင်နေရတဲ့ ခရိုင်ကတော့ ချင်နိုင်းခရိုင်ဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်တချို့မှာ လေကြောင်းခရီးစဉ်တွေ အနှောင့်အယှက်ဖြစ်ခဲ့ရတယ်။ လေကြောင်းခရီးစဉ်တွေကို ယာယီရပ်ဆိုင်းထားရတဲ့ အခြေအနေမျိုးတော့ မကြုံရပါဘူး"ဟု တမီလ်နာဒူပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်တချို့တွင် လည်းရေလွှမ်းနေပြီး လေယာဉ်ခရီးစဉ်များကို အနှောင့်အယှက်ဖြစ်စေကြောင်းလည်း တမီလ်နာဒူပြည်နယ် လေကြောင်းအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တမီလ်နာဒူပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် အပူချိန်မြင့်တက်မှုလျော့ကျလာခဲ့သော်လည်း မိုးရေချိန်မြင့်မားသည့်အတွက် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရ၍ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိနေကြောင်း သိရသည်။

**ခိုင်းဆက်**



# ကမ္ဘာ့နိုင်ငံအသီးသီးတွင် အပူလှိုင်းဖြတ်သန်းမှု၊ အပူချိန်မြင့်တက်မှုတို့ဖြစ်ပေါ်နေပြီး ဥရောပတိုက်က အပူချိန်မြင့်တက်မှုအမြင့်ဆုံးဒေသအဖြစ် သုတေသီများထုတ်ပြန်

**လန်ဒန် ဇွန် ၂၀**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာသီဥတုပြောင်းလဲမှု မြန်ဆန်လာခြင်းကြောင့် အပူလှိုင်းဖြတ်သန်းမှု၊ အပူချိန်မြင့်တက်မှုတို့ ဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှုနှုန်းအမြင့်ဆုံးသောဒေသမှာ ဥရောပတိုက်ဖြစ်ပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သော သဘာဝဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရကြောင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ဥရောပသမဂ္ဂ ကိုပါနီကပ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဖွဲ့အစည်းနှင့်ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ သုတေသီများက ထုတ်ပြန်ခဲ့ကြောင်း Digital Journal က ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သုတေသီများ၏ မှတ်တမ်းများအရ ဥရောပတိုက်တွင် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း အပူချိန်အမြင့်ဆုံး မြင့်တက်မှုဖြစ်ပေါ်နေသလို မြင့်တက်ခဲ့သောအပူချိန်မှာလည်း ပုံမှန်ထက် နှစ်ဆရှိနေကြောင်း၊ အပူချိန်မြင့်တက်ကာ မိုးခေါင်သည့်ပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအခက်တွေ့နေပြီး ကောက်ပဲသီးနှံ အထွက်နှုန်းများမှာလည်း သိသိသာသာကျဆင်းလာကြောင်း သိရသည်။

အပူချိန်အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေသောနိုင်ငံများမှာ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အီတလီနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ပေါ်တူဂီနိုင်ငံနှင့် စပိန်နိုင်ငံတို့ဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

အပူချိန်မြင့်တက်မှုနှုန်းမြင့်မားသော ဥရောပတိုက်တွင် မှတ်တမ်းများအရ ၁၉၉၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အပူချိန်ပမာဏမှာ ၁ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး ၎င်းကာလအတွင်း အပူချိန်မြင့်တက်သဖြင့် သေဆုံးသူ ၁၆၀၀၀ ကျော်ထိ ရှိခဲ့ကြောင်း ဥရောပသမဂ္ဂ ကိုပါနီကပ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# မစ္စစ္စပီပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ် တစ်ဦးသေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိ

**ဝါရှင်တန် ဇွန် ၂၀**

အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ်အလယ်ပိုင်းတွင် ဇွန် ၁၉ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မစ္စစ္စပီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိသူများမှာ စိုးရိမ်ရသည့် အခြေအနေဖြစ်ပြီး အရေးပေါ်အခြေအနေဖြင့် ဆေးကုသမှု ပြုလုပ်ပေးနေကြောင်း မစ္စစ္စပီပြည်နယ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း၊ လေဆင်နှာမောင်းသည် ဂျက်ဆင်ဒေသအရှေ့ဘက်ပိုင်းတွင် တိုက်ခတ်သွားခဲ့ခြင်းဖြစ်ပြီး လူဝီဒေသထိ လေဆင်နှာမောင်း ရောက်ရှိခဲ့ကြောင်း၊ လေဆင်နှာမောင်းသည် မစ္စစ္စပီပြည်နယ် အလယ်ပိုင်းနေရာအနှံ့သို့ တိုက်ခတ်သွားခဲ့ခြင်းဖြစ်ပြီး အခြေခံအဆောက်အအုံတချို့နှင့် နေအိမ်တချို့ပါ ပျက်စီးခဲ့သည်ဟု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သော အဆောက်အအုံများကို စစ်ဆေးမှုများပြုလုပ်နေပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် အာဏာပိုင်အဖွဲ့အစည်းက ပြင်ဆင်လျက်ရှိကြောင်း၊ လေဆင်နှာမောင်းကြောင့် ဓာတ်တိုင်များလဲကျခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုများလည်းဖြစ်ပေါ်လျက်ရှိရာ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ် ၄၀၀၀၀၀ ကျော်ထိ ရှိနေကြောင်း၊ မစ္စစ္စပီပြည်နယ်အပါအဝင် အမေရိကန်နိုင်ငံ တောင်ဘက်ပိုင်းဒေသများသို့ လျှပ်စစ်မီး တာဝန်ယူဖြန့်ဝေပေးနေသည့် Powerout-age ကုမ္ပဏီကလည်း လျှပ်စစ်မီး အမြန်ဆုံး ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ကုမ္ပဏီပိုင်ဝက်ဘ်ဆိုက်က ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် ဖလော်ရီဒါပြည်နယ်တို့တွင် ပြီးခဲ့သောဇွန် ၁၅ ရက်ကလည်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လေးဦး သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# အိမ်အပြန်

မေခြူးသွယ်(တွံတေးမြေ)




(၁)

နံနက်ခင်းနေရောင်ခြည်၏ အလင်းရောင်သဲ့သဲ့အောက်တွင် ရန်ကုန်လူထု၏ လှုပ်ရှားမှုက ရှုပ်ယှက်ခတ်ကာ အသက်ဝင်လွန်းလှလေသည်။ ထိုသို့များပြားလှသော လူထု၏ကြားမှာမှ လူငယ်တစ်ယောက်သည် ခရီးဆောင်ကျောပိုးအိတ်ကိုလွယ်ရင်း ရထားဘူတာသို့ သွက်လက်သောခြေလှမ်းများဖြင့် လျှောက်လာနေလေသည်။ ရထားဘူတာအရောက်တွင်တော့ သူ လက်မှတ်ကို အလျင်အမြန်ဖြတ်ကာ နံနက် ၈ နာရီ ထွက်မည့် မန္တလေးရထားပေါ် တက်လိုက်လေသည်။ သူ့ခုံနံပါတ်တွင်ဝင်ထိုင်ပြီး အတိတ်ကအဖြစ်အပျက်တချို့ထံ အတွေးတို့လွင့်ပျံ့ရင်း မျက်စိကိုစုံမှိတ်လိုက်မိလေသည်။

အုန်းပင်တွင်းရွာဟု အလွယ်ခေါ်ကြသော တွင်းလပ်ရွာကလေးတွင် အမေတစ်ခုသားတစ်ခုဘဝဖြင့် ရပ်တည်နေသော ဒေါ်ရွှေနုနှင့် သော်ကဆိုသော သားအမိနှစ်ယောက်သည် လယ်ယာအလုပ်ကို ခက်ခဲပင်ပန်းစွာလုပ်ကိုင်ရင်း တစ်ဝမ်းတစ်ခါးဘဝအတွက် ရုန်းကန်နေရသူများဖြစ်သည်။ ဒေါ်ရွှေနုက အိမ်ရှေ့တွင် အကြော်တဲလေးထိုးကာ အကြော်ရောင်းလေသည်။ ဒေါ်ရွှေနု၏အကြော်ကို ရွာနီးချုပ်စပ်က လာဝယ်ကြသလို ရွာထဲတွင်လည်း အတော်အသင့်ရောင်းရလေသည်။ ထိုနေ့က သော်ကတစ်ယောက် ယာထဲမှပြန်လာစဉ်-

"ဟေ့ သော်ကပြန်လာပြီလား။ ဒီကနေ့တယ်စောပါလားကွ"

အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ရေနွေးကြမ်းထိုင်သောက်နေသော ဦးစောထူးတစ်ယောက် သူ့အိမ်ရှေ့မှ ဖြတ်သွားသော သော်ကကို တွေ့လိုက်ရသဖြင့် လှမ်း၍ နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။ သော်ကက ဦးစောထူးကို လှမ်းကြည့်ပြီး ပြုံးလိုက်မိ၏။ ပြီးမှ-

"ဟုတ်တယ် ဦးစောထူးရေ။ ဒီနေ့ အမေ သိပ်နေမကောင်းချင်လို့ စောပြီးပြန်လာတာဗျို့"

"မရွှေနု နေမကောင်းဘူးလား။ အဲဒါဆို အိမ်ထဲဝင်ခဲ့အုံး သော်က။ မင်းအမေအတွက် ထန်းလျက်ခဲနည်းနည်းယူသွားအုံး"

ဦးစောထူးသည် ထန်းလျက်ဖိုပိုင်ရှင် ဖြစ်သဖြင့် ထန်းလျက်က သူ့အိမ်၏ အပျင်းပြေစားစရာတစ်ခုဖြစ်နေလေသည်။ သော်ကလည်း မန်ကျည်းပင်များအုပ်မိုးနေသော ဦးစောထူး၏အိမ်ဝင်းထဲသို့ ဝင်ခဲ့လိုက်ပြီး ဦးစောထူးနှင့် မျက်နှာချင်းဆိုင်တွင်ဝင်ထိုင်လိုက်လေသည်။

"ရော့ သော်က ရေနွေးကြမ်းသောက်ပြီး လက်ဖက်သုပ်စားအုံး"

ရေနွေးကြမ်းကို ပန်းကန်လုံးကလေးထဲငှဲ့ထည့်ပြီး သော်ကကို လှမ်းပေးလိုက်လေသည်။ သော်ကလည်း ဦးစောထူးလှမ်းပေးသော ရေနွေးကြမ်းကို ယူ၍သောက်လိုက်မိလေသည်။

"မခင်အုန်းရေ၊ မခင်အုန်း"

အိမ်ထဲမှ ဇနီးဖြစ်သူကို ဦးစောထူးလှမ်းခေါ်လိုက်လေတော့ ဒေါ်ခင်အုန်း အိမ်ရှေ့ထွက်လာလေသည်။

"ဘာဖြစ်လို့လဲ ကိုစောထူး၊ ဩော်. . . သော်ကရောက်နေတာလား"

ရေနွေးကြမ်းသောက်နေသော သော်ကကို ဒေါ်ခင်အုန်းတွေ့လိုက်ရ၍ မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် ထွေးလေးရေ။ ကျုပ်ယာထဲက ပြန်လာတာ၊ ဦးလေးခေါ်လို့ဝင်လာတာ"

"မခင်အုန်းရေ မရွှေနုအတွက် ထန်းလျက် ၅၀ သားလောက် ထည့်ပေးလိုက်ပါအုံးကွာ။ မရွှေနု နေမကောင်းဘူးပြောတယ်"

"ဟုတ်လား။ အဲဒါဆိုရင်တော့ ကျုပ်အမဲသားလေးတွေမျှင်ထားပြီး နေပြထားတာလေးတွေရှိတယ်။ ထည့်ပေးလိုက်ပါအုံးမယ်တော်"

စကားအဆုံးတွင် မီးဖိုထဲပြန်ဝင်သွားသည့် ဒေါ်ခင်အုန်းတစ်ယောက် ထန်းလျက်ခဲများအပြင် အမဲသားမျှင်၍ အခြောက်လှန်းထားသော အသားအနည်းငယ်ကိုယူကာ အိမ်ရှေ့ပြန်ထွက်လာခဲ့လိုက်လေသည်။

"သော်ကရေ မရွှေနုကို အမဲခြောက်လေးမီးဖုတ်ဆီဆမ်းပြီး ထမင်းလေးနဲ့ ကျွေးနော်"

ဒေါ်ခင်အုန်းက ထန်းလျက်ခဲထုပ်နှင့် အမဲခြောက်ထုပ်ကို သော်ကရှေ့ချပေးရင်း စကားဆိုလိုက်ခြင်းဖြစ်သည်။ ဒေါ်ခင်အုန်းနှင့်ဒေါ်ရွှေနုက တစ်ရွာတည်းနေဆွေမျိုးမကင်းသူများဖြစ်ကြသဖြင့် တစ်အိမ်နှင့်တစ်အိမ် ကိုယ့်အိမ်ကိုယ့်ရာကဲ့သို့ သဘောထားပြီး နေကြသူများဖြစ်ကြလေသည်။

"သော်က မင်း ရန်ကုန်မှာ အလုပ်သွားလုပ်ပါလား။ မင်းသာ ရန်ကုန်မှာအလုပ်သွားလုပ်ရင် ပိုက်ဆံတွေအများကြီးရပြီး မင်းအမေလဲ ကောင်းကောင်းနေရမယ်။ ငါ့သားဖိုးမောင်ဆို တစ်လကို ငွေ သုံးသိန်းလောက် အိမ်ကိုပြန်ပို့နိုင်တယ်"

"ဒါတော့ ဟုတ်တယ်။ ငါတို့လင်မယားဆိုရင် ဖိုးမောင်တစ်လတစ်ခါပို့တဲ့ ငွေနဲ့စားသောက်နေရတာ။ မင်းသာ ရန်ကုန်အလုပ်သွားလုပ်ရင် ပိုက်ဆံလဲပို့မယ်။ မရွှေနုလဲပင်ပန်းတဲ့ လယ်ယာအလုပ်ကို လုပ်စရာမလိုတော့ဘူး။ သားပို့တဲ့လစာနဲ့ အေးဆေးနေလို့ရတယ်"

ဦးစောထူးစကားအဆုံးတွင် သော်က သက်ပြင်းကိုရှိုက်ရင်း-

"ကျုပ်သေချာစဉ်းစားလိုက်အုံးမယ်ဗျာ။ အခုတော့ပြန်အုံးမယ်။ အခုချိန်ဆို အမေမျှော်နေလောက်ပြီ"

"အေးအေး ကောင်းကောင်းပြန်နော်"

ဦးစောထူး၏ "ကောင်းကောင်းပြန်နော်" ဟူသော အမှာစကားကြောင့် သူခေါင်းကိုညိတ်ပြပြီး ဦးစောထူးတို့ခြံဝင်းထဲမှ ပြန်ထွက်ခဲ့လိုက်လေသည်။ လက်ထဲတွင်လည်း အမေ့အတွက်ပေးလိုက်သော အမဲခြောက်နှင့် ထန်းလျက်ခဲထုပ်ကလေးကိုဆွဲကာ ရွာတောင်ပိုင်းရှိ အမေ့အိမ်လေးသို့ ခြေလှမ်းခပ်သွက်သွက်နှင့် လျှောက်လှမ်းလာခဲ့သည်။

(၂)

ဦးစောထူးနှင့် ဒေါ်ခင်အုန်းစကားကို ကြားပြီးကတည်းက သော်ကတစ်ယောက် ရန်ကုန်သို့အလုပ်တက်လုပ်မည့်ကိစ္စကို သေချာတွေးတောရလေပြီ။ သေချာသည့်ဆုံးဖြတ်ချက်ချပြီးမှ သူ့မိခင် ဖြစ်သူကို ဖွင့်ပြောလိုက်လေသည်။

"သား ရန်ကုန်ကို အလုပ်တက်လုပ်ချင်တယ်အမေ"

"ဘယ်လို"

သားနှုတ်ဖျားက မထင်မှတ်စွာ ကြားလိုက်ရသော စကားကြောင့် ဒေါ်ရွှေနု အံ့သြဝမ်းနည်းသွားရလေသည်။ ထို့ကြောင့် သူ သားဖြစ်သူကို မျက်ရည်စို့နေသော မျက်ဝန်းများဖြင့် ကြည့်လိုက်ပြီး-

"မသွားပါနဲ့လား သားရယ်။ ရွာမှာ အမေနဲ့နေပြီး အတူတူ လုပ်ကိုင်စားသောက်ရအောင်လေ။ သားမရှိတဲ့အချိန် အမေတစ်ယောက်တည်း မနေတတ်လို့ပါသားရယ်"

မိခင်ဖြစ်သူ ဒေါ်ရွှေနု၏စကားကို ကြားရပြန်တော့ သူစိတ်မကောင်းဖြစ်မိသည်က အမှန်ဖြစ်သည်။ သို့သော် မိခင်၏စကားတို့က သူ့အတွက် ဖြေဆေးတစ်ခုမဖြစ်ခဲ့သလို ထိုစကားတို့ကိုလည်း သော်ကတစ်ယောက် နားမဝင်ပါချေ။ သူသိသည်က ရန်ကုန်မြို့ကြီးတွင် အလုပ်တက်လုပ်မည်။ ဆင်းရဲတွင်းနစ်နေသော သူတို့သားအမိဘဝအတွက် အမေ့အိမ်လေးကို ခေတ္တစွန့်ခွာမည်။ ပြန်လာလျှင် အမေ့ကို မပူမပင်နေရအောင်ထားမည်။ ထိုအရာများက သော်ကဆိုသော လူငယ်တစ်ယောက်၏ စိတ်ကူးအိပ်မက်များဖြစ်သည်။

"အမေ"

မျက်ရည်အရွဲသားဖြင့် သူ့ကိုကြည့်နေသော အမေ၏လက်ကလေးကို သော်ကဆုပ်ကိုင်ရင်း-

"သားလေ အမေ့ကို လူတကာနှိမ်နေတာမကြည့်ရက်ဘူး အမေရယ်။ အကြော်သည်မရယ်လို့ လူတကာ မျက်စောင်းထိုးခံနေရတာ သားမကြည့်ရက်ဘူးအမေ။ ရွာမှာ ဒီအတိုင်းဆက်နေလို့ကတော့ အမေနဲ့သားဘဝ ဒီဆင်းရဲတွင်းထဲက ရုန်းထွက်နိုင်မှာမဟုတ်ဘူးအမေရယ်"

"ဒါတော့ ဒါပေါ့သားရယ်။ ဒါပေမဲ့ အမေ့ဘဝမှာ သားမရှိဘဲ အမေဘယ်လိုနေရမှာလဲသားရယ်"

"အမေရယ်"

မိခင်ဖြစ်သူ ဒေါ်ရွှေနုကို သူပြန်ဖက်ပြီး သားအမိနှစ်ယောက် ထိုနေ့က ငိုခဲ့ကြလေသည်။ ဘဝများက ကြမ်းသည်။ လောကဓံတရားက မပြည့်စုံသည့် လူများ၏ဘဝကို ရုန်းကန်ရခက်ခဲအောင် ကြဲဖန်အလုပ်ပေးလေသလားဟု ထင်မှတ်ရလေသည်။ ထိုနေ့က မောလျှနေသောစိတ်အစဉ်ကို အမေ့ရင်ခွင်မှာသာ မျက်ရည်အဖြစ် ဖြေဖျောက်လိုက်သူက သော်ကပင်ဖြစ်သည်။

(၃)

"အမေ့သားလေး ကျန်းမာရေးဂရုစိုက်နော်။ အစစအရာရာ သတိဝီရိယနဲ့နေနော်"

သွားခါနီး လာခါနီး သားဖြစ်သူကို မှာတမ်းခြွေမဆုံးဖြစ်နေသူက ဒေါ်ရွှေနုဖြစ်သည်။ သော်ကက အမေ့ပါးလေးကို နမ်းလိုက်ပြီး-

"စိတ်ချပါအမေ။ အမေလဲ ကျန်းမာရေးဂရုစိုက်နော်။ သားပြန်လာရင် အမေ့ကို ကျန်းကျန်းမာမာနဲ့တွေ့ချင်တယ်"

"အေးပါ သားရယ် အေးပါ"

ဒေါ်ရွှေနုမျက်ရည်များ အဖြိုင်ဖြိုင်ကျရင်း သားဖြစ်သူကိုပွေ့ဖက်လိုက်လေသည်။ သော်ကလည်း အမေ့ခြေဖမိုးကို ဦးခိုက်ကန်တော့ရင်း သူ့မျက်ရည်များက အမေ့ခြေဖမိုးပေါ် ကျဆင်းလာရလေသည်။ နောက်ဆုံးတော့ ချစ်ရပါသောအမေ့ကို သူကျောခိုင်း၍ ရွာမှထွက်ခဲ့ပြီဖြစ်သည်။ ချစ်ရပါသော အမေ့အိမ်အိုလေးရယ်၊ မွေးရပ်မြေရွာကလေးရယ်ကို ကျောခိုင်းပြီး သူ့ဘဝ၏စိတ်ကူးအိပ်မက်များကို အကောင်အထည်ဖော်ရန် ရန်ကုန်မြို့ကြီးသို့ တက်ခဲ့လေတော့သည်။ ရန်ကုန်မြို့ကြီးတွင် ရရာအလုပ်လုပ်ရင်း သူ ဆင်းရဲချို့တဲ့စွာ ရုန်းကန်ခဲ့ရလေသည်။ အမေ့အတွက်ဆိုသည့် စိတ်တစ်ခုဖြင့်ပင် အရာရာကိုကျော်ဖြတ်နိုင်ခဲ့လေသည်။

နှစ်နှစ်တင်းတင်းပြည့်သည့်နေ့တွင်တော့ လွမ်းလှပါသော အမေ့အိမ်လေးသို့ ရသမျှလုပ်အားခလေးများစုကာ သူပြန်ခဲ့ပါပြီ။ ချစ်ရသောအမေနှင့်အတူမခွဲမခွာတစ်သက်လုံး အတူနေထိုင်ရန်စိတ်ကူးများဖြင့် သူ့ခြေလှမ်းများက အမေ့အိမ်အပြန်မှာ သွက်လက်နေခဲ့လေသည်။ သူ့မျက်နှာတွင်လည်း အပြုံးပန်းတို့ဝေနေလေသည်။ ဖြစ်နိုင်လျှင် အမေ့ကို ယခုပင် တွေ့ချင်မိသည့်စိတ်များက တဖွားဖွားဖြစ်ပေါ်နေလေသည်။

(၄)

ရွာအဝင်လမ်းလေးက တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ပြေးလွှားဆော့ကစားနေသည့် ကလေးများပင် ရှားပါးနေလေသည်။

"သော်က သော်က ဟုတ်ပါတယ်နော်"

အမျိုးသမီးတစ်ဦး၏အသံကြောင့် သော်ကကြည့်မိတော့ ရွာလယ်က မစန်းရီဖြစ်သည်။

"ဟုတ်တယ်လေမစန်းရီ၊ ကျွန်တော် သော်ကလေ"

"မင်း ပြန်လာပြီနော်"

မစန်းရီ သူ့ကိုတွေ့လိုက်သဖြင့် အလိုလိုဝမ်းနည်းလာရလေသည်။ သော်ကတစ်ယောက် မစန်းရီ၏ဝမ်းနည်းကြေကွဲနေသော မျက်နှာသွင်ပြင်ကို နားမလည်နိုင်သလိုကြည့်ပြီး-

"မစန်းရီ ဘာဖြစ်လို့လဲ။ အမေ ဘာဖြစ်လို့လဲ"

"ထွေးလေး ထွေးလေး ဆုံးပြီ"

စာမျက်နှာ ၂၅သို့ ➤

# ပုဒ်မနှစ်ခုဖြင့်စွဲချက်တင်ပြီး တစ်ခုဖြင့်သာပြစ်ဒဏ်ချမှတ်ခြင်းသည် ကျန်စွဲချက်ကို လွတ်ရာမရောက်ပါ



ပြစ်မှုဆိုင်ရာအမှုတစ်ခုတွင်ဖြစ်သည်။ တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ)နှင့် ပုဒ်မ-၃၉၂ အရ စွဲချက်တင်ခဲ့သော်လည်း ပြစ်ဒဏ်ချမှတ်ရာတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၉၂ တစ်ခုတည်းဖြင့်သာ တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့သည်။ တရားခံအပေါ် မူလကတင်ခဲ့သော ပုဒ်မ-၃၀၂ (၁)(ခ) စွဲချက်ပြစ်မှုကို အပြီးအပြတ်လွတ်ရာရောက်၊ မရောက်နှင့်ပတ်သက်၍ ဥပဒေပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့ဖူးသည်။ စိတ်ဝင်စားဖွယ်ရာနှင့် ပြည်သူအများ ဥပဒေဗဟုသုတရရှိသင့်သည်ဟု ထင်မြင်ယူဆပါသဖြင့် လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

၁၉၉၅ ခုနှစ် ဇူလိုင် ၂၅ ရက် ညနေတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ အပျော်စီးဥမင်လိုဏ်အနီး၌ လူတစ်ဦး ဒဏ်ရာများနှင့်လဲနေသည်ကို ပန်းခြံတာဝန်ခံ ဦးအောင်နိုင်ဦးက တွေ့ရှိခဲ့သည်။ စည်ပင်ရဲစခန်းမှူး ဦးစိုးမြင့်နှင့် အခြားလူများကိုခေါ်ယူပြီး ဒဏ်ရာရသူကို မေးမြန်းရာ ၎င်းမှာ ပုဇွန်တောင်မြို့နယ် ရေကျော်ဝတ်ကျောင်းလမ်းနေ ဦးတင်ထွေး၏သား မောင်သက်တင်မိုးဖြစ်ကြောင်း သိရသဖြင့် ဗဟန်းရဲစခန်းမှ ဒုတိယရဲအုပ်လှထူးနှင့်အဖွဲ့ ရောက်ရှိလာပြီး လူနာကို ဆေးရုံသို့ပို့ခဲ့သည်။ ဦးအောင်နိုင်ဦးက ဗဟန်းရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၇၉/၉၅ တွင် တရားခံမောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂ (၁)(ခ)နှင့် ပုဒ်မ-၃၉၂ တို့အရ စွဲချက်တင်စစ်ဆေးခဲ့သည်။ ထို့နောက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၉၂ တစ်ခုတည်းဖြင့်သာ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ရှေ့နေချုပ်ရုံးက တရားခံ မောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ) အရ ပြစ်ဒဏ်ချမှတ်ခြင်းမပြုသည်မှာ ၎င်းပုဒ်မနှင့်စပ်လျဉ်း၍ အမှုမှ အပြီးအပြတ်လွတ်ရာရောက်ကြောင်း ဖော်ပြလျက် တရားရုံးချုပ်တွင် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်-၂၆၃/၉၉ အရ အယူခံဝင်ရောက်ခဲ့သည်။

တရားရုံးချုပ်က တရားခံ မောင်နေလင်းကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၂) အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန်နှင့် ၎င်းထောင်ဒဏ်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၉၂ အရ ချမှတ်သောထောင်ဒဏ်ငါးနှစ်နှင့် တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကို တရားခံ မောင်နေလင်းက မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ(အထူးအယူခံ)မှုအမှတ်-၆၃/၂၀၀၀ တွင် လျှောက်ထားရာ စုံညီခုံရုံး (ယခုအထူးအယူခံခုံရုံး)က-

ပြဿနာ(၁) မူလရုံးက တရားခံမောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ)နှင့် ၃၉၂ အရ စွဲချက်တင်ပြီးနောက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၉၂ အရသာ ပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ) အရ စွဲချက်တင်ခဲ့သည့် ပြစ်မှုကို အပြီးအပြတ်လွတ်ရာရောက်၊ မရောက်။

ပြဿနာ(၂) တရားရုံးချုပ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်-၂၆၃/၉၉ တွင် တရားခံမောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၂) အရ ပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှန်ကန်မှုရှိ၊ မရှိဟူသော ပြဿနာကို ကြားနာစစ်ဆေးရန် အထူးအယူခံဝင်ရောက်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အထူးအယူခံခုံရုံးက **"ဦးဘစင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၆၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးဘိုအေး စီရင်ထုံး"**များကို စိစစ်ပြီးနောက် အထက်ပါစီရင်ထုံးလမ်းညွှန်ချက်များအရဆိုလျှင် တရားခံအပေါ် စွဲချက်နှစ်ရပ်တင်ပြီး စွဲချက်တစ်ရပ်ဖြင့်သာ ပြစ်မှုထင်ရှားစီရင်ရာတွင် ၎င်းအမိန့်ကို မပယ်ဖျက်လျှင် ကျန်စွဲချက်များနှင့်စပ်လျဉ်း၍ အမှုမှ အပြီးအပြတ်လွတ်ရာရောက်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်ကို ဖော်ထုတ်စိစစ်ခဲ့သည်။

ဤအမှုတွင် တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ) အရ စွဲချက်တင်သော်လည်း ၎င်းစွဲချက်ဖြင့် အပြစ်မပေးဘဲ ပုဒ်မ-၃၉၂ အရသာလျှင် အပြစ်ပေးပြီး ပုဒ်မ-၃၀၂(၁)(ခ) နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာအမိန့်ချမှတ်ခဲ့ခြင်းမရှိသည်ကို စိစစ်ခဲ့သည်။ တရားရုံးများလက်စွဲ အပိုဒ်-၄၄၀ ပြဋ္ဌာန်းချက်အရဆိုလျှင် ကျန်စွဲချက်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၄၀ အရ တရားလိုဘက်မှ အမှုစွဲဆိုဆောင်ရွက်သူအရာရှိက ကျန်စွဲချက်များကို ရုပ်သိမ်းနိုင်သည်။ သို့မဟုတ် တရားရုံးသည် မိမိသဘောအလျောက် ထိုစွပ်စွဲချက်များအပေါ်တွင် စစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားနိုင်ခွင့်ရှိသည်။ ထိုစွဲချက်များနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်သည့်အမိန့် တစ်စုံတစ်ရာချမှတ်ရန်မလိုဟု ပြဋ္ဌာန်းထားသည်။

**၎င်းပြဋ္ဌာန်းချက်အရ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ)နှင့်စပ်လျဉ်း၍ တိုင်းတရားရုံးက အမိန့်တစ်စုံတစ်ရာချမှတ်ခြင်းမပြုသဖြင့် ၎င်းစွဲချက်ကို တရားရုံးက ဆိုင်းငံ့ထားသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊** တိုင်းတရားရုံးက ပြစ်မှုထင်ရှားစီရင်သော ပုဒ်မ-၃၉၂ ကို အထက်တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်းမပြုသဖြင့် အဆိုပါဆိုင်းငံ့ထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ) အရ စွဲချက်သည် အပြီးအပြတ်လွတ်ရာရောက်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၄၀ ပါ ပြဋ္ဌာန်းချက်အရ မြင်သာလျက်ရှိရာ ရှေ့နေချုပ်ရုံးမှ တင်ပြချက်ကို တရားရုံးတော်က လက်ခံခဲ့သည်။

အပြီးအပြတ်လွတ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်တွင် အယူခံဝင်ရောက်ခွင့်ရှိသည်။ မိုးသီးစီရင်ထုံးသည် ယခင်စီရင်ထုံးများနှင့် ဆန့်ကျင်ကွဲလွဲဆုံးဖြတ်ထားသဖြင့်လည်းကောင်း၊ မိုးသီးစီရင်ထုံးပါ ဆုံးဖြတ်ချက်သည် ရှေ့နောက်ညီညွတ်မှုမရှိသဖြင့်လည်းကောင်း မိုးသီးစီရင်ထုံးကို လိုက်နာဆောင်ရွက်ရန်မလိုကြောင်း အထူးအယူခံခုံရုံးက မှတ်ချက်ပြုလိုက်သည်။

သေသူသည် ၁၉၉၅ ခုနှစ် ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီတွင် ဆေးရုံသို့ရောက်ရှိပြီး ၁၉၉၅ ခုနှစ် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် သေဆုံးခြင်းဖြစ်သော်လည်း တရားစွဲအဖွဲ့အစည်းအနေဖြင့် သေခါနီးအစစ်ခံချက်ကို သေသူမသေမီ နည်းလမ်းတကျရယူရန် အချိန်များစွာရရှိခဲ့သော်လည်း ထိုသို့ရယူခဲ့ခြင်းမရှိသဖြင့် ဤအမှုတွင် သေသူက သူမသေမီ ဆေးရုံသို့ သတင်းလာမေးသူများကို ပြောကြားချက်အပေါ် အခြေပြု၍ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း တရားရုံးတော်က သုံးသပ်ခဲ့သည်။

သေသူ သက်တင်မိုး ဆေးရုံ၌ရှိနေစဉ် ၎င်းကို ပြုလုပ်သူများထဲတွင် တရားခံ မောင်နေလင်း ပါဝင်ကြောင်း၊ နေလင်းနှင့် အောင်အောင်တို့က အဓိကပြုလုပ်ကြောင်း၊ ညီညီမောင်မောင်လွင်၊ လှဝင်းတို့ကလည်း ပြုလုပ်ကြောင်း၊ တရားလိုပြသက်သေများဖြစ်ကြသော ဦးအောင်မြင့်၊ မောင်မျိုးသူ၊ မောင်အောင်ကျော်စိုး၊ မခင်သိန်းစိုး၊ ဦးစိန်ဝင်းတို့ကို ပြောပြခဲ့သည်။ ထိုသို့ပြောဆိုချက်မှာ သေခါနီးစွပ်စွဲချက်ဖြစ်သဖြင့် မှန်ကန်သည်ဟု ယုံကြည်လျှင် သက်သေခံဥပဒေပုဒ်မ-၃၂ အရ သေခါနီးစွပ်စွဲချက်ဖြင့် တရားခံကို ပြစ်ဒဏ်စီရင်နိုင်ကြောင်း **"မောင်လှအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်စီရင်ထုံး ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၇၂၁"** ကို ရည်ညွှန်းသုံးသပ်ခဲ့သည်။

သေသူက တရားခံမောင်နေလင်း၏လိပ်စာမှာ ၎င်း၏စားပွဲအံဆွဲထဲရှိ ပိုက်ဆံအိတ်ထဲတွင်ရှိကြောင်း ပြောပြသဖြင့် ဒုတိယရဲအုပ် လှထူးက အဆိုပါလိပ်စာကို သိမ်းဆည်းကာ တရားခံမောင်နေလင်းကို ချက်ချင်းဖမ်းဆီးနိုင်ခဲ့သည်။ ၎င်းအချက်က သေသူသည် မသေမီ သတိကောင်းစွာရရှိနေသဖြင့် ၎င်း၏ သေခါနီးပြောကြားချက်များမှာ မှန်ကန်ကြောင်း ဖော်ညွှန်းနေသည်ဟု အထူးအယူခံခုံရုံးက သုံးသပ်ယူဆခဲ့သည်။

အချင်းဖြစ်ချိန်က သေသူ သက်တင်မိုး ဝတ်ဆင်ထားသောရွှေဟန်းချိန်းကို တရားခံနေလင်းနှင့် အောင်အောင်တို့က ထိုနေ့ညနေ ၅ နာရီခန့်တွင် ရွှေဘုံသာလမ်းရှိ ဦးမြင့်ခင်၏ရွှေဆိုင်တွင် ငွေကျပ် ၁၈၀၀ ဖြင့် လာရောက်ရောင်းချသည်။ အဆိုပါ ရွှေဟန်းချိန်းကို သက်သေခံ(ခ) ရှာဖွေပုံစံဖြင့် ဦးမြင့်ခင်က ပေးအပ်သည်။ မောင်နေလင်းနှင့် အောင်အောင်တို့လာရောက်ပြီး ဟန်းချိန်းကို နေလင်းက ကိုယ်တိုင်ကိုင်တွယ်ရောင်းချကြောင်း ထွက်ဆိုထားသဖြင့် ဦးမြင့်ခင်၏ထွက်ဆိုချက်ကို မယုံကြည်နိုင်ရန် အကြောင်းမရှိဟု ရုံးတော်က သုံးသပ်ခဲ့သည်။

ဒေါက်တာညီညီ၏ ထွက်ဆိုချက်အရ သေသူ၏ ဝမ်းဗိုက်၊ ရင်ဘတ်၊ လည်ပင်း၊ တင်ပါး၊ ဖင်ဆုံ၊ လိင်တံ၊ ကျောကုန်းတို့တွင် ချွန်ထက်သောလက်နက်ဖြင့် ပြုလုပ်၍ရရှိသော ဒဏ်ရာ ၁၉ ချက် တွေ့ရှိရသည်။ ရင်ဘတ်တွင်ရရှိသော ထိုးသွင်းဒဏ်ရာမှာ အသည်းကိုထိကြောင်း၊ သွေးလွန်ခြင်းနှင့် ဦးခေါင်း၌ရရှိသောဒဏ်ရာများကြောင့် ဦးခေါင်းခွံကွဲအက်ပြီး သေဆုံးခြင်းဖြစ်ကြောင်း မုချသေစေမည့်ဒဏ်ရာဖြစ်ကြောင်း၊ တစ်ဦးထက်ပိုသူများပြုလုပ်ခြင်းကြောင့် ရရှိဒဏ်ရာများဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ဤအမှုတွင် သေသူတွင်ရရှိသော ဒဏ်ရာများကို မည်သူကပြုလုပ်၍ ရရှိသည်ဆိုသောအချက်နှင့်စပ်လျဉ်း၍ မျက်မြင်သက်သေမရှိသော်လည်း တရားခံမောင်နေလင်းသည် အချင်းမဖြစ်ပွားမီက သေသူကိုခေါ်သွားခြင်း၊ ပန်းခြံထဲမှထွက်ပြေးလာခြင်း၊ ထိုသို့ပြေးထွက်လာပြီးမကြာမီကာလတွင် သေသူကို ဒဏ်ရာများနှင့်တွေ့ရခြင်း၊ သေသူက ၎င်းကို ပြုလုပ်သူများထဲတွင် အဓိကအားဖြင့် မောင်နေလင်းပါဝင်ကြောင်း မသေမီက ပြောကြားခဲ့ခြင်း၊ တရားခံက ဝက်အူလှည့်တစ်ချောင်းထုတ်ပေးခြင်း၊ အချင်းဖြစ်ပွားသည့်နေ့ ညနေက သေသူ သက်တင်မိုး၏ရွှေဟန်းချိန်းကို တရားခံက ရွှေဆိုင်တွင် သွားရောက်ရောင်းချခြင်းစသည့် ကွင်းဆက်မပြတ်သော သက်သေခံအထောက်အထားများကို ရုံးတော်က စိစစ်တွေ့ရှိခဲ့သည်။

၎င်းပြစ်စွန်းချက်နှင့်စပ်လျဉ်း၍ တရားခံက ကျေနပ်ဖွယ်ကောင်းလောက်အောင် ထုချေဖြေရှင်းနိုင်ခြင်းမရှိပေ။ ၎င်းသက်သေအထောက်အထားများပေါ်တွင် အခြေပြု၍ တရားရုံးချုပ်က တရားခံနေလင်းကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၂) အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းမှုမရှိကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ပြီးနောက် အယူခံတရားလို နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၂) အရ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ၎င်းပြစ်ဒဏ်ကို ပုဒ်မ-၃၉၂ အရ ချမှတ်ထားသောပြစ်ဒဏ်နှင့် တစ်ပေါင်းတည်းကျခံစေရန် ချမှတ်သောအမိန့်ကို အတည်ပြုပြီး အထူးအယူခံမှုကို ပလပ်လိုက်သည်။ မောင်နေလင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်-၅ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

❖ တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ) အရ စွဲချက်တင်သော်လည်း ၎င်းစွဲချက်ဖြင့် အပြစ်မပေးဘဲ ပုဒ်မ-၃၉၂ အရသာလျှင် အပြစ်ပေးပြီး ပုဒ်မ-၃၀၂(၁)(ခ) နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာအမိန့်ချမှတ်ခဲ့ခြင်းမရှိသည်ကို စိစစ်ခဲ့သည်။ တရားရုံးများလက်စွဲ အပိုဒ်-၄၄၀ ပြဋ္ဌာန်းချက်အရဆိုလျှင် ကျန်စွဲချက်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၄၀ အရ တရားလိုဘက်မှ အမှုစွဲဆိုဆောင်ရွက်သူအရာရှိက ကျန်စွဲချက်များကို ရုပ်သိမ်းနိုင်သည်။ ❖

**စိန်လှိုင်ပိုလ်**

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# အိန္ဒိယရှေ့ခေတ်နှင့် စိန်ခေါ်မှုများ

ဒေါက်တာလွှမ်းမိုးဟန်

၂၀၂၃ ခုနှစ်သည် အိန္ဒိယနိုင်ငံအတွက် အရေးကြီးသောနှစ်ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့၏ခန့်မှန်းချက်အရ အိန္ဒိယနိုင်ငံ၏လူဦးရေမှာ တရုတ်နိုင်ငံထက်သာလွန်ပြီး ကမ္ဘာ့လူဦးရေအများဆုံး တိုင်းပြည်ဖြစ်သွားပြီဟုဆိုသည်။ ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံက ဂျီ-၂၀ အဖွဲ့ကြီး၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားထံမှ လွှဲပြောင်းယူလိုက်သည်။ တောင်အာရှဒေသတွင် ပထမဆုံးအကြိမ်ပြုလုပ်မည့် နိုင်ငံ့ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲကိုလည်း နယူးဒေလီ၌ စက်တင်ဘာလအတွင်း ပြုလုပ်ကျင်းပရန်ရှိနေသည်။

ယခုကဲ့သို့ဖြစ်ပေါ်တိုးတက်မှုများက အပြည်ပြည်ဆိုင်ရာစင်မြင့်ပေါ်တွင် အိန္ဒိယနိုင်ငံ၏ နေရာရလာမှုကို ဖော်ပြနေသည်လား။ အိန္ဒိယနိုင်ငံသားတို့က သူတို့သည် ကမ္ဘာ့တောင်ဘက်ခြမ်းမှအသံများကို အများကြားနိုင်အောင် အသံချဲ့ပေးမည့်သူများဟု သူတို့ကိုယ်သူတို့ ဖော်ညွှန်းနေသည်။

ဂျီ-၂၀ အဖွဲ့ကြီးကလည်း ထိုအပြောကိုလက်ခံသည်။ သို့သော်လည်း တကယ်တမ်းလက်တွေ့တွင် လက်ရှိဝန်ကြီးချုပ်နရန်ဒရာမိုဒီ၏ အစိုးရက အမျိုးသားရေးဘက်ကို ယိမ်းသည်။ ပန်းပေါင်းစုံပွင့်နိုင်ရန် လိုလိုလားလားမရှိချေ။ ပြည်တွင်းက မပြေလည်သည့်အသံများထွက်လာလျှင်လည်း ဖိနှိပ်တတ်သည့်အကျင့်ရှိသည်။ ထိုအချက်များက အိန္ဒိယနိုင်ငံသားတို့ ခေတ်တစ်ခေတ်ကိုရောက်နိုင်ရန် အဟန့်အတားများဖြစ်နေသည်။

အိန္ဒိယနိုင်ငံတွင် ခွန်အားများရှိသည်မှာမှန်သည်။ အငြင်းပွားဖွယ်မရှိ။ လူဦးရေများတော့ အင်အားလည်းကြီးလာသည်။ တရုတ်နိုင်ငံတွင် ကလေးမွေးဖွားနှုန်းကျဆင်းနေချိန် အိန္ဒိယနိုင်ငံ၌ ကလေးမွေးဖွားနှုန်းဆက်လက်မြင့်တက်နေသည်။ အိန္ဒိယနိုင်ငံ၏ စီးပွားရေးအဆောက်အအုံက ကမ္ဘာပေါ်တွင် အဆင့် (၅) နေရာရှိသည်။ ဆက်လက်ကြီးထွားနေဆဲဖြစ်သည်။ လုပ်ငန်းခွင်ထဲ အသစ်ဝင်ရောက်လာသည့် လူငယ်လူရွယ်ဦးရေကလည်း ဒေသတွင်းနိုင်ငံများထဲတွင် အများဆုံးဖြစ်နေသည်ကို ငြင်းဖွယ်ရာမရှိ။

နောင်ရရှိလာမည့်အကျိုးစီးပွားများကို မြင်တတ်လာပြီဖြစ်သည့်အတွက် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများမှာ ပြန်လည်ရင်းနှီးမြှုပ်နှံရန် အိန္ဒိယနိုင်ငံသားများ ပြန်လည်တာစူလာကြသည်။ ပြည်နယ်တစ်ခုနှင့်တစ်ခုကြား အတော်ကွာဟနေတတ်သည့် ကျန်းမာရေး၊ ပညာရေး၊ မျိုးဆက်ပွားအသိပညာဖြန့်ဖြူးရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပြန်လည်မြှင့်တင်ပေးရန်ကြိုးစည်လာကြသည်။

အိန္ဒိယနိုင်ငံက ဦးဆောင်မည့် ဂျီ-၂၀ အဖွဲ့ကြီး၏ ရည်ရွယ်ချက်ထဲတွင် ဖွံ့ဖြိုးတိုးတက်မှုကို ကြံ့ကြံ့ခံတည်ဆောက်ပြီး အားလုံးပါဝင်နိုင်ရေး ဦးစားပေးဆောင်ရွက်မည်ဟုပါရှိသည်။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခွင့်ရမည့် ဂျီ-၂၀ အဖွဲ့ကြီးကို ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်သည်။ အာရှတိုက်အတွင်းမှ နိုင်ငံကြီးများဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံ၊ မြောက်အမေရိကတိုက်မှ ကနေဒါနှင့် အမေရိကန်နိုင်ငံ၊ တောင်အမေရိကတိုက်မှ ဘရာဇီးနှင့် အာဂျင်တီးနား၊ ဥရောပတိုက်မှ ဗြိတိန်နှင့်ပြင်သစ်အစရှိသည့် စီးပွားရေးအင်အားကြီးနိုင်ငံ ၁၉ နိုင်ငံတို့ဖြင့် ဂျီ-၂၀ စီးပွားရေးမဟာမိတ်အဖွဲ့ကြီးကိုဖွဲ့စည်းထားသည်။ အဖွဲ့ကြီး၏ ဆောင်ပုဒ်မှာ "ကမ္ဘာတစ်ခု၊ မိသားစုတစ်ခု၊ အနာဂတ်တစ်ခု"ဟူ၍ ဖြစ်သည်။

၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်များအတွင်း အာရှစီးပွားရေးအကျပ်အတည်းများအလွန် ဂျီ-၂၀ အဖွဲ့ကြီးကို စတင်တည်ထောင်ခဲ့ကြသည်။ စတင်ထူထောင်ခဲ့ကြစဉ်က ဘဏ္ဍာရေးဝန်ကြီးအဆင့်၊ နိုင်ငံတော်ဗဟိုဘဏ်အဆင့် အကြီးအကဲများသာ ပါဝင်ခဲ့သော်လည်း ၂၀၀၇-၂၀၀၈ ခုနှစ် စီးပွားရေးအကျပ်အတည်းများနောက်ပိုင်းတွင် သမ္မတအဆင့်၊ ဝန်ကြီးချုပ်အဆင့် နိုင်ငံတော်အကြီးအကဲများပါ အဖွဲ့အတွင်းဝင်ရောက်လှုပ်ရှားလာကြသည်။

ယနေ့ဆိုလျှင် ဂျီ-၂၀ အဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံများ၏ ဂျီဒီပီက ကမ္ဘာ့ကြီးတစ်ခုလုံး ဂျီဒီပီ၏ ၈၅ ရာခိုင်နှုန်းထိရှိနေပြီဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေး၏ ၇၅ ရာခိုင်နှုန်းက ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများအတွင်း ရှိနေသည်။ ကမ္ဘာ့လူဦးရေ၏သုံးပုံနှစ်ပုံကလည်း အဖွဲ့ဝင်နိုင်ငံများအတွင်း နေထိုင်နေကြသည်။ စီးပွားရေးကို အဓိကဦးတည်ဖွဲ့စည်းထားသည့် အဖွဲ့ကြီးဖြစ်သော်လည်း ရာသီဥတုထိန်းသိမ်းစောင့်ရှောက်ရေး၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ ရောဂါကာကွယ်ဆေးများရရှိရေး၊ ရောဂါကုသရေး၊ ရှာဖွေရေး၊ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးစနစ်ခိုင်မာရန်အထိ ရည်ရွယ်ချက်များထားရှိသည်။

ဝင်ငွေနိမ့်နှင့် အလတ်စားရှိနိုင်ငံများ၏ ပေးရန်ကျန်အကြွေးများလျှော့ချနိုင်ရေးကိုလည်း ကူညီပေးသည်။ ယနေ့ကမ္ဘာတွင် အများပြည်သူအတွက် ရည်ရွယ်ပြီး အကုန်အကျခံဆောင်ရွက်သည့်လုပ်ငန်းများပြားလာသည်။ ထိုလုပ်ငန်းများအတွက် အကြွေးပေးရန်ရှိသည်များကိုလည်း လျှော့ချပေးနိုင်ရန်လိုသည်။ အထူးသဖြင့် ဝင်ငွေနိမ့်ပါးသည့်နိုင်ငံများအတွက် အပြည်ပြည်ဆိုင်ရာအကြွေးစနစ်များကို ပြန်လည်ပြုပြင်ပေးနိုင်ရန်လိုအပ်သည်။ ထိုသို့သော ဆောင်ရွက်ချက်များက ဂျီ-၂၀ ကဲ့သို့သော စီးပွားရေးအင်အားကြီး မိတ်ဖက်အဖွဲ့အစည်းများမပါဝင်ဘဲ အကောင်အထည်ဖော်နိုင်ရန်ခက်ခဲသည်။

အိန္ဒိယနိုင်ငံက ကမ္ဘာ့ဆေးဝါးထုတ်လုပ်မှုအခန်းကဏ္ဍတွင် ဦးဆောင်လှုပ်ရှားနေသည့်နိုင်ငံဖြစ်သည်။ ကိုဗစ်ကပ်ဘေးကာလများအတွင်း အိန္ဒိယနှင့်တောင်အာဖရိကနိုင်ငံများသည် ဆေးဝါးမူပိုင်ခွင့် အခွင့်အာဏာများကို ဖြေလျှော့လိုက်ပြီး ပုံစံတူဆေးဝါးများထုတ်ဖော်နိုင်ခွင့်ကိုခွင့်ပြုလိုက်သည်။ အိန္ဒိယနိုင်ငံအတွင်းရှိ ဆေးကုမ္ပဏီကြီးများက ထုတ်လုပ်သည့်ပုံစံတူ(Generic)ဆေးဝါးများမှာ ဈေးနှုန်းသက်သာသဖြင့် ကမ္ဘာအနှံ့အပြားမှ ဝယ်ယူသုံးစွဲလျက်ရှိနေသည်။ ယနေ့ကမ္ဘာပေါ်တွင် အသုံးပြုနေသည့် HIV ပိုးထိန်းချုပ်ဆေး(ART)များ၏သုံးပုံနှစ်ပုံမှာ အိန္ဒိယနိုင်ငံထုတ် ဆေးဝါးများဖြစ်သည်။ ဆေးဝါးထုတ်လုပ်မှုများပြားသကဲ့သို့ အရည်အသွေးနိမ့်ပါး၊ အတုအယောင်ဆေးဝါးများ၏စိန်ခေါ်မှုကလည်း ရှိနေသည်။ ဒစ်ဂျစ်တယ်ကျန်းမာရေးပလက်ဖောင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံကသတင်းအချက်အလက်နည်းပညာများကူညီပေးလျက်ရှိသည်။

ရာသီဥတုထိန်းသိမ်းစောင့်ရှောက်ရေးတွင်လည်း အိန္ဒိယအစိုးရက မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဝင်ငွေနိမ့်နှင့် အလယ်အလတ်ရှိနိုင်ငံများအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်နိုင်ရေးစီမံကိန်းများဆောင်ရွက်နိုင်ရန် မတည်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံပုံမှန်ပံ့ပိုးလျက်ရှိသည်။ နိုင်ငံအနေဖြင့်လည်း အစိမ်းရောင်ဟိုက်ဒရိုဂျင်နှင့် နေရောင်ခြည်မှ စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ လက်ရှိအချိန်ထိ အိန္ဒိယနိုင်ငံအတွင်း အသုံးပြုနေသည့် စွမ်းအင်များ၏ ၈၀ ရာခိုင်နှုန်းမှာ သဘာဝတွင်းထွက်လောင်စာများမှရရှိနေခြင်းဖြစ်သည်။

တစ်ဦးချင်း ကာဗွန်ထုတ်လွှတ်မှုနည်းသော်လည်း ကမ္ဘာ့အဆင့်နှင့်ကြည့်လျှင်မူ တတိယကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု အများဆုံးနိုင်ငံဖြစ်နေသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု၏ဒဏ်ကိုလည်း စတင်ခံစားနေရပြီဖြစ်သည်။ အပူလှိုင်းများဖြတ်သန်းမှုဒဏ်ကို ၂၀၂၂ ခုနှစ်တစ်နှစ်လုံးခံစားခဲ့ရပြီး ၂၀၂၂ ခုနှစ် မတ်လသည် အိန္ဒိယနိုင်ငံသမိုင်းတွင် အပူဆုံးမတ်လဖြစ်ခဲ့ရသည်။

ကိုဗစ်ကပ်ဘေးကာလအတွင်း ကျန်းမာရေးအချက်အလက်များထုတ်ပြန်မှုနှင့်ပတ်သက်ပြီး မိုဒီအစိုးရအပေါ် ယုံကြည်မှုကျဆင်းသည့်ဖြစ်စဉ်များရှိခဲ့သည်။ အိန္ဒိယအစိုးရ၏ ထုတ်ပြန်ချက်အရ ကိုဗစ်ကာလတစ်လျှောက် လူဦးရေ ၅၃၀၀၀၀ ကျော်သေဆုံးခဲ့သည်ဆိုသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များအတွင်း ကိုဗစ်ကြောင့် အိန္ဒိယနိုင်ငံသားများသေဆုံးမှုမှာ ၄ ဒသမ ၇ သန်းခန့်ရှိသည်ဟုဆိုသည်။ အိန္ဒိယအစိုးရအနေဖြင့် သတင်းထုတ်ပြန်ချက်များနှင့်ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာမှုများ၊ ဝေဖန်မှုများ၊ ဆင်ဆာဖြတ်တောက်မှုများရှိခဲ့သည်ဟုလည်း ဝေဖန်ခံနေရသည်။

၂၀၁၄ ခုနှစ် ဝန်ကြီးချုပ်မိုဒီ တာဝန်ထမ်းဆောင်ချိန်မှစ၍ အိန္ဒိယနိုင်ငံ၏မီဒီယာလွတ်လပ်ခွင့်ကျဆင်းလာခဲ့သည်။ နယ်စည်းမခြားသတင်းထောက်များအဖွဲ့၏ နိုင်ငံပေါင်း ၁၈၀ အပေါ် သုံးသပ်ချက်အရ အိန္ဒိယနိုင်ငံ၏ သတင်းမီဒီယာလွတ်လပ်ခွင့်မှာ အဆင့် (၁၅၀) တွင်ရှိနေသည်။ အိန္ဒိယလူ့အဖွဲ့အစည်းအတွင်း တင်းမာမှု၊ အငြင်းပွားမှု၊ ပွတ်တိုက်မှုများ များပြားနေပြီး ဟိန္ဒူအမျိုးသားရေးလှုပ်ရှားမှုများပြင်းထန်လျက်ရှိကာ အခြားဘာသာဝင်များ၏ ပြောရေးဆိုခွင့်အသံတိုးတိတ်လျက်ရှိသည်ဟုဆိုသည်။

ဆွေးနွေးငြင်းခုံမှုအခွင့်အလမ်း မဖန်တီးပေးနိုင်လျှင်၊ လှုပ်ရှားတက်ကြွသူများ၏ အသံကိုနားမထောင်ပေးနိုင်လျှင်၊ တာဝန်ရှိသူများဘက်က တာဝန်ယူမှု၊ တာဝန်ခံမှုမရှိလျှင် ကမ္ဘာ့အကြီးဆုံးဒီမိုကရေစီနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ရပ်တည်မှုကို ခြိမ်းခြောက်လာနိုင်ဖွယ်ရှိသည်ဟု စိုးရိမ်ပူပန်နေကြသည်။

ကမ္ဘာ့စင်မြင့်ထက်တွင် နိုင်ငံအစိုးရတစ်ခုအဖြစ်နေရာယူနိုင်ရန်ဆိုသည်မှာ "တရားဝင်ဖြစ်မှု" (Legitimacy) ရှိရန်လိုအပ်သည်။ နိုင်ငံသားများ၏ ထောက်ခံအားပေးမှုလည်းလိုအပ်သည်။ ရွေးကောက်ပွဲမတိုင်မီကပေးခဲ့သည့် ကတိကဝတ်များကိုလည်း ဖြည့်ဆည်းပေးနိုင်ရန်လိုအပ်သည်။ နိုင်ငံကြီးတစ်ခုဖြစ်သည့်အားလျော်စွာ ယနေ့ကမ္ဘာ့ဇာတ်ခုံပေါ်တွင် အိန္ဒိယ၏အခန်းကဏ္ဍက အရေးပါသည့်နေရာ၌ရှိနေသည်။

ဝန်ကြီးချုပ်မိုဒီအစိုးရအတွက် ရွေးကောက်ပွဲကတိကဝတ်များဖြစ်သည့် ထင်သာမြင်သာရှိရေး၊ အစိုးရတစ်ရပ်၏ အစွမ်းအစရှိရေး၊ သာတူညီမျှရှိရေးဟူသည့် ကြွေးကြော်သံများမှာ မေးမိုန်ဆဲရှိနေသည်။ အိန္ဒိယနိုင်ငံအနေဖြင့် သူတို့၏ရှေ့ခေတ်သစ်ဆီ စိန်ခေါ်မှုများကို ဖြတ်ကျော်ရောက်ရှိသွားနိုင်မလားဆိုသည်ကိုတော့ ဆက်လက်လေ့လာစောင့်ကြည့်ကြရန်ဖြစ်သည်။

❖ အိန္ဒိယနိုင်ငံက ကမ္ဘာ့ဆေးဝါးထုတ်လုပ်မှုအခန်းကဏ္ဍတွင် ဦးဆောင်လှုပ်ရှားနေသည့်နိုင်ငံဖြစ်သည်။ ကိုဗစ်ကပ်ဘေးကာလများအတွင်း အိန္ဒိယနှင့် တောင်အာဖရိကနိုင်ငံများသည် ဆေးဝါးမူပိုင်ခွင့် အခွင့်အာဏာများကို ဖြေလျှော့လိုက်ပြီး ပုံစံတူဆေးဝါးများထုတ်ဖော်နိုင်ခွင့်ကို ခွင့်ပြုလိုက်သည်။ အိန္ဒိယနိုင်ငံအတွင်းရှိ ဆေးကုမ္ပဏီကြီးများက ထုတ်လုပ်သည့်ပုံစံတူ (Generic) ဆေးဝါးများမှာ ဈေးနှုန်းသက်သာသဖြင့် ကမ္ဘာအနှံ့အပြားမှ ဝယ်ယူသုံးစွဲလျက်ရှိနေသည်။ ယနေ့ကမ္ဘာပေါ်တွင် အသုံးပြုနေသည့် HIV ပိုးထိန်းချုပ်ဆေး (ART) များ၏ သုံးပုံနှစ်ပုံမှာ အိန္ဒိယနိုင်ငံထုတ်ဆေးဝါးများဖြစ်သည်။ ❖

**ကိုးကား**


- **India's ascendancy: leadership demands integrity from Lancet May, 2023**


# သံတောင်ကြီးမြို့နယ် အတောင်ချောင်း(အထက်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


**သံတောင်ကြီး ဇွန် ၂၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အတောင်ချောင်း(အထက်)ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ခံဝန်ထမ်းများက အတောင်ချောင်း(အထက်)ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အတောင်ချောင်း(အထက်)ကျေးရွာတွင် စိမ့်စမ်းရေပိုက်လိုင်းအရှည် သုံးမိုင် ငါးဖာလုံ သွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကရင်ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၅၅ သန်းဖြင့် ယခုနှစ် မေလစတုတ္ထပတ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၆၈ အိမ်၊ လူဦးရေ ၂၃၈ ဦးတို့အတွက် သောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**သုသု**




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။

# အမှတ်တရ တက္ကသိုလ်ဘုန်းနိုင် လွမ်းတေးကို သူပင်သီရော့မည် ပုံနှိပ်ထုတ်ဝေ



ကံ့ကော်ဝတ်ရည်စာပေက ဒုတိယအကြိမ် ထုတ်ဝေသော စာရေးဆရာများ ပါဝင်ရေးသားကြသည့် အမှတ်တရ တက္ကသိုလ်ဘုန်းနိုင် လွမ်းတေးကို သူပင်သီရော့မည်စာအုပ်ထွက်ရှိလာသည်။ ယခုစာအုပ်တွင် တက္ကသိုလ်ဘုန်းနိုင် တစ်နှစ်ပြည့်အထိမ်းအမှတ် စာအုပ်အမှာပါဝင်ပြီး ပထမအကြိမ် ပုံနှိပ်ခြင်းမှ ထုတ်နုတ်ဖော်ပြထားခြင်းဖြစ်သည်။

ယခုစာအုပ်တွင် ကိုကိုမောင်၊ ဒေါက်တာကျော်စိန်၊ ကျော်ဘုန်းလင်း၊ ကျော်မင်းနိုင်၊ ကြူကြူသင်း၊ ကြည်စိုးထွန်း၊ မကြွယ်ကြွယ်စသည့် စာရေးဆရာ၊ ကဗျာဆရာဦးရေ ၄၀ ကျော်က အမှတ်တရစာများရေးသားထားကြသည်ကို တွေ့ရသည်။


ယခုစာအုပ်ပါ ဒေါက်တာကျော်စိန်၏ ကိုဘုန်းနိုင်အလွမ်းပြေမှ ကောက်နုတ်ဖော်ပြရလျှင် ဘီယာပုလင်းများမှာ ရေခဲစိမ်ထားခြင်း မဟုတ်၍ ကိုခင်မောင်တင့်က ဂျီတိုက်နေပါသည်။ ကျွန်တော်ကမူ ပုတီးစိပ်နေသော အဒေါ်ကြီး နှစ်ဦးကိုအားနာ၍ ဘာမှဝင်မပြောပါ။ ကိုအုန်းဖေကမူ "စိတ်ချ ကိုခင်မောင်တင့်ရေ ပဲခူးဘူတာကျရင် ကျုပ်ဆင်းပြီး ရေခဲဝယ်ပေးပါ့မယ်" ဟု ပြောပါသည်။ ပဲခူးဘူတာသို့ ရထားဆိုက်သည့်အခါ ကိုအုန်းဖေ သူကတိအတိုင်း ရေခဲဝယ်ရန် ဆင်းသွားပါသည်။ သို့သော် ရထားက ပဲခူးတွင် ကြာကြာရပ်သည်မဟုတ်ပါ။ ကိုအုန်းဖေသည် ခုံးကျော်တံတားပေါ်မှ ဘူတာတစ်ဖက်သို့ ကူးကာ ရေခဲဝယ်ရန်သွားသည်ဖြစ်ရာ ရထားထွက်သည့်အချိန်တွင် သူသည် ရေခဲဆိုင်တွင် ကျန်ရစ်ခဲ့ပါလေသည်။

စာ- ၃၉ မှ

ယခုစာအုပ်တွင် တက္ကသိုလ်ဘုန်းနိုင်အပေါ် အမှတ်ရချက်များ၊ လွမ်းဆွတ်သတိရမှုများ၊ ဂုဏ်ပြုချက်များကို စာပေပညာရှင်အသီးသီးက ရေးသားထားရာ နှစ်သက်စွာဖတ်ရှုနိုင်မည်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၀၀၀ဖြင့် ဖြန့်ချိကြောင်း သိရသည်။

## ငွေတာရီမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ




မြဝတီစာပေတိုက်က ထုတ်ဝေသော ဇွန်လထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ရှိလာပြီဖြစ်သည်။ ယခုလထုတ်မဂ္ဂဇင်းတွင် ငွေတာရီ၏မူဟန်အတိုင်း အရောင်အသွေးစုံစုံလင်လင်၊ ကလောင်အင်အားမြိုင်မြိုင်ဆိုင်ဆိုင်၊ ရသမျိုးစုံလှိုင်လှိုင်ဖြင့် ထွက်ရှိလာခြင်းဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းတွင် ပါဝင်နေကျဖြစ်သည့် စာတည်းစာမျက်နှာ၊ ငွေတာရီကဗျာ၊ ငွေတာရီ ကာတွန်း၊ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ၊ စာပေနှင့်အနုပညာ၊ တစ်လအတွင်း စာပေနှင့် ယဉ်ကျေးမှုသတင်း၊ ရသစာတမ်း၊ ပန်းချီပြပွဲ၊ ဝတ္ထုတို၊ ပင်ကိုရေးဝတ္ထုရှည် (စ/ဆုံး)ကဏ္ဍများပါရှိပြီး သန်းထွန်းဦး(စလေ)၊ မင်းယုဝေ၊ ချစ်စုအောင်၊ ဇာနည်၊ တင့်ထွန်း(ချောက်) စသည့် ကဗျာဆရာများ၊ ဦးကြွယ်၊ သူရမိုး(မှော်ဘီ)၊ အောင်ကျော်၊ မောင်တင်ယု ဟူသည့် ကာတွန်းဆရာများ၊ မောင်သန်းဆွေ(ထားဝယ်)၊ ဒေါက်တာစိန်မြင့်၊ မောင်သာ(ရွှေဟောင်းသုတေသန)၊ ဥဩ(ချယ်ရီမြေ)၊ ရွှေကူမေနှင်း၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ပုသိမ်အောင်သန်းဦး၊ ညိမ်းညို၊ မြေလတ်မောင်မြင့်သူ၊ မန်းတင့်မော် စသည့် စာရေးဆရာများ ပါဝင်ရေးသားထားကြသည်။

ယခုလထုတ်မဂ္ဂဇင်းပါ ယင်းမာ၏ စည်းရိုးဝတ္ထုတိုမှ ကောက်နုတ်ဖော်ပြရလျှင် "အမယ်လေး ကိုရယ်၊ ဘယ်လိုလူကများ အဆိပ်ကျွေးတာပါလိမ့်၊ ရက်စက်လိုက်ကြတာ" "ဖြစ်နိုင်တာကတော့ အိမ်ထဲကို ဝင်ချင်တဲ့သူပဲပေါ့။ နက်ကျော်မတို့သားအမိက ခြံဝမှာအမြဲစောင့်နေတော့ အလွယ်တကူဝင်မရလို့လေ" "မနေ့ညက နက်ကျော်မ တအားဟောင်လို့ မအိပ်ကြရဘူးလေကိုရဲ့" "အဲဒါ သူရဲ့နောက်ဆုံးခွန်အားနဲ့ သစ္စာစောင့်သိမှုထင်ပါရဲ့ ခင်ရယ်။ အဆိပ်မိထားပေမဲ့ သူခိုးတွေ ဝင်လာတာကို ကိုတို့သိအောင်လို့ တအားဟောင်ပြခဲ့တာပေါ့. . .။

စာ-၁၃၉ မှ

ယခုစာအုပ်ကို အုပ်ရေ ၉၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

## မြဝတီရသစုံမဂ္ဂဇင်း ထွက်ရှိလာ




မြဝတီစာပေတိုက်က ထုတ်ဝေသော ဇွန်လထုတ် မြဝတီမဂ္ဂဇင်း ထွက်ရှိလာပြီဖြစ်သည်။ ယခုလထုတ်မဂ္ဂဇင်းကို သပ်သပ်ရပ်ရပ် ခံ့ခံ့ညားညား ကလောင်အင်အား ပြည့်ပြည့်ဝဝ သုတရသမျှတစုံလင်သစ်လွင်တောက်ပသော ဆေးရောင်စုံများဖြင့် ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းတွင် စာတည်းစာမျက်နှာ၊ တောသားကြီး လူနိုင်၊ သန်းအောင်(အညာမြေ)၊ အောင်ထွန်းလင်း(ချောက်)၊ ချစ်စုအောင်၊ ကျော်စွာသူ(သာယာဝတီ)၊ နေမင်းသန်း(မဲခေါင်စာပေဆုရ) စသည့်ကဗျာဆရာများ၏ ကဗျာများ၊ ဒွေးကြည်(စလင်း)၊ မောင်နေခြည်(ပြည်)၊ ကိုကိုပံသူ(ပခုက္ကူ တက္ကသိုလ်)၊ ဇော်လွင်ဦး(ဟသ်ာတ) စသည့် စာရေးဆရာများ၏ သုတ၊ ရသဆောင်းပါးများ၊ မယ်အိ၏ တွေ့ဆုံမေးမြန်းကဏ္ဍ၊ အိုကြင်ရာ၊ အေအမ်တီတို့၏ ပြည်ပအနုပညာကဏ္ဍ၊ အိမ်ကြီးမောင်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်းပါး၊ ကိုငြိမ်းငယ်(ကျွန်းဒေါင့်)၏ ကျန်းမာရေးဆောင်းပါး၊ ဥဩ(ချယ်ရီမြေ)၊ ညိမ်းညို ဟူသည့်စာရေးဆရာများ၏ရသစာတမ်းများ၊ မောင်ပေါလု၏စာအုပ်စင်ကဏ္ဍ၊ ရဲရင့်မင်း(ကွမ်းခြံကုန်း)၏ မြဝတီပွင့်သစ်ဝတ္ထုတို၊ မောင်ခြိမ့်၊ ညွှန့်ဝင်း(နတ်တလင်း)၊ ဗကျော်(နေပြည်တော်) စသည့် စာရေးဆရာများ၏ ဝတ္ထုတိုများ၊ ဝင်းဇော်(သုံးဆယ်)၏ ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)နှင့် ကာတွန်းများကို ဖတ်ရှုနိုင်မည်ဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းပါ သက်နှင်းညို၏ ကြယ်တစ်ပွင့်၏ဖြစ်တည်ရာ ဝတ္ထုတိုမှ ကောက်နုတ်ဖော်ပြရလျှင် "ဗိုလ်မှူးအိုက်ပန်ကိုတွေ့ပြီ" ရဲဘော်သတင်းပို့သောနေရာဆီသို့ အပြေးကလေးသွားမိ၏။ တွေ့လိုက်ရသည်က ခွေခေါက်နေသော၊ အဝတ်အစားမဲ့နေသည့်ခန္ဓာကိုယ်တစ်ခု။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကို ကြိုးဖြင့်တင်းကျပ်စွာစည်းနှောင်ထား၏။

စာ- ၁၃၁ မှ

ယခုစာအုပ်ကိုအုပ်ရေ ၈၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

## သုတအလင်းမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ




မြဝတီစာပေတိုက်က ထုတ်ဝေသော ဇွန်လထုတ် သုတအလင်း မဂ္ဂဇင်းထွက်ရှိလာပြီဖြစ်သည်။ ယခုလထုတ်မဂ္ဂဇင်းတွင် သုတအလင်း၏မူဟန်အတိုင်း စာဖတ်သူတို့ သုတဖြစ်ဖွယ်ရာ အကြောင်းအရာများကို အလေးကဲကာ စီစဉ်တင်ဆက်ထားကြောင်း တွေ့ရသည်။

ယခုလထုတ် မဂ္ဂဇင်းတွင် လောကနီတိ၊ စာတည်းစာမျက်နှာ၊ ထူးဆန်းထွေလာ၊ နိုင်ငံရေး၊ စစ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု၊ မျက်နှာဖုံးဆောင်းပါး၊ နိုင်ငံတကာသုတ၊ သုတလစဉ်၊ ကျန်းမာရေး၊ ခရီးသွားဆောင်းပါး၊ စာပေ၊ ယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိ၊ မွေးမြူရေး၊ အထွေထွေဗဟုသုတ၊ စိုက်ပျိုးရေး၊ ကဗျာ၊ ကာတွန်း၊ အကြောင်းအရာစုံ၊ ရှုထောင့်အစုံ၊ ကလောင်အင်အား စုံစုံလင်လင် ပါဝင်ကြောင်းတွေ့ရသည်။

ယခုလထုတ်မဂ္ဂဇင်းပါ နှင်းအိ(ရာမညမြေ)၏ ဆေးဖက်ဝင်တန်ဖိုးကြီး ရှားပါးသည့် ငါးကြီးအန်ဖတ်ဆောင်းပါးမှ ကောက်နုတ်ဖော်ပြရလျှင် ငါးကြီးအန်ဖတ်ဟု ခေါ်ဆိုကြသော အဆိုပါအကျိအချွဲများသည် အန်ရင်းနှင့်လည်း ထွက်လာနိုင်သလို မစင်နှင့်အတူ စအိုပေါက်ကနေ စွန့်ထုတ်လိုက်ခြင်းဖြင့်လည်း ထွက်လာနိုင်သည်ဟု ဆိုကြသည်။ ဝေလငါးကိုယ်ထဲမှ ထွက်လာပြီးသည့်နောက် သမုဒ္ဒရာရေမျက်နှာပြင်တွင် နှစ်ပေါင်းများစွာမျောနေပါသေးသည်။ ထိုသို့မျောနေစဉ်အတွင်း နေရောင်ခြည်နှင့် ကြာမြင့်စွာ ထိတွေ့သည့်အခါ အောက်ဆီဂျင်နှင့်ပေါင်းပြီး အရောင်မည်းလာကာ မာကျောလာပါသည်။ ထိုအခါတွင် ငါးကြီးအန်ဖတ်မှာ အရက်ပြန်လက်သန့်ဆေးရည်ထဲမှာပါသည့် Isopropyl Alcohol ကဲ့သို့ အနံ့မျိုးရှိလာပါသည်။ သို့သော်လည်း အရက်ပြန်လိုလည်း အနံ့စူးရှခြင်းမျိုးမရှိပေ။

စာ-၁၃၆ မှ

ယခုလထုတ် မဂ္ဂဇင်းတွင် ပြည်တွင်းနှင့် နိုင်ငံတကာ သုတအဖြာဖြာကို လေ့လာဖတ်ရှုနိုင်ကြမည်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

## ဇရာကိုရင်ဆိုင်ခြင်းအနုပညာ ပုံနှိပ်ထုတ်ဝေ




သုတစွယ်စုံစာပေက ထုတ်ဝေသော ဒေါက်တာတင်ထွန်းဦး၏ ဇရာကိုရင်ဆိုင်ခြင်းအနုပညာ စာအုပ်ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အမှာစာတို့ ပါဝင်ပြီး အမှာစာမှ ကောက်နုတ်ဖော်ပြရလျှင် ယခုအခါမိမိကိုယ်တိုင် အသက် ၇၀ နှစ်ပြည့်ခါနီးဖြစ်လာပြီး ဇရာ၏ပြောင်းလဲမှုများကိုစတင်ရင်ဆိုင်ကြုံတွေ့လာနေရပြီ ဖြစ်သဖြင့် မိမိကိုယ်တိုင်သာမကစာဖတ်ပရိသတ်များကိုလည်း အနာရောဂါကင်းရှင်း၍ ကျန်းကျန်းမာမာ အသက်ရှည်ရှည်နေနိုင်ပြီး ဇရာကို အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ရင်ဆိုင်နိုင်စေရန် ရည်ရွယ်ကာ ယခုစာအုပ်ကို မဖြစ်မနေအချိန်ယူ၍ ရေးသားပြုစုလိုက်ရပါသည် စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် ခေါင်းစဉ် ၁၈ ခုပါဝင်ပြီး ခေါင်းစဉ်တစ်ခုချင်းစီကို ခေါင်းစဉ်ငယ်တစ်ခုချင်းစီဖြင့် ရှင်းလင်းဖော်ပြထားကြောင်း တွေ့ရသည်။ ယခုစာအုပ်ပါ အသက်ကို ဉာဏ်စောင့်မှ ကောက်နုတ်ဖော်ပြရလျှင် အသက်ကို ဉာဏ်စောင့်ဆိုသည့် စကားနှင့်အညီ ကျန်းမာရေးကိုအထူးဂရုစိုက်ပါ။ အရိုးကျိုးလွယ်သဖြင့် ချော်မလဲရန်၊ လိမ့်မကျရန် အထူးသတိပြုပါ။ လှေကားအတက်အဆင်း၊ ရေချိုးခန်းအဝင်အထွက် အထူးဂရုပြုပါ။ လှေကားအတက်အဆင်းတွင် လက်တန်းကိုကိုင်၍ တက်ဆင်းပါ။ အိမ်တွင်း၌ပစ္စည်းများကို မခိုက်မိစေရန် ရှင်းရှင်းလင်းလင်းထားပါ။ အလင်းရောင်လုံလုံလောက်လောက်ရှိရန်လည်း လိုအပ်ပါသည်။ ကြမ်းပြင်များ၊ ရေချိုးခန်းများ ချောမနေအောင် ပြုပြင်ထားပါ။ အိမ်တွင် ချော်မလဲအောင် ဖိနပ်စီးသင့်က စီးပါ။ ကုလားထိုင်များ နောင်ပြန်မလဲအောင် သတိထားပါ။ ဖြစ်နိုင်ပါက ရေချိုးကန်အစား ရေပန်း၊ ရေတိုင်ကီတို့ဖြင့်သာ ရေချိုးပါ။ လမ်းလျှောက်ရာတွင် လမ်းလျှောက်တုတ်ဆောင်၍ အသုံးပြုပါ။

စာ- ၁၈၁ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်
ထွန်းဦးစာပေက
ဖံ့ဖိုးသည်

# ရှမ်းပြည်နယ်မှထုတ်လုပ်သည့် ဝဥကြာဆံခြောက်များ ဈေးကွက်တွင်ကျယ်စွာ အရောင်းသွက်နေ



**တောင်ကြီး ဇွန် ၂၀**

ရှမ်းပြည်နယ်မှထုတ်လုပ်သည့် ဝဥကြာဆံခြောက်များ ပြည်တွင်းဈေးကွက်၌ တွင်ကျယ်စွာအရောင်းသွက်နေကြောင်း ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၏ ဇွန် ၁၉ ရက်သတင်းများအရသိရသည်။

ရှမ်းပြည်နယ်တွင် ဝဥကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နေပြီး ပြည်ပသို့တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ဝဥများကို ပြည်ပသို့ တင်ပို့ရာတွင် ဝဥခြောက်၊ ဝဥမှုန့်များ ပြုလုပ်တင်ပို့ရောင်းချပေးနေခြင်းဖြစ်ပြီး ယခုအခါ ရှမ်းပြည်နယ်ဒေသထွက်ဝဥများကို အဆင့်မြင့်စားသောက်ကုန်အဖြစ် ဝဥကြာဆံခြောက်များ ပြုလုပ်ရောင်းချလာခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဝဥကြာဆံများကို ရှမ်းပြည်နယ်ဒေသတွင် လွန်ခဲ့သည့် နှစ်နှစ်ခန့်မှ စတင်ထုတ်လုပ်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ဝဥကြာဆံသည် တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံတို့အပါအဝင် အာရှနိုင်ငံအများစု၌ အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်းများတွင်လူကြိုက်များပြီး Zero Noodle(သုညခေါက်ဆွဲ)အမည်ဖြင့် နာမည်ကျော်ကြားနေသည့် အစားအစာ တစ်ခုဖြစ်ကြောင်း သိရသည်။

ဝဥကြာဆံသည် အဆီဓာတ်၊ သကြားဓာတ်များ မပါရှိသောကြောင့် ကိုယ်တွင်းအချိုဓာတ်များလျော့ကျစေပြီး ဝမ်းချုပ်သူများ၊ သွေးတိုး၊ ဆီးချိုရှိသူများ၊ ကိုယ်အလေးချိန်ထိန်းလိုသူများအတွက် အထူးသင့်လျော်သော ကျန်းမာရေးဓာတ်စာအဖြစ် ဝယ်ယူစားသုံးခဲ့ကြကြောင်း၊ ထို့ပြင် ဝဥကြာဆံကို မိမိတို့နှစ်သက်ရာ အသား၊ အသီးအရွက်များဖြင့် ကြော်စားခြင်း၊ ပြုတ်စားခြင်း၊ သုတ်စားခြင်းများ ပြုလုပ်နိုင်ပြီး ခေါက်ဆွဲသုပ်၊ ခေါက်ဆွဲပြုတ်၊ ခေါက်ဆွဲကြော်ကဲ့သို့ ပြုလုပ်စားသုံးနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ဒေသတွင်း စားသုံးသူ မြင့်တက်လာကာ အရောင်းအဝယ်သွက်လာခဲ့ပြီး ယခုအခါ ရန်ကုန်မြို့ထိ တင်ပို့ရောင်းချပေးနေကြောင်း သိရသည်။

လက်ရှိ ရှမ်းပြည်နယ်ဒေသတွင်း ဈေးကွက်များတွင် ဝဥကြာဆံ ရိုးရိုးတစ်ခွေလျှင် ငွေကျပ် ၅၀၀ မှ ၇၀၀ ထိလည်းကောင်း၊ ဝဥကြာဆံ (မာလာအရသာ)၊ (အစပ်အရသာ) များဖြင့် ထုတ်လုပ်သောအသင့်စား ခေါက်ဆွဲထုပ်၊ ဘူးများကို ထုပ်ပိုးမှုအရွယ်အစားအလိုက် တစ်ထုပ်၊ တစ်ဘူးလျှင် ငွေကျပ် ၁၅၀၀ မှ ၃၀၀၀ ထိလည်းကောင်း အသီးသီး ပေါက်ဈေးရှိကြောင်း သိရသည်။

**ချမ်းချမ်း**

# စလင်းမြို့နယ် တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇွန် ၂၀**

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုစေရန်ရည်ရွယ်၍ တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ဆွေဝင်လှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းပုံစံများ ဖြည့်သွင်းရာတွင် လိုက်နာရန်အချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ၏ တာဝန်များကို ဆွေးနွေးပြောကြားပြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တလင်းကြီးကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၃၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တလင်းကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သောအိမ်ထောင်စု ၁၄ စုကို ငွေကျပ် ၅ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု ၁၄၈ စုကို ငွေကျပ် ၃၄ ဒသမ ၇ သန်း စုစုပေါင်း အိမ်ထောင်စု ၁၆၂ စုကို ငွေကျပ် ၄၀ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**ငယ်လေး**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၅၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၄၅ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၇၀၀ |
| 95 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၀ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၃၀၀ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၆၀ | ၂၁၀၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၀၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၆၀ | ၂၁၀၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၀၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၁ | ၁၉၈၃ |
| 95 Ron | ၁၉၉၈ | ၂၀၇၂ |
| HSD (500 ppm) | ၁၈၈၂ | ၁၉၅၀ |
| HSD (50 ppm) | ၁၉၅၆ | ၂၀၂၅ |
| HSD (10 ppm) | ၁၉၅၆ | ၂၀၂၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ
အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ
အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊
မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ
နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊
ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်၊

ခန်းမလှုဝင်ဆံ့မှုလူဦးရေ(၁၂၀၀)(စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး
အခင်းအနေအထားများနှင့်ဖျော်ဖြေရေးပွဲများအတွက်
လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။



ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




မြင့်စာနာဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

## အမည်မှန်

မန္တလေးပြည်ကြီးတံခွန်မြို့နယ်၊ H-154၊ (ဈ)ရပ်ကွက်နေ ဦးထွန်းဝင်း-ဒေါ်အေးအေးမော် တို့၏သား မောင်ဘုန်းပြည့်စုံမင်း ၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ မောင်ဘုန်းပြည့်စုံ ဖြစ်ပါကြောင်း။

**မောင်ဘုန်းပြည့်စုံ**
**(၉/ပကခ(နိုင်)၀၆၃၀၈၇)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးအမရပူရမြို့နယ်၊ဘုံးအိုးကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ဘုံးအိုး)တွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြဆရာမ ဒေါ်သွယ်သွယ်စန်း (၉/မတရ(နိုင်)၁၅၇၃၇၄) ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ ၂၀-၅-၁၉၉၀ ဖြစ်ပါကြောင်း။

**၂၀-၅-၁၉၉၀**

## အမည်ပြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်(၁၄၄)နေ ဦးကျော်စွာဝင်း (၅/ကနန(နိုင်)၀၆၂၂၀၁)-ဒေါ်ဇာဇင်ဂျူး (၉/မဟမ(နိုင်)၀၃၇၀၁၇)တို့၏ သမီး မမေယွန်းသွယ် အား မသွန်းနန္ဒာအောင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မသွန်းနန္ဒာအောင်**

## အမည်ပြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၂၉×၃၀ ကြား၊ အကွက် (၅၈၈)နေ ဦးကျော်နိုင်ထွန်း (၉/ခအဇ(နိုင်)၀၂၇၅၅၆)-ဒေါ်စံစပါယ် (၉/ခအဇ(နိုင်)၀၁၁၅၆၀) တို့၏သား မောင်ထွဋ်ပြည့်စံ အား မောင်ဘုန်းထက်နိုင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းထက်နိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမဟ္တရာမြို့နယ်၊အလက(ခွဲ)(မာရဘင်)တွင် တာဝန်ထမ်းဆောင်နေသော ဒု-အလယ်တန်းပြ ဒေါ်ခင်စန်းထွေး သည် အမှုထမ်းစာအုပ်တွင်ပါရှိသော ဒေါ်ခင်စန်းထွေးနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တွင်ပါရှိသော ဒေါ်ခင်စမ်းထွေး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်စန်းထွေး(ခ)ဒေါ်ခင်စမ်းထွေး (၉/မရတ(နိုင်)၁၀၇၂၅၂)**

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ ၃၅-၃၆×၈၇-၈၈ ကြားနေ မောင်မိုးမောင် (ဘ) ဦးခင်မောင် (၁၃/ကလန(နိုင်)၀၆၈၂၉၂) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-876602) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၀၂၈၂၆၇**

## ပျောက်ဆုံးကြောင်း

ဟသီဟာမြို့နယ်နေ မစင်မာ (ဘ) ဦးကျော်ခင် (၁၄/ဟသတ(နိုင်)၃၃၈၃၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-380399)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၇၂၁၆၂၇၀၄

## ပျောက်ဆုံးကြောင်း

ဘိုကလေးမြို့နယ်နေ ကျော်မျိုးဦး (ဘ) ဦးမြမိုး (၁၄/ဘကလ(နိုင်)၃၄၀၅၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-848649)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၁၂၄၃၃၅၇

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြတ်မင်းဟိန်း (ဘ) ဦးမျိုးမင်း (၉/ခအဇ(နိုင်)၀၅၇၅၈၄)၊ ချမ်းအေးသာစံမြို့နယ်၊ ၆၆လမ်း၊ ၂၇×၂၈လမ်းကြားနေထိုင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-639788) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၀၂၅၂၃**

## ပျောက်ဆုံးကြောင်း

အရာတော်မြို့နယ်နေ မဥမ္မာဧမွေး (ဘ) ဦးကျော်ဝင်း (၅/အရတ(နိုင်)၁၅၄၃၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-534998) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၀၁၁၄၉၈၁

ရန်သူ မီးဘေး တားဆီးရေး မနေး ဆောင်ရွက်ကြ

သင့်သွေးဖြင့် အသက်ကယ်ပါ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၄)၊ (ယ/၅)၊ အိမ်အမှတ်(၁၉)နေ ကျွန်တော် ဦးထွန်းဇော်-ဒေါ်အေးအေးမိုး တို့၏သားဖြစ်သူ **မောင်အောင်သူရ (၉/ခမစ(နိုင်)၀၈၄၉၁၅)** သည် မိဘပြောစကားနားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှ ၎င်းသဘောဆန္ဒအတိုင်း ထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**မိဘများ-ဦးထွန်းဇော်+ဒေါ်အေးအေးမိုး**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုတာ၊ နိုင်ငံတိုင်းရဲ့ လိုလားချက်၊ မျှော်လင့်ချက်ဖြစ်ပါတယ်။ ဒီလိုလားချက်၊ မျှော်လင့်ချက်ကို ကျွန်တော်တို့ အချိန်အဟုန်မြှင့်တင် ဖြည့်ဆည်းကြပါမယ်။ ကျွန်တော်တို့တစ်တွေ လုံ့လဝီရိယခွန်အားစိုက်ထုတ်ဆောင်ရွက်ဖို့သာလိုပါတယ်။ ဆန္ဒကြီးခြင်းဖြင့် ကျွန်တော်တို့ ကြံသမျှပြီးရပါမယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# "မြတ်မောင်" စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့်ဖြစ်စဉ်မှတစ်ဆင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသည့် တွံတေးမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၈ ရက် ညနေပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မဓာဝီလမ်းရှိ "မြတ်မောင်"စိန်ရွှေရတနာဆိုင်သို့ အကြမ်းဖက်သမား ၃ ဦးမှရောက်ရှိလာပြီး ရွှေဆိုင်ကောင်တာအတွင်းရှိ **ရွှေထည်ပစ္စည်းမျိုးစုံ**အား သေနတ်ပြခြိမ်းခြောက်ဓားပြတိုက်လုယက်ခဲ့သည့်တရားခံများနှင့် ဆက်စပ်တရားခံ ကျား ၈ ဦး၊ မ ၁ ဦး၊ ပေါင်း ၉ ဦးတို့အား လက်နက်/ခဲယမ်းမျိုးစုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ရွှေထည်ပစ္စည်းများအား ဖြစ်စဉ်ဖြစ်ပွားပြီး ၅ နာရီအတွင်း ပြန်လည်သိမ်းဆည်းရမိခဲ့သည့်သတင်းအား ဇွန်လ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါဓားပြတိုက်လုယက်မှုဖြစ်စဉ်မှတရားခံများအား စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ **ဖြိုးကိုကို**သည် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် KNLA တပ်မဟာ(၆)နယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းအားလည်းကောင်း၊ **ကိုကိုအောင်၊ ကောင်းမြတ်၊ ကျော်ဇင်ဝေ**နှင့် **ကောင်းထက်စံ**တို့ ၄ ဦးသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် တွံတေးမြို့နယ်၊ ဂယက်လက်မီးကျေးရွာတွင် တွံတေးမြို့ပြပြောက်ကျားအမည်ခံအကြမ်းဖက်အဖွဲ့မှ ဖွင့်လှစ်သည့် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းအားလည်းကောင်း အသီးသီးတက်ရောက်ခဲ့ကြောင်းနှင့် တွံတေးမြို့ပြပြောက်ကျားအမည်ခံအကြမ်းဖက်အဖွဲ့အား ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဖမ်းဆီးရန်ကျန် တရားခံ **ဆံရှည်(ခ)ကိုထက်**နှင့် **ချမ်းမြေ့အောင်** တို့မှ ခေါ်ငင်းဆောင်၍ **ကိုကိုအောင်၊ ဖြိုးကိုကို၊ ကောင်းမြတ်၊ ကျော်ဇင်ဝေ၊ ကျော်ဇင်လတ်၊ ကောင်းထက်စံ** အပါအဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**စာမျက်နှာ ၂၁ ကော်လံ ၁ ☆**



တွံတေးမြို့နယ်နှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှု (၁၀) ကြိမ်၊ ဓားပြတိုက်လုယက်မှု (၃) ကြိမ်ကျူးလွန်ခဲ့ပြီး အပြစ်မဲ့ပြည်သူများအား ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် တွံတေးမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင် တရားခံ ဖြိုးကိုကို။



**သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ - ၁၇

**မြန်မာ့ပင်လယ်ပြင်အတွင်း စက်ပျက်မျောပါနေသော ကုန်တင်ရေယာဉ်တစ်စီးကို တပ်မတော်(ရေ)မှ ကူညီကယ်ဆယ်**

စာမျက်နှာ - ၁၈

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**
**(၂၀-၆-၂၀၂၃)**

| | | | | |
|---|---|---|---|---|
| မော်လမြိုင် | ၃ | ဒသမ | ၂၃ | လက်မ |
| ဖြူး | ၃ | ဒသမ | ၀၇ | လက်မ |
| ဗို | ၂ | ဒသမ | ၉၅ | လက်မ |
| လပွတ္တာ | ၂ | ဒသမ | ၉၅ | လက်မ |
| မိုးကောင်း | ၂ | ဒသမ | ၆၀ | လက်မ |
| သထုံ | ၂ | ဒသမ | ၅၂ | လက်မ |
| ဖျာပုံ(?) ဖျာ | | | | |

ကျန်းမာသန့်ရှင်း ပိုးမွှားကင်းပြီး လန်းဆန်းမွှေးပျံ့စေတာ
ကြာပန်းတံဆိပ် "PADONMAR" ဆပ်ပြာ...
ပေါင်မြို့နယ်၊ မွန်ပြည်နယ် 09 781 848 699 , 09 793 732 616 သို့
လက်လီ၊ လက်ကား မှာယူအားပေးနိုင်ပါပြီ...



PADONMAR
ရေမှာ "ကြာ"၊
ဆပ်ပြာမှာ "ပဒုမ္မာ"